ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။ ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် ၁၃ ရက်၊ သောကြာနေ့။ Friday 4 January 2019 ၉၅၂၁

# တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်မှုဖြင့် သင့်လျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ကြရမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ**
**(၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ**
**(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)**

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူများ ခင်ဗျား-**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ဖြစ်သည့် ဤနေ့ထူးနေ့မြတ်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများအားလုံး ကောင်းကျိုးချမ်းသာမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

သမိုင်းကြောင်းတစ်လျှောက် ကိုယ့်ထီးကိုယ့်နန်းနှင့် နေထိုင်ခဲ့သည့် မြန်မာနိုင်ငံအား အင်္ဂလိပ်ကိုလိုနီနယ်ချဲ့တို့က ၁၈၂၄၊ ၁၈၅၂၊ ၁၈၈၅ ခုနှစ်များတွင် ကျူးကျော်စစ်သုံးကြိမ်ဆင်နွှဲခဲ့ရာ ၁၈၈၅ ခုနှစ် နိုဝင်ဘာလတွင် မြန်မာတစ်နိုင်ငံလုံး လွတ်လပ်ရေးဆုံးရှုံးခဲ့ရပါသည်။ လွတ်လပ်ရေးပြန်လည်ရရှိရန်အတွက် လမ်းစရှာကြံ လမ်းစဉ်ညွှန်ပြခဲ့ပြီး သတ္တိဗျတ္တိနှင့်ပြည့်စုံသော အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး၊ တပ်မတော်ဖခင်ကြီး၊ လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်လျက် ထက်မြက်သောမျိုးချစ်ခေါင်းဆောင်ကြီးများနှင့်တကွ တောင်တန်းမြေပြန့်မကျန် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး မဆုတ်မနစ်သော ဇွဲလုံ့လဝီရိယတို့ဖြင့် အသက်သွေးချွေးမြောက်မြားစွာ ရင်းနှီးပြီး တိုက်ပွဲဝင်ခဲ့ကြရပါသည်။ ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုအင်အားစွမ်းပကားကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ(၄)ရက်နေ့တွင်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

# အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃**

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ ရှေ့လုပ်ငန်းစဉ် ညှိနှိုင်းအစည်းအဝေး (၁/၂၀၁၉)ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

**ပေါင်းစပ်ညှိနှိုင်း**

ဒုတိယသမ္မတက အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီကို ပြန်လည်ဖွဲ့စည်းပြီးနောက် ယခုအကြိမ်အပါအဝင် အစည်းအဝေး(၉)ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း၊ ကော်မတီအနေဖြင့် ရေနှင့်ဆက်နွှယ်သည့် ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန်၊ ရေအရင်းအမြစ်များကို ထိရောက်စွာ စီမံခန့်ခွဲရေးနှင့် အကျိုးရှိစွာ အသုံးချနိုင်ရန်၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ထိရောက်အကျိုးရှိစွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အထောက်အကူပြုနိုင်ရန်၊ ရေအရင်းအမြစ်ကဏ္ဍဆိုင်ရာ

**စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်ညှိနှိုင်းအစည်းအဝေး(၁/၂၀၁၉)တွင် အဖွင့်အမှာစကားပြောကြားစဉ်။

## (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုပါ၏။

KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# ကြေးမုံ

## လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်

ယနေ့သည် ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့ဖြစ်သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး လွတ်လပ်ရေးရရှိခဲ့သည့် (၇၁)နှစ်ပြည့်နေ့ဖြစ်သည်။ ဤနေ့ဤအခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများသည် လွတ်လပ်ရေး၏ အနှစ်သာရဖြစ်သည့် ဒီမိုကရေစီအခွင့်အရေးများနှင့်အညီ လွတ်လပ်ပျော်ရွှင်စွာ နေထိုင်ကြသည်။

ဤသို့ လွတ်လပ်ပျော်ရွှင်စွာဖြင့် နေထိုင်လုပ်ကိုင်ခွင့်ရနေကြသည်မှာ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နေသော အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်နေသောကြောင့်တည်း။ ဒီမိုကရေစီစနစ်အကောင်အထည်ပေါ်လာခြင်းသည် လွတ်လပ်ရေး၏အနှစ်သာရကို ဖော်ဆောင်နိုင်သောကြောင့်ဖြစ်သည်။ ထိုသို့လွတ်လပ်ပြီ၊ ဖော်ဆောင်ပြီဆို၍လည်း မေ့မေ့လျော့လျော့ မနေသင့်ပေ။ သင်ခန်းစာယူဖွယ် သမိုင်းကြောင်းများ၊ ပထဝီနိုင်ငံရေးအခြေအနေများနှင့် မျက်မှောက်ကာလ နိုင်ငံတကာအခြေအနေတို့ကိုလည်း ဆင်ခြင်သုံးသပ်ကြည့်ရမည်။ သို့မှသာ ရရှိပြီးသော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းစောင့်ရှောက်နိုင်မည် ဖြစ်သည်။

မြန်မာနိုင်ငံသည် ဒေသတွင်းနိုင်ငံများနှင့် မတူညီသောအခြေအနေတွင် ကိုယ်ပိုင်အနေအထား၊ ကိုယ်ပိုင်စွမ်းအားများနှင့် သီးသီးသန့်သန့်ရပ်တည်နေသောသဘောရှိသဖြင့် တစ်ဦးနှင့်တစ်ဦး ယုံယုံကြည်ကြည်၊ သင့်သင့်မြတ်မြတ်၊ စည်းစည်းလုံးလုံး နေထိုင်ကြရမည်ဖြစ်သည်။ လွတ်လပ်ရေး ကြိုးပမ်းစဉ်ကာလက ကိုယ့်ကြမ္မာကိုယ်ဖန်တီးရမည်ဟု အမျိုးသားခေါင်းဆောင်ကြီး လမ်းညွှန်ချက်နှင့်အညီ လွတ်လပ်ရေးရရှိပြီးနောက် မျက်မှောက်ကာလတွင် မိမိတို့နိုင်ငံ၏ကံကြမ္မာကို မိမိတို့ကိုယ်တိုင်ဖန်တီးနေသည်ကို တွေ့ရှိရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ပထဝီဝင်အနေအထားအရ အင်အားကြီးနိုင်ငံကြီးနှစ်နိုင်ငံအကြားတွင်တည်ရှိပြီး အရှေ့တောင်အာရှနှင့် တောင်အာရှနိုင်ငံများအကြားတွင် ပေါင်းကူးတံတားသဖွယ်ရပ်တည်နေသော အရေးပါသည့် နိုင်ငံဖြစ်သည်။ ဘာသာ၊ လူမျိုး၊ ယဉ်ကျေးမှုဓလေ့ထုံးစံများမှာလည်း အခြားနိုင်ငံများနှင့်မတူ ကွဲပြားသည့်နိုင်ငံဖြစ်သည်။ ထိုမတူကွဲပြားသည့်အခြေအနေများကြားမှပင် ဥမကွဲသိုက်မပျက်ဘဲ လွတ်လပ်ရေးကို အရယူနိုင်ခဲ့သည်။ တိုင်းရင်းသားလူမျိုးစုပေါင်းတစ်ရာကျော် စုစည်းနေထိုင်သောပြည်ထောင်စုနိုင်ငံကြီးတွင် ညီညွတ်မှုကိုဦးတည်သော ဖွဲ့စည်းမှုကိုတည်ဆောက်ခဲ့သည်။

စည်းလုံးညီညွတ်ရေးကို ဦးစားပေး၍ လွတ်လပ်ရေးကို အရယူခဲ့သည်။ လွတ်လပ်ရေးရရှိသောအခါ ယုံကြည်မှုနှင့် အယူဝါဒကွဲပြားမှုအမျိုးမျိုးတို့ကြောင့် မငြိမ်းချမ်းမှု အမွေဆိုးများကို ယနေ့ထက်တိုင်ကြုံတွေ့နေရသည်။ လွတ်လပ်ရေးရယူချိန်၊ လွတ်လပ်ရေးရရှိပြီးချိန်နှင့် မျက်မှောက်ကာလ ပြည်တွင်းနှင့် နိုင်ငံတကာ အခြေအနေအကြောင်းအရာများကို နိုင်ငံသူ နိုင်ငံသားများ မျက်ခြည်မပြတ် သိရှိနားလည်ထားရန် လိုအပ်သည်။ လွတ်လပ်သည့်နိုင်ငံ၏ ရည်မှန်းချက်ပန်းတိုင် မပျောက်ပျက်အောင် ဦးတည်ကြိုးပမ်းကြရန် လိုအပ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံသမိုင်းကြောင်းတစ်လျှောက် ဖြစ်ပျက်ခဲ့သော ကောင်းကျိုး၊ ဆိုးပြစ် ဟူသမျှတို့ကို ပစ္စက္ခကာလတွင် အကြောင်းတရားအဖြစ်တည်ရှိစေလျက် အနာဂတ်ကာလအတွက် အကျိုးရလဒ်ကောင်းများ ပေါ်ထွက်လာစေအောင်၊ တော်တည့်မှန်ကန်အောင် ကြိုးပမ်းအားထုတ်သင့်ပေသည်။ ယုံမှား သံသယများကို ပယ်ဖျောက်၍ နိုင်ငံတော်ရှေ့ခရီးအတွက် ကောင်းမွန်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သင့်သည်။ ယင်းသို့ဆောင်ရွက်ခြင်းသည် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းစောင့်ရှောက်ခြင်းလည်းမည်ပေသည်။

သို့ဖြစ်ရာ ယနေ့ကဲ့သို့ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် မြန်မာနိုင်ငံ၏ သမိုင်းကြောင်းတစ်လျှောက်၌ ကြုံတွေ့ခဲ့ရသည့်အခြေအနေအရပ်ရပ်တို့ကို နိုင်ငံသားအားလုံးကိုယ်တိုင်သိရှိပြီးသည့်အဖြစ်မှန်များနှင့်အညီ မျက်မှောက်ကာလနှင့်ထင်ဟပ်ပြီး မှန်မှန်ကန်ကန်ဆင်ခြင်သုံးသပ်၍ နိုင်ငံတိုးတက်ရာ တိုးတက်ကြောင်း ကြိုးပမ်းအားထုတ်ဆောင်ရွက်ကြရင်း လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ထာဝစဉ်ဆက်လက်ထိန်းသိမ်း စောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ၂၀၁၉ ခုနှစ် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး "စုပေါင်းအင်အား"ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့်သင့်လျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) နိုင်ငံသူ၊ နိုင်ငံသားများ၏ ကျန်းမာရေးနှင့် အကျင့်စာရိတ္တကို ထိခိုက်ပျက်ပြားစေသည့် မူးယစ်ဆေးဝါးသုံးစွဲမှုများကို ထိရောက်စွာ တားဆီးကာကွယ်ရေး။

(၄) တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စဉ်ဆက်မပြတ်အလေးထားဆောင်ရွက်ရေး။

(၅) ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ကြိုးပမ်းဆောင်ရွက်ချက်များကို ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးရေး။

## ယခုနှစ်တွင် မန္တလေးမြို့တွင်း လမ်းများအားလုံး မီးအလင်းရောင်ရရှိစေရန် ရည်မှန်းချက်ထား ဆောင်ရွက်သွားမည်

မန္တလေး ဇန်နဝါရီ ၃

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ မြို့တော်နေပြည်သူများအတွက် ၂၀၁၉ ခုနှစ်တွင် မန္တလေးမြို့တွင်းရှိ လမ်းများအားလုံး၌ မီးအလင်းရောင်ရရှိစေရန် လမ်းမီးတိုင်များ တပ်ဆင်ခြင်းလုပ်ငန်းကို ရည်မှန်းချက်ထား၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါကော်မတီမှ ကော်မတီဝင် ဦးကျော်ဆန်းမြင့်က ပြောသည်။



လက်ရှိတွင် ၂၀၁၈-၂၀၁၉ ဘတ်ဂျက်၌ လမ်းမီးလင်းရေးအတွက် ငွေကျပ် ၂ ဒသမ ၃ ဘီလီယံကျော်လျာထားပြီး မီးလုံး ၉၀၀၀ ကျော်နှင့် မီးတိုင်များ ဝယ်ယူကာ ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းတွင် တစ်မြို့လုံးမီးလင်းရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ကော်မတီအနေနဲ့ လမ်းမီးထွန်းတဲ့အခါမှာ ပညာရှင်တွေနဲ့အတူ Street Light Technology လို့ခေါ်တဲ့ လမ်းမီးနည်းပညာနဲ့ တွက်ချက်ပြီးမှထွန်းတာဖြစ်လို့ မကုန်ကျသင့်ဘဲ မကုန်ကျအောင်လုပ်ထားပါတယ်။ လမ်းမီးတွေကို ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းမှာ တစ်မြို့လုံးနီးပါးလင်းသွားအောင် ရည်မှန်းချက်ထားပြီး လုပ်နေတယ်။ ဘာကြောင့် ဒီလိုပြောနိုင်တာလဲဆိုရင် ကျွန်တော်တို့ကော်မတီ ဘတ်ဂျက်နဲ့ ဒီလိုလင်းသွားအောင်လုပ်ဖို့ မလွယ်ပါဘူး။ ဒါပေမယ့် အခုအလှူရှင်တွေကစပြီး လှူနေကြသလို ဆက်ပြီးလှူဖို့ ကမ်းလှမ်းတာတွေလည်းရှိတော့ အောင်မြင်မယ့်အနေအထားမှာရှိပါတယ်"ဟု ၎င်းက ပြောသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ၂၀၁၉ ခုနှစ်အတွင်း၌ အဆိုပါ လမ်းမီးလင်းရေးလုပ်ငန်းများအပြင် မန္တလေးမြို့တွင်းရှိ အဓိကလမ်းမကြီးများနှင့် လမ်းသွယ်များအားလုံးကို အဆင့်မြှင့်တင်ခင်းကျင်းခြင်း၊ အမှိုက်များ ပိုမိုသိမ်းဆည်းနိုင်ရေးအတွက် ခေတ်မီအမှိုက်သိမ်းယာဉ်များ ပိုမိုဝယ်ယူဖြည့်ဆည်းခြင်း၊ မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ယူဆောင်ရွက်နေသည့် ဈေးများအားလုံးကို အမြင်တင့်တယ်သည့် ဈေးများအဖြစ် အဆင့်မြှင့်တင်ခြင်း၊ ယင်းဈေးများရှိ ဈေးအိမ်သာများကို အဆင့်မီအိမ်သာများအဖြစ် အဆင့်မြှင့်တင်ပြုပြင်ခြင်းနှင့် မြို့တွင်း၌ အဆင့်မီ အများသုံးသန့်စင်ခန်းများ တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် မန္တလေးမြို့တွင် ယာဉ်ကြောပိတ်ဆို့မှုမရှိစေရန်နှင့် သွားလာရေးလွယ်ကူစေရန် Mobile Team အဖွဲ့များဖြင့် ဇန်နဝါရီ ၂ ရက်မှစ၍ စစ်ဆေးအရေးယူမှုများကို ဆောင်ရွက်နေပြီး ယခုနှစ် မတ်လနောက်ပိုင်းမှစ၍ မြို့ဝင်၊ မြို့ထွက်ဂိတ်များတွင် ဘီးခွန်ကောက်ခံနေမှုများကို အီလက်ထရွန်နစ်နည်းပညာဖြင့် အလိုအလျောက်ငွေကောက်ခံခြင်း၊ အလိုအလျောက်စာရင်းသွင်းခြင်းတို့ ဆောင်ရွက်သွားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇန်နဝါရီ ၃**

ရန်ကုန်(ရွှေဈေး) ၁၀၄၈၅၀၀ - ၁၀၄၈၅၀၀ မန္တလေး(ရွှေဈေး) ၁၀၄၈၅၀၀ - ၁၀၄၈၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | | မန္တလေး | |
|---|---|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၉၅/၉၀၀ | ကျပ် | ၈၈၅/၉၀၅ | ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၀၀/၈၀၀ | ကျပ် | ၈၂၅/၈၄၅ | ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၂၀/၇၁၀ | ကျပ် | ၇၃၀/၇၆၀ | ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၀၅/၉၁၀ | ကျပ် | ၉၁၀/၉၂၀ | ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၅၅/၇၈၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၆၀/၇၉၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၂၀/၆၂၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၄၂.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၄၉.၈ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၄.၇၂ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၇.၇၅၅ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၇၁.၉၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၂.၀၂၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၄၃၂.၅ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၆.၉၅ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၆၈.၉ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၂၈.၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ဇွန်လ ၁၈ ရက်နေ့တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၉၄၂၇

☆ ရှေ့ဖုံးမှ

အချုပ်အခြာအာဏာပိုင်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပေါ်ထွန်းလာကာ လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ခဲ့ပါသည်။ လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းက "× × × ဒီမိုကရေစီဝါဒသာ လွတ်လပ်ရေးနှင့် ဆီလျော်တယ်။ ဒီဝါဒသာ ငြိမ်းချမ်းရေးကိုအားပေးတယ်။ အဲဒါကြောင့် ဒီဝါဒကိုသာ ကျွန်တော်တို့ ရည်ရွယ်ရမယ် × × ×" ဟု လမ်းညွှန်ခဲ့ပါသည်။ ထို့အပြင် "× × × ကျွန်တော့် အမြင်အရဆိုယင်တော့ အထက်လူမျိုးရေးအရ ရသင့်ရထိုက်တဲ့ အခွင့်အရေးမျိုးတွေကို စည်းကမ်းသတ်မှတ်ပေးပြီးတော့ (Unitary State) လူမျိုးကြီးတစ်မျိုးတည်းဆိုတဲ့ နိုင်ငံမျိုးတော့ ထောင်လို့မဖြစ်ဘူး။ ပြည်ထောင်စုသဘောမျိုးပဲဖြစ်ရမှာဘဲ × × ×" ဟုလည်း မိန့်ကြားခဲ့ပါသည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် အင်္ဂလိပ်ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှုကြောင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အချင်းချင်းအကြား ယုံကြည်မှုများလျော့နည်းလာပြီး သံသယစိတ်များ ကြီးထွားလာကာ ပြည်တွင်းပဋိပက္ခများ မျိုးစုံပေါ်ပေါက်ခဲ့ပါသည်။ ထိုအမွေဆိုးများကို ဆက်လက်ခံယူကျင့်သုံးကြသောကြောင့် နိုင်ငံတည်ငြိမ်အေးချမ်းမှု ယိုယွင်းခဲ့ရပြီး နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုမှာလည်း နောက်ကျကျန်နေခဲ့ရပါသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေဖြင့် ခါးသီးသည့် သမိုင်းအတွေ့အကြုံများကို သင်ခန်းစာအဖြစ်ရယူကာ ကမ္ဘာ့အလယ်တွင် ငြိမ်းချမ်းသာယာဝပြောသည့်ပြည်ထောင်စုကြီးအဖြစ် ဝံ့ကြွားထည်ဝါစွာ ထာဝစဉ်တည်တံ့နိုင်ရေးအတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ စုပေါင်းအင်အားဖြင့် ဘက်ပေါင်းစုံမှ ဝိုင်းဝန်းကြိုးပမ်းသွားကြရမည် ဖြစ်ပါသည်။

## မလွဲမသွေတည်ဆောက်နိုင်မည်

ယခုအချိန်အခါသည် လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် မျိုးချစ်ခေါင်းဆောင်များ မျှော်မှန်းခဲ့သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးရည်မှန်းလျက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ကြိုးပမ်းတည်ဆောက်လျက်ရှိသော အချိန်အခါဖြစ်ပါသည်။ ထိုသို့တည်ဆောက်ရာတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ အစည်းအဝေးများကျင်းပလျက်ရှိရာ တတိယအစည်းအဝေးကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ဒီမိုကရေစီကျင့်စဉ်များ၊ ဖက်ဒရယ်အခြေခံမူများ သဘောတူညီမှုရရှိထားပြီး ဖြစ်ပါသည်။ အပြန်အလှန် ယုံကြည်မှု၊ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ အမျိုးသားပြန်လည်သင့်မြတ်မှုတို့ကို ခိုင်မာသည်ထက် ခိုင်မာအောင် တည်ဆောက်နိုင်သည်နှင့်အမျှ ငြိမ်းချမ်းသာယာဝပြောသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို မလွဲမသွေ တည်ဆောက်နိုင်မည် ဖြစ်ပါသည်။

## ခိုင်မာသည့်ယုံကြည်မှုဖြင့် ဆွေးနွေးအဖြေရှာ

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်ရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေးတို့အတွက် အဓိကလိုအပ်ချက်မှာ ယုံကြည်မှုပင် ဖြစ်ပါသည်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား သံသယစိတ်ကင်းစင်ကာ ခိုင်မာသည့်ယုံကြည်မှုဖြင့် ဆွေးနွေးညှိနှိုင်းအဖြေရှာကြရမည် ဖြစ်ပါသည်။ ယင်းမှတစ်ဆင့် တိုင်းရင်းသားအားလုံး လက်တွဲမဖြုတ်စတမ်း သွေးစည်းညီညွတ်မှုဖြင့် ဒီမိုကရေစီကျင့်စဉ်နှင့် ဖက်ဒရယ်မူများနှင့်အညီ မိမိနိုင်ငံတော်နှင့် သင့်လျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

## ရည်မှန်းချက်ပန်းတိုင်

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ သာတူညီမျှအခွင့်အရေးရရှိခြင်းနှင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ရှိခြင်းဟူသည့် အနှစ်သာရများဖြင့် ပြည့်ဝသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး ရည်မှန်းချက်ပန်းတိုင်ကို မလွဲမသွေအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် ၂၀၁၉ ခုနှစ် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့၏ အမျိုးသားရေးဦးတည်ချက် (၅)ရပ်ဖြစ်သည့်-

- ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး "စုပေါင်းအင်အား" ဖြင့် ကာကွယ်စောင့်ရှောက်ရေး၊
- ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်လျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး၊
- နိုင်ငံသူ၊ နိုင်ငံသားများ၏ ကျန်းမာရေးနှင့် အကျင့်စာရိတ္တကို ထိခိုက်ပျက်ပြားစေသည့် မူးယစ်ဆေးဝါးသုံးစွဲမှုများကို ထိရောက်စွာ တားဆီးကာကွယ်ရေး၊
- တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စဉ်ဆက်မပြတ် အလေးထားဆောင်ရွက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်ရေးနှင့် ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ ကြိုးပမ်း ဆောင်ရွက်ချက်များကို ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးရေး၊

တို့ကို အလေးအနက်ခံယူပြီး တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စုပေါင်းအင်အားဖြင့် ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ကြရန် နှိုးဆော်လိုက်ပါသည်။

## ဒီမိုကရေစီအသီးအပွင့်များ ခံစားစံစားနိုင်ကြစေရန်

နိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားပြည်သူများအားလုံး အေးချမ်းလုံခြုံစွာ ဥမကွဲ သိုက်မပျက်နေထိုင်နိုင်မည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်တည်ဆောက်ရန် လည်းကောင်း၊ ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာဝပြောရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တိုင်းဒေသကြီး ပြည်နယ်မခွဲခြားဘဲ ဒီမိုကရေစီအသီးအပွင့်များ ခံစားစံစားနိုင်ကြစေရန်လည်းကောင်း၊ မိမိတို့၏ လိုအင်ဆန္ဒများပြည့်ဝစေရေးအတွက် စိတ်ရောကိုယ်ပါ ညီညွတ်ကြလျက် ဖြူစင်သော စိတ်ထား၊ မှန်ကန်သော စေတနာတို့ဖြင့် ကြိုးပမ်းအားထုတ်ကြပါဟု ရင်းနှီးချစ်ခင်စွာ တိုက်တွန်းလျက် သဝဏ်လွှာပေးပို့လိုက်ပါသည်။

# (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ၊ အားကစားပြိုင်ပွဲများ၊ ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှု ဓာတ်ပုံပြပွဲနှင့် အဆင့်မြင့်အားကစားကွင်း၊ အားကစားရုံဖွင့်ပွဲအခမ်းအနားများ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃**

(၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ၊ အားကစားပြိုင်ပွဲများ၊ ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှုဓာတ်ပုံပြပွဲနှင့် အဆင့်မြင့် အားကစားကွင်း၊ အားကစားရုံဖွင့်ပွဲအခမ်းအနားများကို ယနေ့နံနက် ၈ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်ရှိ ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။



ဖွင့်ပွဲအခမ်းအနားကို ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိသူ ဖြူးမြို့နယ်မှ မနွယ်နီအောင်နှင့် နိုင်ငံတကာသချာ စွမ်းရည်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိသူ မောင်သွေးသွေး ထူးချွန်ကျောင်းသားတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အဖွင့်အမှာစကားပြောကြားရာတွင် ဖွင့်ပွဲအခမ်းအနားအဖြစ် ဖြူးမြို့နယ်တွင် မြို့နယ်အင်္ဂါရပ်နှင့်အညီ မြို့တော်ခန်းမ၊ အဆင့်မြင့်အားကစားကွင်း/အားကစားရုံ၊ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု ဆေးရုံစသည်တို့ အဆင့်မီစွာ ရရှိနိုင်ရေး ကြိုးစားဆောင်ရွက်ရာတွင် ယခုကဲ့သို့ အားကစားကွင်း/အားကစားရုံများ အဆင့်မီမီ အဆင့်မြင့်တင် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် အထူးဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ အားကစားသည် လူတိုင်းအတွက် အရေးကြီးသလို မြို့နယ်၊ နိုင်ငံတိုင်းတွင်လည်း အရေးကြီးသော အရာပင်ဖြစ်ပါကြောင်း၊ အားကစားပြုလုပ်ခြင်းဖြင့် ရရှိနိုင်သော အရာများမှာ အားကစားစိတ်ဓာတ်ကောင်းမွန်ခြင်း၊ စည်းကမ်းကောင်းမွန်ခြင်း၊ စည်းလုံးညီညွတ်ခြင်း စသည်တို့ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အဆင့်မြင့်တင်ပြုပြင်ထားရှိသော အားကစားကွင်း/အားကစားရုံများကို အသုံးပြု၍ ဖြူးမြို့နယ်သူ မြို့နယ်သားများအနေဖြင့် စိတ်ဓာတ်ပိုမိုကြံ့ခိုင်လာအောင်၊ စည်းကမ်းပိုမိုကောင်းမွန်လာအောင်၊ အချင်းချင်း စည်းလုံးညီညွတ်မှု ပိုမိုရရှိလာအောင် အားကစားပြုလုပ်ခြင်းဖြင့် ကြိုးစားဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ အားကစားသမားကောင်းတစ်ယောက်သည် အနိုင်မခံ အရှုံးမပေးသည့် စိတ်ဓာတ်ဖြင့် ပြိုင်ပွဲဝင်နိုင်ရန်အတွက် အချိန်မှန်အိပ်၊ အချိန်မှန်လေ့ကျင့်ပြီး ကောင်းမွန်သော စည်းကမ်းဖြင့် နေထိုင်လေ့ကျင့်ထားပြီး အားကစားသမားအသင်းဝင် အချင်းချင်း စည်းလုံးညီညွတ်မှုရှိရှိဖြင့် လျှော့ခွက်ချည်းကျန် အလံမလှဲသည့် စိတ်ဓာတ်၊ အနိုင်မခံ အရှုံးမပေးသည့် စိတ်ဓာတ်ဖြင့် ယှဉ်ပြိုင်ကစားမည့် ထိုပြိုင်ပွဲတိုင်းကို အောင်မြင်မည်ဖြစ်ပါကြောင်း။

ထိုသို့ အားကစားစိတ်ဓာတ်ကို အခြေခံပြီး လူတိုင်း လူတိုင်း လိုက်နာကျင့်သုံးနိုင်ပါက နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင်လည်းကောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်းကောင်း အရာရာအောင်မြင်နိုင်မည်ဖြစ်ပါကြောင်း။

ထို့ကြောင့် နိုင်ငံသူ နိုင်ငံသားများအနေဖြင့် မှန်ကန်သောစိတ်ဓာတ်၊ မှန်ကန်သောစည်းကမ်း၊ မှန်ကန်သော စည်းလုံးညီညွတ်မှုကို အားလုံးမွေးမြူရန် လိုအပ်ပြီး အားကစားကို လေ့လာလိုက်စားခြင်းဖြင့် အဆိုပါ အခြေခံကောင်းများ ရရှိပိုင်နိုင်မှာဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အဆိုပါအားကစားမှ ရရှိသောအခြေခံအချက်များသည် များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ဖြူးမြို့နယ် အားကစားကွင်း အဆင့်မြှင့်တင်ဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က ဖြူးမြို့နယ် အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကျပ်သိန်း ၂၀ တန်ဖိုးရှိ စားပွဲတင်တင်းနစ် ခုံသုံးလုံးနှင့် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ အားကစားပစ္စည်းများကို ပံ့ပိုးလှူဒါန်းရာ ဖြူးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးက လက်ခံရယူသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းညွန့်က ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများက တေးသီချင်းများ၊ အေရိုးဗစ်အကများဖြင့် သရုပ်ပြဖျော်ဖြေကြပြီး ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းသား ကျောင်းသူလေးများအား ဂုဏ်ပြုဆုပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများက အားကစားသမားများ လေ့ကျင့်နေမှုများနှင့် အားကစားကွင်း/အားကစားရုံအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အင်းစိန်မြို့နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား အားကစားပြိုင်ပွဲများ ဖွင့်

**ရန်ကုန် ဇန်နဝါရီ ၃**

အင်းစိန်မြို့နယ် ဒေသအားကစား ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် (TSDP) အရ ကျင်းပသည့် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား အခြေခံပညာကျောင်းပေါင်းစုံနှင့် ရပ်ကွက်ပေါင်းစုံ (ဘောလုံး/ပြေးခုန်ပစ်/ပိုက်ကျော်ခြင်း/မီနီမာရသွန်) အားကစားပြိုင်ပွဲများ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂ ရက် ညနေ ၃ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ဘူတာရုံလမ်းနှင့် ဗဟိုလမ်းထောင့်ရှိ အင်းစိန်မြန်မာ့မီးရထားဘောလုံးကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက ပြိုင်ပွဲဝင် အားကစားသမားများအား မြို့နယ်/ခရိုင်/တိုင်း အားကစားသမားများအဖြစ်မှ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများဖြစ်အောင် ကြိုးစားယှဉ်ပြိုင်ကစားသွားကြရန် အမှာစကားပြောကြားသည်။

အဆိုပါအားကစားပြိုင်ပွဲများတွင် အင်းစိန်မြို့နယ် အခြေခံပညာကျောင်း ၂၁ ကျောင်းနှင့် ရပ်ကွက် ၁၂ ရပ်ကွက်တို့မှ ပြိုင်ပွဲဝင် အားကစားသမား ၉၀၀ ဝင်ရောက်ယှဉ်ပြိုင်ကစားကြကြောင်း မြို့နယ်အားကစားမှူး ဒေါ်အေးအေးမော်က ပြောကြားသည်။

**၆၈၄**

# အမိန့်ကြော်ငြာစာများ ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇန်နဝါရီ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ဆရာတော်ကြီးများ၊ ဂန္ထဓုရပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓုရပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်းပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းပေးနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းအပ်နှင်းလိုက်သည့် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၉) ကိုလည်းကောင်း၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၉) ကို လည်းကောင်း မြန်မာနိုင်ငံ စစ်မှုထမ်းသင်္ဂဟတံဆိပ်ချီးမြှင့်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၉)ကို လည်းကောင်း၊ စစ်မှုထမ်းကောင်းတံဆိပ်ချီးမြှင့်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၁၉) ကို လည်းကောင်း၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ချီးမြှင့်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၁၉) ကိုလည်းကောင်း၊ ရဲမှုထမ်းကောင်းတံဆိပ်ချီးမြှင့်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၁၉) ကို လည်းကောင်း၊ နိုင်ငံတော်ရဲမှုထမ်းတံဆိပ်ချီးမြှင့်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၁၉) ကို လည်းကောင်း၊ ပြည်သူ့ဝန်ထမ်းတံဆိပ်နှင့် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်ချီးမြှင့်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၁၉) ကို လည်းကောင်း ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်၊ (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ထုတ်ပြန်ကြေညာလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

---

○ **အမျိုးသားအဆင့်မှ**

လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများနှင့်ပတ်သက်ပြီး အခက်အခဲများရှိပါက ထိရောက်စွာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊ ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးနိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ကော်မတီ၏ရှေ့လုပ်ငန်းစဉ် ညှိနှိုင်းအစည်းအဝေးများကို ကျင်းပခြင်း ဖြစ်ပါကြောင်း၊ ဆောင်ရွက်ရမည့် လုပ်ငန်းအများစုကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်ပြီး ဖြစ်ပါကြောင်း၊ ကျန်ရှိနေသေးသည့် လုပ်ငန်းများကိုလည်း ဆက်လက်ပြီး ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

၂၀၁၈ ခုနှစ်အတွင်း ရေကြီးရေလျှံမှုများ ကြုံတွေ့ခဲ့ရပြီးနောက် ဩဂုတ် ၃၁ ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်ညှိနှိုင်းအစည်းအဝေး (၃/၂၀၁၈)တွင် မြို့များ၌ ရေကြီးရေလျှံမှုများ မဖြစ်စေရေးအတွက် ရေမြောင်းများ ပိတ်ဆို့မှုမရှိစေရန်နှင့် ပြည်သူများ စနစ်တကျ အမှိုက်စွန့်ပစ်စေရေးအတွက် စည်းကမ်းချမှတ်ဆောင်ရွက်ရန်၊ စစ်တောင်းမြစ်၊ သံလွင်မြစ်၊ ပဲခူးမြစ်၊ ရွှေကျင်မြစ်၊ ဘီးလင်းမြစ်၊ တနင်္သာရီမြစ်နှင့် ဒေါင်းမြူးချောင်းတို့တွင် ရေကြီးရေလျှံမှုလျော့ပါးရေး အစီအမံများ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ ဆည်များ၏ ကြံ့ခိုင်မှုနှင့် ပတ်သက်ပြီး စစ်ဆေးရန်၊ ဆည်များ၏ အောက်ဘက်တွင်နေထိုင်သည့် ပြည်သူများကို အသိပညာပေးရန်နှင့် လိုအပ်သည့် သတိပေးချက်များ ထုတ်ပြန်ရန်၊ တနင်္သာရီမြို့နှင့် ဘားအံမြို့တွင်ရှိသည့် တာပေါင်များကို စစ်ဆေးဆောင်ရွက်ရန်၊ ကားလမ်း၊ ရထားလမ်းများနှင့် ဆက်စပ်နေရာများတွင် ရေထွက်ပေါက်များနှင့် ရေတံခါးများ တပ်ဆင်ရန် ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ပါကြောင်း၊ ဆုံးဖြတ်ချက်များနှင့်ပတ်သက်ပြီး အများစုကို ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း။

**ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားကြရမည်**

မိမိတို့နိုင်ငံအနေဖြင့် အခြားအရှေ့တောင်အာရှ နိုင်ငံများနည်းတူ မိုးရာသီတွင် ဆိုင်ကလုန်းမုန်တိုင်းများ၊ ရေကြီးရေလျှံမှုများနှင့် ကမ်းပြိုကမ်းစားမှုများ ကြုံတွေ့ရလေ့ရှိပြီး နွေရာသီတွင် ရေရှားပါးမှုပြဿနာများကို ကြုံတွေ့ရလေ့ရှိပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ရေနှင့်ပတ်သက်သည့် သဘာဝဘေးအန္တရာယ် ခံစားရသူများအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ဆိုင်ကလုန်း Shelter များအပါအဝင် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအတွက် နှစ်စဉ်ဘဏ္ဍာငွေများစွာကို ကျခံဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မကြာမီ ပူပြင်းခြောက်သွေ့သည့် နွေရာသီကာလကို ရောက်ရှိတော့မည်ဖြစ်သည့်အတွက် နွေရာသီတွင် ကြုံတွေ့ရတတ်သည့် ရေရှားပါးမှုနှင့် ရေပြတ်လပ်မှုပြဿနာများ လျော့နည်းသက်သာစေရန် သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းများက ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားကြရမည်ဖြစ်ပါကြောင်း၊ အလားတူ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၊ သောက်သုံးရေနှင့် စိုက်ပျိုးရေပေးဝေမှု၊ ရေကြောင်းသွားလာရေး လုံခြုံချောမွေ့စေမှု၊ ကမ်းပြိုကမ်းစား ကာကွယ်မှု၊ ရေထုညစ်ညမ်းမှု ထိန်းချုပ်မှုတို့အပြင် ရေကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များအကြား ဆက်လက်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီကို ဖွဲ့စည်းပြီးနောက် နှစ်စဉ် မတ်လ ၂၂ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ရေနေ့ (World Water Day) အထိမ်းအမှတ် အခမ်းအနားများကို ကော်မတီကကြီးမှူးပြီး ရေနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သည့် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုနှင့် ကျင်းပလျက်ရှိပါကြောင်း၊ ကမ္ဘာ့ရေနေ့ ၂၀၁၉ အထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနား၊ ရေဆိုင်ရာဆွေးနွေးပွဲများနှင့် ပြပွဲအခမ်းအနားများကို လာမည့်မတ်လ ပထမပတ်အတွင်း နေပြည်တော်တွင် ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ယခုနှစ်အတွက် ကမ္ဘာ့ရေနေ့ အကြောင်းအရာမှာ လူသားအခွင့်အရေးအတွက် ဒုက္ခသည်များအပါအဝင် မည်သူ့ကိုမျှ နောက်တွင် ချန်မထားခဲ့ရေး "Leaving No One Behind" ဖြစ်ပါကြောင်း၊ ကမ္ဘာ့ရေနေ့ ၂၀၁၉ အထိမ်းအမှတ်အခမ်းအနား ကျင်းပရေးအတွက် ယခင်နှစ်များကဲ့သို့ ရေနှင့် ဆက်နွယ်သည့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများမှ ဝိုင်းဝန်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း။



ပြည်ထောင်စုဝန်ကြီး
ဦးသန့်စင်မောင်



ပြည်ထောင်စုဝန်ကြီး
ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်



ပြည်ထောင်စုဝန်ကြီး
ဦးအုန်းဝင်း



ပြည်ထောင်စုဝန်ကြီး
ဦးဝင်းခိုင်



ပြည်ထောင်စုဝန်ကြီး
ဦးစိုးဝင်း

**ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိ**

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီနှင့် ရေဆိုင်ရာ ဝန်ကြီးဌာန အဖွဲ့အစည်းများအနေဖြင့် ရေကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်သာလန်၊ ဩစတြေးလျ၊ ဂျပန်၊ တရုတ်၊ ကိုရီးယား၊ နော်ဝေ၊ ပြင်သစ် အပါအဝင် နိုင်ငံများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် စီမံကိန်းများ၊ လေ့လာမှုများအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများဖြစ်သည့် ASEAN ပူးပေါင်းဆောင်ရွက်မှု၊ Mekong River Commission, Lancang-Mekong Cooperation စသည်တို့တွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာန အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ရေနှင့်ဆက်နွယ်သည့် အချက်အလက်များ စုဆောင်းခြင်းနှင့် လေ့လာမှုများ၊ စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများအကြား အချက်အလက်များ မျှဝေကာ ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် အချက်အလက်များ ပိုမိုပြည့်စုံစွာဖြင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများကို များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါကြောင်း။

ကော်မတီနှင့်ဆက်နွယ်သည့် ဝန်ကြီးဌာန အဖွဲ့အစည်းများ၏ ရေနှင့်ဆက်နွယ်သည့် လုပ်ငန်းဆောင်ရွက်မှုများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ အခြားဝန်ကြီးဌာန အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ချက်များ၊ အကြံပြုချက်များနှင့်ပတ်သက်ပြီး ကော်မတီဝင်များအနေဖြင့် တက်တက်ကြွကြွ ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးကြရန် လိုပါကြောင်း၊ ဝန်ကြီးဌာန အဖွဲ့အစည်းများအကြား ရေဆိုင်ရာ အချက်အလက်များကိုလည်း စနစ်တကျ မျှဝေပေးကြရန် လိုပါကြောင်း၊ နိုင်ငံနှင့်ပြည်သူများအတွက် အကျိုးရှိထိရောက်စေသည့် ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုစနစ် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် ရှေ့လုပ်ငန်းစဉ်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းများကလည်း ဆက်လက်ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်းပြောကြားသည်။

**ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ**

ထို့နောက် အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က နွေရာသီတွင် ရေရှားပါးမှုပြဿနာ ကြုံတွေ့လာနိုင်မှု၊ ကြိုတင်ပြင်ဆင်ထားရန် လိုအပ်မှု၊ မြစ်ချောင်းများ ရေထုညစ်ညမ်းမှုနှင့် မြစ်ချောင်းများအတွင်း အမှိုက်စွန့်ပစ်မှုများ ကာကွယ်ရေး၊ မြစ်ကြောင်းထိန်းသိမ်းရေး၊ ကောင်းမွန်သည့် ရေဥပဒေထွက်ရှိရေးနှင့် ရေကြီးရေလျှံမှုလျော့ပါးရေးအတွက် ရေတို၊ ရေရှည် ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးက အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ ရှေ့လုပ်ငန်းစဉ် ညှိနှိုင်းအစည်းအဝေး (၃/၂၀၁၈) ဆုံးဖြတ်ချက်များ၊ ဆောင်ရွက်ပြီးဆုံးဖြတ်ချက်များနှင့် ဆောင်ရွက်ဆဲဆုံးဖြတ်ချက်များ၊ ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရမည့် လုပ်ငန်းများ၊ ရေအရည်အသွေးတိုင်းတာစစ်ဆေးခြင်း၊ ရေဆိုင်ရာအချက်အလက်များ မျှဝေခြင်း၊ ရေထုညစ်ညမ်းမှု ထိန်းချုပ်ရေးအတွက် ဆောင်ရွက်သွားရမည့် လုပ်ငန်းများ၊ ကမ္ဘာ့ရေနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပရေးပြင်ဆင်လျာထားမှု၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုနှင့် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ဆွေးနွေးတင်ပြ**

ဆက်လက်၍ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ အကြံပေးအဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆည်၊ တမံများ တည်ဆောက်ရာတွင် ထည့်သွင်းစဉ်းစားရမည့် အချက်များ၊ ရေကြီးရေလျှံမှု လျော့နည်းစေရန် ဆောင်ရွက်သင့်သည့် အစီအမံများ၊ ရေဥပဒေရေးဆွဲရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ရွှေခရုမှတစ်ဆင့် ကူးစက်နိုင်သောရောဂါအား ကြိုတင်ကာကွယ်ရေးနှင့် အကြံပေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ဝန်ကြီးဌာနအလိုက် သဘာဝဘေးအတွက် ရန်ပုံငွေများ ထည့်သွင်းလျာထားရေးကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

**ဖြည့်စွက်ဆွေးနွေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဦးအုန်းဝင်း၊ ဦးဝင်းခိုင်၊ ဦးစိုးဝင်း၊ ဒုတိယဝန်ကြီး ဦးတင်မြင့်၊ ဦးစိုးအောင်၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက မိုးရေစုဆောင်းခြင်း၊ စိမ့်စမ်းရေသွယ်ယူခြင်း စသည့် ရေရရှိရေးဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုနှင့် ရေကြီးရေလျှံမှုများသက်သာစေရန် ကနဦး ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် သဘာဝရေထွက်များ ထိန်းသိမ်းထားရှိမှု၊ ရေသယံဇာတအရင်းအမြစ်များ စီမံအုပ်ချုပ်လုပ်ကိုင်နေမှု၊ ပြည်တွင်းလျှပ်စစ်ဓာတ်အားလိုအပ်ချက် ဖြည့်ဆည်းနိုင်ရေး ရေအားလျှပ်စစ်ထုတ်လုပ်မှု အခြေအနေ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် နှစ်စဉ်ရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှု၊ ကမ်းပြိုမှု၊ မြစ်ချောင်းများ ရေစီးရေလာကောင်းမွန်စေရေး၊ ရေဥပဒေထွက်ရှိရေး၊ ရေကြီးရေလျှံမှုနှင့် ရေရှားပါးမှု လျော့နည်းသက်သာစေရေးလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်နှင့် ရေဝေရေလဲ ထိန်းသိမ်းရေးလုပ်ငန်းများ၊ ဝန်ကြီးဌာနအဖွဲ့အစည်းအလိုက် ဆောင်ရွက်ဆဲလုပ်ငန်းများ၊ စီမံကိန်းလျာထားချက်များ၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နေသော လုပ်ငန်းများနှင့် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များကို ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

**အားကြိုးမာန်တက် ပူးပေါင်းဆောင်ရွက်**

ထို့နောက် ဒုတိယသမ္မတက ပြန်လည်သုံးသပ်ဆွေးနွေးရာတွင် ယနေ့အစည်းအဝေးတွင် ဆွေးနွေးတင်ပြသည့် အချက်များသည် အလေးထားဆောင်ရွက်ရန်နှင့် သတိပြုရန် အချက်များဖြစ်၍ ဆွေးနွေးတင်ပြသူများအားလုံးကို အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်း၊ ကမ္ဘာ့ရေနေ့ (World Water Day) အထိမ်းအမှတ် လိုဂို၌ မိမိတို့နိုင်ငံ၏ အင်းလေးကန်ပုံကို ဖော်ပြခြင်းသည် ကမ္ဘာက မိမိတို့နိုင်ငံ၏ ရေအရင်းအမြစ်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှုများအား တန်ဖိုးထားအသိအမှတ်ပြုခြင်းဖြစ်၍ မိမိတို့အနေဖြင့် ဝမ်းမြောက်ဂုဏ်ယူရမည် ဖြစ်ပါကြောင်း၊ ရေနှင့်ပတ်သက်ပြီး နိုင်ငံတော်အစိုးရ၊ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီနှင့် ဆက်စပ်ဌာနအဖွဲ့အစည်းများအားလုံး၏ ပူးပေါင်းဆောင်ရွက်မှုရလဒ် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရှေ့လျှောက်ရေနှင့်ပတ်သက်သည့် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဆက်လက်ပြီး တက်ညီလက်ညီအားကြိုးမာန်တက် ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**တက်ရောက်**

အစည်းအဝေးသို့ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဝင်များ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အကြံပေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် အီဂျစ်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၃**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် ဗန်ကောက်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်နိုင်ငံသံအမတ်ကြီး H.E. Mr. Khaled Mohamed Abdelrahman Abdelsalam အား ယနေ့ နံနက် ၁၁နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်**

တွေ့ဆုံစဉ် အီဂျစ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



# ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးထွန်းထွန်းဟိန် စင်ကာပူသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၃**

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်သည် ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ဆောင် မြေညီထပ် ဒုတိယနာယက နားနေခန်း၌ စင်ကာပူသံအမတ်ကြီး Ms. Vanessa Chan အား လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံလွှတ်တော်များအကြား၊ နှစ်နိုင်ငံ ပြည်သူများအကြား ပူးပေါင်းဆောင်ရွက်မှု၊ ချစ်ကြည်ရင်းနှီးမှု ပိုမိုမြှင့်တင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံမှုအပြီးတွင် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးထွန်းထွန်းဟိန်ထံ စင်ကာပူသံအမတ်ကြီးက ပြည်ထောင်စုလွှတ်တော်စာကြည့်တိုက်အတွက် စင်ကာပူနိုင်ငံဆိုင်ရာ စာအုပ်စာတမ်းများနှင့် Multimedia အထောက်အကူပြုပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုး၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဟိန်းနှင့်တာဝန်ရှိသူများတက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း နီပေါသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၃**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး H.E. Mr. Bhim K.Udas အား ယနေ့ မွန်းလွဲ ၂ နာရီ တွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-11) ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဥပဒေရေးရာကိစ္စရပ်များ၊ နှစ်နိုင်ငံ ဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်ထံ UNFPA ကိုယ်စားလှယ် Mr.Ramanathan Balakrishnan ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၃**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် မြန်မာနိုင်ငံဆိုင်ရာ UNFPA ကိုယ်စားလှယ်အဖြစ် စတင်တာဝန်ထမ်းဆောင်မည့် Mr.Ramanathan Balakrishnan အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ ထိုသို့ တွေ့ဆုံစဉ် Mr.Ramanathan Balakrishnan က ၎င်း၏ ခန့်အပ်လွှာကို ပြည်ထောင်စုဝန်ကြီးထံ ပေးအပ်သည်။



တွေ့ဆုံဆွေးနွေးစဉ် လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေး၊ ကျား/မ တန်းတူညီမျှရေး၊ အမျိုးသမီး စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် အမျိုးသမီး အကြမ်းဖက်မှုကာကွယ်ရေးဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံနှင့် UNFPA တို့အကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးကိစ္စ၊ မြန်မာနိုင်ငံ၏ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းစဉ်၌ UNFPA မှ နည်းပညာနှင့် ဘဏ္ဍာရေးအကူအညီများ ဆက်လက်ပံ့ပိုးပေးအပ်ရေးကိစ္စနှင့် UNFPA ၏ စတုတ္ထအကြိမ် မြန်မာနိုင်ငံဆိုင်ရာ အစီအစဉ် (၂၀၁၈-၂၀၂၂) အတွက် သဘောတူညီချက် လက်မှတ်ရေးထိုးရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# Black Peter ရုပ်ရှင်ဇာတ်ကားအား ကြည့်ရှုလေ့လာဆွေးနွေးကြမည်

**ရန်ကုန် ဇန်နဝါရီ ၃**

ဒါရိုက်တာ Milos Forman ၏ "Black Peter" ရုပ်ရှင်ဇာတ်ကားကို လာမည့် ဇန်နဝါရီ ၆ ရက် မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်း အမှတ်(၅၀)ရှိ ရုပ်ရှင်အနုပညာရပ်ဝန်းမှ "ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ"တွင် ကြည့်ရှုလေ့လာကြမည်ဖြစ်သည်။

**ဦးဆောင်ဆွေးနွေး**

အဆိုပါ ဇာတ်ကားသည် Czech New Wave ရုပ်ရှင်အမျိုးအစားဖြစ်ပြီး ၁၉၆၄ ခုနှစ်က ချက်နိုင်ငံ Locano International ရုပ်ရှင်ပွဲတော်၌ Golden Leopard ဆုရရှိခဲ့ရာ ယင်းဇာတ်ကားကို ဦးစွာကြည့်ရှုပြီး ဒါရိုက်တာ ဦးသိဒ္ဓိက ဦးဆောင်ဆွေးနွေးမည်ဖြစ်သည်။

**အဌမအကြိမ် ဆောင်ရွက်ခြင်း**

မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် Cinematheque ၏ ကဏ္ဍခွဲတစ်ခုဖြစ်သည့် ရုပ်ရှင်ဇာတ်ကားကို ကြည့်ရှုပြီး ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း အစီအစဉ်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ၏ "ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ"က အဌမအကြိမ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၁၀၁) ကြိမ်မြောက် စေတီယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာအောင်ဆုနှင်းသဘင်ပွဲတွင် စာအောင်သံဃာတော် ၁၂ ပါး ပေါ်ထွန်းလာ




ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်။

**ရန်ကုန် ဇန်နဝါရီ ၃**

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော (၁၀၁) ကြိမ်မြောက် စေတီယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာအောင်ဆုနှင်းသဘင် အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရွှေတိဂုံစေတီတော် ရင်ပြင်တော် ရာဟုထောင့်ရှိ ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ စေတီယင်္ဂဏ နာယက ဆရာတော်ကြီးများ၊ စေတီယင်္ဂဏ စာလျှောက်မေးပွဲ အောင်မြင်တော်မူခဲ့ကြသော ဝင့်သကာဆရာတော်ကြီးများ၊ စာအောင်သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ရန်ကင်းမြို့နယ် မဟာဓမ္မိကာရုံ ပရိယတ္တိစာသင်တိုက် ကျိုက်ပိကျောင်း ဆရာတော် ဘဒ္ဒန္တဂုဏာသနထံမှ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

**ထွန်းလင်းနေမည်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် မြန်မာနိုင်ငံတွင် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီး နှစ်စဉ် အလေးထားကျင်းပလျက်ရှိရာ (၇၁) ကြိမ်တိုင်ရှိခဲ့ပြီဖြစ်ပါကြောင်း၊ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးအပါအဝင် နိုင်ငံတော်အစိုးရက ကျင်းပသည့် ဓမ္မာစရိယစာမေးပွဲ၊ ပါဠိပထမပြန်စာမေးပွဲ၊ နိကာယ်စာမေးပွဲနှင့် စေတီယင်္ဂဏ၊ သကျသီဟ စာမေးပွဲ တို့ကဲ့သို့သော ပရိယတ္တိစာမေးပွဲများ တည်ရှိနေသမျှကာလပတ်လုံး ပရိယတ္တိသာသနာတော် ထွန်းလင်းနေမည်ဖြစ်ကြောင်းကိုလည်း အလေးအနက်ခံယူပါကြောင်း၊ ပရိယတ္တိသာသနာတော်ထွန်းလင်းနေသမျှ ပဋိပတ္တိသာသနာတော်နှင့် ပဋိဝေဒသာသနာတော်တို့သည်လည်း ဆိတ်သုဉ်းနိုင်မည်မဟုတ်ဟု ယုံကြည်ပါကြောင်း။

ယနေ့ကျင်းပသည့် စေတီယင်္ဂဏ စာလျှောက်မေးပွဲကြီးတွင် အောင်မြင်တော်မူခဲ့သည့် သံဃာတော် ၁၂ ပါး အပါအဝင် (၁၀၁) ကြိမ်မြောက်သည်အထိ အောင်မြင်မှုမှတ်တမ်းဝင်ခဲ့သော ဆရာတော်များနှင့် စေတီယင်္ဂဏပွဲကြီးကို စဉ်ဆက်မပြတ် ကြီးကြပ်ပေးတော်မူခဲ့ကြသော ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ စေတီယင်္ဂဏ ဩဝါဒါစရိယ၊ နာယက ဆရာတော်ကြီးများအားပူဇော်သည့် အာမိသစက်ကို ဟန်ချက်ညီညီ လည်ပတ်အောင် ဆောင်ရွက်လျက်ရှိကြောင်း တွေ့မြင်ကြည်ညိုသဒ္ဓါပွားရပါကြောင်း။

စုပေါင်းအားဖြင့် သဒ္ဓါထက်သန်စွာ အားထုတ်ကုသိုလ်ယူခဲ့ကြသဖြင့် ယခင်နှစ်က ဤစေတီယင်္ဂဏ နှစ်ရာပြည့်အခမ်းအနားသည် သမိုင်းမှတ်တိုင်မော်ကွန်းတစ်ရပ် တွင်ကျန်ရစ်ခဲ့သကဲ့သို့ ယခုနှစ်(၁၀၁)ကြိမ်မြောက် စေတီယင်္ဂဏ ဓမ္မာနုဂ္ဂဟစာလျှောက်မေးပွဲကြီးသည်လည်း သမိုင်းမှတ်တိုင်တစ်ခု စိုက်ထူနိုင်ခဲ့ပြီဖြစ်ပါကြောင်း လျှောက်ထားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အောင်စဉ် (၁) သီးခြားစာချတန်းအောင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံကျောင်းဆရာတော် အရှင်ရာဇဓမ္မာလင်္ကာရာဘိဝံသ အားလည်းကောင်း၊ ဂေါပကအဖွဲ့ဝင်များက သီးခြားစာချတန်းအောင် သံဃာတော်များနှင့် သီးခြားစာသင်တန်းအောင် သံဃာတော်တို့အားလည်းကောင်း ဘွဲ့တံဆိပ်နှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ဂေါပကအဖွဲ့ဝင်များသည် ဩဝါဒါစရိယ ဆရာတော်များ၊ ပင့်သံဃာတော်များ၊ စာအောင်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ပြည်ထောင်စုဝန်ကြီးက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ စေတီယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာအောင်ဆုနှင်းပွဲအတွက် အလှူငွေကျပ် သိန်း ၃၀ ကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူက လက်ခံရယူသည်။

ယင်းနောက် ပထမကျော်၊ အဂ္ဂမဟာအကျော်၊ အဋ္ဌကထာပြန်အကျော်၊ သ. စ. အ ဓမ္မာစရိယ ဝင့်သကာ၊ ပါဠိပါရဂူ၊ တိပိဋကဩဝါဒါစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ စေတီယင်္ဂဏပဝရသိရီ မဟာဓမ္မဂုရု ဘဒ္ဒန္တနာရဒါဘိဝံသ (လှူရတနာ)ထံမှ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ်များက အနုမောဒနာတရားနာကြားပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့သည် စေတီယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲကို ၁၃၄၅ ခုနှစ် (၆၇) ကြိမ်မြောက် ကာလမှစ၍ တာဝန်ယူကျင်းပခဲ့ရာ ယခုနှစ် (၁၀၁) ကြိမ်မြောက် ရှိပြီဖြစ်သည်။ ယခင်နှစ်က စာအောင်သံဃာတော် ခုနစ်ပါးရှိခဲ့ရာမှ ယခု (၁၀၁) ကြိမ်မြောက်တွင် သီးခြားစာချတန်းမှ သံဃာတော်လေးပါး၊ သီးခြားစာသင်တန်းမှ သံဃာတော် ရှစ်ပါး စုစုပေါင်း ၁၂ ပါး အောင်မြင်တော်မူခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်း အသုံးပြုသူများ၏ အလုပ်ရုံဆွေးနွေးပွဲကျင်းပ




**နေပြည်တော် ဇန်နဝါရီ ၃**

လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်း အသုံးပြုသူများ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းနှင့် သက်ဆိုင်သော ဦးစီးဌာနအသီးသီးမှ တာဝန်ရှိသူများ၊ လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ လက်စွဲစာအုပ် ပုံမှန်ပြုစုထုတ်ပြန်နိုင်ရေး အထောက်အကူပြုလုပ်ငန်း အဖွဲ့ဝင်များနှင့် လေ့လာသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနား၌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ လက်တွေ့အသုံးပြုမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ၁၉၉၇ ခုနှစ်မှစ၍ စဉ်ဆက်မပြတ် ကျင်းပခဲ့ရာ ယခုအကြိမ်ဆိုလျှင် ၁၉ ကြိမ်မြောက် ကျင်းပနိုင်ခဲ့ပြီဖြစ်ပြီး နှစ်စဉ်နှစ်တိုင်းလည်း စာအုပ်ထုတ်ဝေနိုင်ခဲ့ရာ လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ လက်စွဲစာအုပ် ဆက်လက်အကောင် အထည်ဖော်ထုတ်ဝေနိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အညွှန်းကိန်းနှင့် သက်ဆိုင်သည့် ဌာနများ၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်သည့် လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ ပုံမှန်ပြုစု ထုတ်ပြန်နိုင်ရေး အထောက်အကူပြုလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး အညွှန်းကိန်းများပါဝင်သည့် လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ လက်စွဲစာအုပ်ကို ပြုစုထုတ်ဝေနိုင်ရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

**စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိ**

လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ လက်စွဲစာအုပ်ကို ဝန်ကြီးဌာနအားလုံးတစ်ပြေးညီ ရည်ညွှန်းကိုးကားအသုံးပြုရေးနှင့် ရေရှည်တည်တံ့ ဖွံ့ဖြိုးရေးအတွက် ဝန်ကြီးဌာနက စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ လူ့စွမ်းအားဆိုင်ရာစီမံကိန်းများကို စနစ်တကျရေးဆွဲ အကောင်အထည်ဖော်ရန် တိကျမှန်ကန်သည့် လူ့စွမ်းအားဆိုင်ရာ စာရင်းအင်း အချက်အလက်များ ရရှိရေးသည် အဓိကကျပါကြောင်း။

ဝန်ကြီးဌာန အားလုံးအနေဖြင့် စာရင်းအင်းကိစ္စများနှင့် လွတ်ကင်းသည့် ဌာနမရှိသကဲ့သို့ စာရင်းအင်းကိစ္စများကိုဆောင်ရွက်ရာတွင် နိုင်ငံတကာ စာရင်းအင်းစနစ်များနှင့် ကိုက်ညီမှုရှိစေရန် သက်ဆိုင်ရာ ဝန်ကြီးဌာနအားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ကြမှသာလျှင် အဆင်ပြေမည်ဖြစ်၍ စစ်တမ်းများ၊ သန်းခေါင်စာရင်းများကောက်ယူပါက ဝန်ကြီးဌာနများအကြား ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

**ဝိုင်းဝန်းဆွေးနွေးအကြံပြု**

လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ လက်စွဲစာအုပ်သည် အစိုးရဌာနများ၊ NGO များနှင့် ရင်းနှီးမြှုပ်နှံမှုပြုမည့်သူများအတွက် များစွာ အထောက်အကူ ဖြစ်စေခြင်းကြောင့် အညွှန်းကိန်းများ ရေရှည်တည်တံ့စေရေး ဝိုင်းဝန်းအကြံပေး ကြိုးပမ်းအကောင်အထည်ဖော်ကြရန် တိုက်တွန်း ပြောကြားလိုကြောင်း၊ လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ လက်စွဲစာအုပ်သည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတစ်ခုတည်း အားထုတ်ဆောင်ရွက်၍မရဘဲ ဆက်စပ်ဌာနများအားလုံး ပူးပေါင်းပါဝင်မှသာ အောင်မြင်မည်ဖြစ်၍ ပိုမိုအရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ လက်စွဲစာအုပ်ဖြစ်မြောက်ရေးနှင့် အချက်အလက်များ ပြည့်စုံမှန်ကန်စေရေးတို့အတွက် တက်ရောက်လာသော ကိုယ်စားလှယ်များအနေဖြင့် ဝိုင်းဝန်းဆွေးနွေး အကြံပြုပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်က လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ ပုံမှန်ပြုစုထုတ်ပြန်နိုင်ရေး ဆောင်ရွက်ခဲ့မှု အခြေအနေများ၊ ယခင်နှစ်က ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များအပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို သုံးသပ်တင်ပြသည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ ရေရှည်တည်တံ့ရေးနှင့် စဉ်ဆက်မပြတ် ရရှိနိုင်မည့် အညွှန်းကိန်းများရရှိရေး၊ ပုဂ္ဂလိကကဏ္ဍမှ အညွှန်းကိန်းများရရှိစေရေးနှင့် လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ လက်စွဲစာအုပ် ပိုမိုတိုးတက်ရေးတို့အတွက် အဖွဲ့လိုက် ဆွေးနွေးသုံးသပ်အကြံပြုတင်ပြကြပြီး အဖွဲ့လိုက်တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်၍ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံ့ခေါင်းဆောင်များမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့

**၂၀၁၉ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယအတွက် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့် နိုင်ငံ့အကြီးအကဲများက နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့ကြသည်။**

**အမေရိကန်ပြည်ထောင်စု သမ္မတနိုင်ငံ**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ အမေရိကန်ပြည်ထောင်စု သမ္မတနိုင်ငံ သမ္မတ ဒေါ်နယ်ထရန့်ထံမှ (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

၄-၁-၂၀၁၉ ရက်နေ့တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်၏ (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယအတွက် နိုင်ငံတော်သမ္မတနှင့် မြန်မာပြည်သူများထံသို့ အမေရိကန်ပြည်သူများမှ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

မြန်မာနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့၏ မိတ်ဖက်ဆက်ဆံရေး တိုးတက်လာစေရန်အတွက် လည်းကောင်း၊ မြန်မာပြည်သူပြည်သား၊ တိုင်းရင်းသားလူမျိုးစုအားလုံး ခံစားနိုင်မည့် ငြိမ်းချမ်းသာယာဝပြောသည့် ဒီမိုကရက်တစ် လူ့အဖွဲ့အစည်း တည်ဆောက်ရေးအတွက် လည်းကောင်း အမေရိကန်ပြည်ထောင်စုအနေဖြင့် ဆက်လက် အားပေးထောက်ခံသွားရန် ထပ်လောင်းကတိပြုပါသည်။

**ရုရှားဖက်ဒရေးရှင်းနိုင်ငံ**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ ဗလာဒီမီယာ ပူတင်ထံမှ (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါသည်။

မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေး အပေါ် အားရကျေနပ်မိပါကြောင်း၊ နှစ်နိုင်ငံ ပြည်သူများအကျိုးအတွက် အာရှ-ပစိဖိတ်ဒေသ လုံခြုံရေးနှင့် တည်ငြိမ်ရေးတို့ ခိုင်မာစေရန် ရည်သန်လျက် နယ်ပယ်ပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြင့်လာမည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

အဆွေတော် ကျန်းမာ၍ အောင်မြင်မှုများ ရရှိပါစေကြောင်းနှင့် မြန်မာပြည်သူပြည်သားများ ငြိမ်းချမ်း၍ ကြွယ်ဝချမ်းသာပါစေကြောင်း မိမိအနေဖြင့် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သမ္မတ ရှီကျင့်ဖျင်ထံမှ (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် တရုတ်နိုင်ငံအစိုးရနှင့် တရုတ်ပြည်သူလူထုကိုယ်စားလည်းကောင်း၊ မိမိအနေဖြင့် လည်းကောင်း အဆွေတော်နှင့် မြန်မာနိုင်ငံ အစိုးရ၊ မြန်မာပြည်သူလူထုအား လှိုက်လှဲစွာ ထောမနာဂုဏ်ပြုပြီး ဆုတောင်းမေတ္တာပို့သပါကြောင်း ဖော်ပြအပ်ပါသည်။

လွန်ခဲ့သော ၁ နှစ်အတွင်းတွင် အဆွေတော်နှင့် မြန်မာအစိုးရ၏ ဦးဆောင်မှုအောက်၌ မြန်မာနိုင်ငံသည် စီးပွားရေးတည်ဆောက်မှု၊ ပြည်သူ့လူမှုဘဝတိုးတက်မှု၊ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပြည်ပဆက်ဆံရေးအစရှိသော ကဏ္ဍများတွင် အရေးကြီးသည့် အောင်မြင်မှုများရရှိခဲ့ပြီး ချစ်ခင်ရင်းနှီးသည့် အိမ်နီးချင်းနိုင်ငံနှင့် ဆွေမျိုးပေါက်ဖော်အနေဖြင့် တရုတ်နိုင်ငံက ချီးကျူးဂုဏ်ပြုပါကြောင်း ဖော်ပြလိုပါသည်။ လက်ရှိအချိန်တွင် တရုတ်-မြန်မာဆက်ဆံရေးသည် စဉ်ဆက်မပြတ် နက်နဲလာနေပြီး ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုတွင်လည်း တိုးတက်မှုများ စဉ်ဆက်မပြတ် ရရှိနေသည်ကို ဝမ်းမြောက်စွာ တွေ့မြင်ရပါသည်။ မိမိအနေဖြင့် တရုတ်-မြန်မာဆက်ဆံရေးကို မြင့်မားစွာ အလေးထားပြီး တရုတ်-မြန်မာဘက်စုံ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးတွင် အခန်းကဏ္ဍသစ် တစ်ခုပြီးတစ်ခု ဝင်ရောက်နိုင်အောင် အဆွေတော်နှင့်အတူ တွန်းအားပေးကာ နှစ်နိုင်ငံနှင့် နှစ်နိုင်ငံပြည်သူလူထုအတွက် အကျိုးစီးပွား ပိုမိုဖြစ်ထွန်းစေရေး ဆောင်ရွက်သွားရန် ဆန္ဒပြုအပ်ပါသည်။

မြန်မာနိုင်ငံ စည်ပင်သာယာဝပြောပါစေကြောင်း၊ ပြည်သူလူထု ချမ်းမြေ့ရွှင်လန်းပါစေကြောင်း ဆုတောင်းပါသည်။

အဆွေတော် ကျန်းမာချမ်းသာပါစေကြောင်းနှင့် အစစအရာရာ အဆင်ပြေချောမွေ့ပါစေကြောင်း ဆုတောင်းပါသည်။

**ကိုရီးယားသမ္မတနိုင်ငံ**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မွန်ဂျေအင်းထံမှ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့်တကွ မြန်မာပြည်သူပြည်သားများအားလုံး ထံသို့ နွေးထွေးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

နှစ်ပေါင်းများစွာကတည်းကပင် မိမိတို့နှစ်နိုင်ငံသည် ကဏ္ဍမျိုးစုံတွင် အတူတကွ ပူးပေါင်းလုပ်ဆောင်ခြင်းအားဖြင့် တည်ငြိမ်ဖွံ့ဖြိုးတိုးတက်၍ ချစ်ခင်ရင်းနှီးသော ဆက်ဆံရေး ရှိခဲ့ပါသည်။ မိမိအနေဖြင့် နှစ်နိုင်ငံအကြား အနာဂတ်တွင် ပိုမိုခိုင်မြဲပြီး နီးကပ်သော ဆက်ဆံရေးနှင့် နှစ်ဦးနှစ်ဖက် အကျိုးရှိစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်သွားရန်လည်း မျှော်လင့်ပါသည်။ ထို့ပြင် နှစ်နိုင်ငံပြည်သူများအကြား ချစ်ခင်ရင်းနှီးမှုဖြင့် လုပ်ငန်းကိစ္စများတွင် ပိုမိုလုပ်ဆောင်သွားနိုင်မည်ဟု မိမိအနေဖြင့် အခိုင်အမာ ယုံကြည်ပါသည်။

အဆွေတော် ကျန်းမာပါစေကြောင်းနှင့် အဆွေတော်၏ကြိုးပမ်း အားထုတ်မှုများအတွက် ဆက်လက်၍ အောင်မြင်မှုများရရှိပါစေကြောင်း နှင့် မြန်မာပြည်သူပြည်သားများ ကြွယ်ဝချမ်းသာပါစေကြောင်း ဆုတောင်း မေတ္တာပို့သအပ်ပါသည်။

**ဗြိတိန်နိုင်ငံ**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဗြိတိန်နိုင်ငံ ဒုတိယမြောက် အယ်လဇဘက်ဘုရင်မကြီးထံမှ (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် လာမည့်နှစ်တွင် အဆွေတော်နှင့် မြန်မာပြည်သူ ပြည်သားများ ပျော်ရွှင်ပါစေကြောင်း မိမိအနေဖြင့် ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**အိန္ဒိယသမ္မတနိုင်ငံ**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ရှရီ ရမ် နက်သ် ကိုဗင့်ဒ် ထံမှ (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း အဆွေတော်နှင့်အတူ နိုင်ငံတော်အစိုးရနှင့် ပြည်သူများအား အိန္ဒိယနိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား နှုတ်ခွန်းဆက်သအပ်ပါသည်။

၂၀၁၈ခုနှစ် ဒီဇင်ဘာလအတွင်း သာယာလှပသော မြန်မာနိုင်ငံသို့ မိမိအနေဖြင့် ချစ်ကြည်ရေးခရီး သွားရောက်လည်ပတ်ခဲ့သည့် ခရီးစဉ်ကို နှစ်ခြိုက်စွာ ပြန်ပြောင်းသတိတရ ဖြစ်ရပါသည်။ ထိုခရီးစဉ်အတွင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးနှင့် ပြည်သူလူထုချင်း ဆက်သွယ်ချိတ်ဆက်မှုများ တိုးမြှင့်ရန်အတွက် အဆွေတော်နှင့် မိမိတို့ သဘောတူညီခဲ့ကြပါသည်။

ယဉ်ကျေးမှု၊ ဘာသာတရား၊ ဘာသာစကားနှင့် လူမျိုးစု ဆက်နွယ်မှုများက အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့အား စည်းနှောင်ယှက်နွယ်ထားပြီး မိမိတို့၏ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးချဲ့လာနိုင်ခဲ့ကြပါသည်။ လာမည့်ကာလများတွင် ဤသို့ မိတ်သဟာယပြုမှုကို မိမိတို့ ဆက်လက်ပြီး ခိုင်မြဲရန် ဆောင်ရွက်သွားနိုင်မည်ဟု မျှော်လင့်ပါသည်။

အဆွေတော် ကျန်းမာပါစေကြောင်းနှင့် မြန်မာနိုင်ငံတော်နှင့် ပြည်သူပြည်သားများ ဆက်လက်ဖွံ့ဖြိုးတိုးတက် သာယာဝပြောပါစေကြောင်း ဆုမွန်တောင်းအပ်ပါသည်။

***ဆက်လက်ဖော်ပြပါမည်***

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် Forever Group ၏ CEO ဦးဝင်းမော်နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် Forever Group ၏ CEO ဦးဝင်းမော်နှင့် အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံစဉ် Forever Group နှင့် ပူးပေါင်း၍ Canal+ မှ ထုတ်လွှင့်လျက်ရှိသည့် ရုပ်သံအစီအစဉ်များ၊ ဇာတ်လမ်းတွဲများ၊ တေးဂီတအစီအစဉ်၊ အားကစားအစီအစဉ်များနှင့် Documentaries များ၊ ရုပ်သံလိုင်းအပြင် တယ်လီဖုန်းမှတစ်ဆင့် ကြည့်ရှုနိုင်မည့် Mobile Application တစ်ခု ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာ ဝန်ကြီးဌာန၊ Telecom Operator များနှင့် ဆွေးနွေးညှိနှိုင်းမှုအခြေအနေ၊ Canal+ အနေဖြင့် ရုပ်သံလွှင့်မီဒီယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု ပိုမိုပြုလုပ်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ရုပ်သံလွှင့်နှင့် ရုပ်ရှင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လာမည့် စက်တင်ဘာလတွင် သင်တန်းကျောင်းဖွင့်လှစ်ရေး၊ အဆိုပါကဏ္ဍနှစ်ရပ်တွင် လက်ရှိရင်ဆိုင်နေရသည့်အခက်အခဲ၊ စိန်ခေါ်မှုများနှင့် ဆက်လက်ဆောင်ရွက်ရမည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

## လူငယ်လိဂ်ပြိုင်ပွဲ လေးခု ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၃**

မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပသည့် MNL နှင့် MNL-2 လူငယ်လိဂ်ပြိုင်ပွဲ လေးခုကို ယခုရာသီတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

၂၀၁၉ ရာသီတွင်လည်း ပုံမှန်ကျင်းပနေသော လိဂ်ပြိုင်ပွဲဖြစ်သည့် ပြိုင်ပွဲခြောက်ခု ကျင်းပမည်ဖြစ်သည်။MNL တွင် စီနီယာလိဂ်အပြင် ယူ-၂၁ ပြိုင်ပွဲ၊ ယူ-၁၉ ပြိုင်ပွဲ၊ MNL-2 (ပထမတန်း) တွင် စီနီယာလိဂ်အပြင် ယူ-၂၀ ပြိုင်ပွဲ၊ ယူ-၁၈ ပြိုင်ပွဲတို့ ကျင်းပမည်ဖြစ်သည်။ လူငယ်လိဂ်ပြိုင်ပွဲများအနက် ယူ-၂၁ ပြိုင်ပွဲကို ဇန်နဝါရီ ၁၈ ရက်၊ ယူ-၁၉ ပြိုင်ပွဲကို ဖေဖော်ဝါရီ ၅ ရက်၊

ယူ-၂၀ ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၈ ရက်၊ ယူ-၁၈ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။ MNL ပြိုင်ပွဲတွင် ၁၂ သင်း၊ MNL-2 တွင် ရှစ်သင်းယှဉ်ပြိုင်မည်ဖြစ်ပြီး MNL အတွက် ကျင်းပသည့် ယူ-၂၁ နှင့် ယူ-၁၉ တွင် ၁၂ သင်းစီ၊ MNL-2 အတွက် ကျင်းပသည့် ယူ-၂၀ နှင့် ယူ-၁၈ ပြိုင်ပွဲတွင် ရှစ်သင်းစီ ယှဉ်ပြိုင်မည်ဖြစ်သည်။ MNL တွင် ရန်ကုန်၊ ရှမ်းယူနိုက်တက်၊ ဇွဲကပင်၊ မကွေး၊ ဟံသာဝတီ၊ ရတနာပုံ၊ ဧရာဝတီ၊ Southern၊ ရခိုင်၊ စစ်ကိုင်း၊ Chinland နှင့် ဒဂုံအသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်ပြီး MNL-2 တွင် ရွှေပြည်ရယ်သန်လျင်၊ ချင်းယူနိုက်တက်၊ အား/ကာသိပ္ပံ၊ တက္ကသိုလ်၊ မြဝတီ၊ ငွေကြယ်ပွင့်၊ ကချင်ယူနိုက်တက်နှင့် မောရဝတီအသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။

၂၀၁၈ ဘောလုံးရာသီ၌ ယူ-၂၁ ပြိုင်ပွဲတွင် အား/ကာသိပ္ပံ (က)၊ ယူ-၁၉ ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်၊ ယူ-၂၀ ပြိုင်ပွဲတွင် အား/ကာသိပ္ပံ (ခ) နှင့် ယူ-၁၈ ပြိုင်ပွဲတွင် ဒဂုံအသင်းတို့ ဗိုလ်စွဲခဲ့သည်။ **ရှိုင်းထက်ဇော်**

# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာ**
**အမှတ် ၁/၂၀၁၉**
**၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်**
**(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)**

နိုင်ငံတော်သမ္မတက အောက်ဖော်ပြပါ ဆရာတော်ကြီးများ၊ ဂန္ထဓုရ ပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓုရပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်း ပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းအပ်နှင်းလိုက်ပါသည်-

**အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တကဝိန္ဒာစာရ၊ ဓမ္မာလင်္ကာရရေအေးလျှပ်စစ်စာသင်တိုက်၊ အမှတ်(၁)ရပ်ကွက်၊ သာစည်မြို့၊ မန္တလေးတိုင်းဒေသကြီး
၂။ ဘဒ္ဒန္တစန္ဒ၊ ဒက္ခိဏာရာမစာသင်တိုက်၊ ပြည်တော်သာရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်
၃။ ဘဒ္ဒန္တဓမ္မာနန္ဒ၊ စစ်ကိုင်းစာသင်တိုက်၊ နှင်းဆီကုန်း(က)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၄။ ဘဒ္ဒန္တသဒ္ဒိယ၊ ပုညနိမ္မိတာရာမရွှေသုဝဏ်ကျောင်းတိုက်၊ ကြီးပွားရေးရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၅။ ဘဒ္ဒန္တသုမင်္ဂလာဘိဝံသ၊ မိုင်းသောက်ပထမစာသင်တိုက်၊ မိုင်းသောက်ကျေးရွာအုပ်စု၊ ညောင်ရွှေမြို့နယ်၊ ရှမ်းပြည်နယ်
၆။ ဘဒ္ဒန္တကုန္ဒဝံသာဘိဝံသ၊ ရွှေဟင်္သာတောရကျောင်းတိုက်၊ အမှတ်(၇)ရပ်ကွက်၊ ညောင်တုန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး

**အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တရေဝတာဘိဝံသ၊ ပရိယတ္တိသဒ္ဓမ္မဝါစီမင်းကျောင်းစာသင်တိုက်၊ အမှတ် (၁)ရပ်ကွက်၊ ကြာအင်းဆိပ်ကြီးမြို့၊ ကရင်ပြည်နယ်
၂။ ဘဒ္ဒန္တပညာဝံသ၊ ရန်ကင်းကျောင်းတိုက်၊ ရန်ကင်းရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၃။ ဘဒ္ဒန္တနန္ဒဝံသ၊ ဇေယျဝတီကျောင်းတိုက်၊ ပိန္နဲတောရပ်ကွက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တသောမာစာရ၊ ပုဗ္ဗာရုံကျောင်းတိုက်၊ မူယာပင်ရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး
၅။ ဘဒ္ဒန္တလက္ခဏ၊ မဟာပညာဗိမာန်စာသင်တိုက်၊ ရှမ်းကုန်း/ကြေးနန်းတန်းရပ်ကွက်၊ ရွှေကျင်မြို့၊ ပဲခူးတိုင်းဒေသကြီး
၆။ ဘဒ္ဒန္တဥက္ကံသ၊ မဟာစေတီကန်ကျောင်းစာသင်တိုက်၊ မဇင်းရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး
၇။ ဘဒ္ဒန္တကုဏ္ဍလ၊ ဖျောက်ဆိပ်ပင်စာသင်တိုက်၊ လက်ပန်တုန်းကျေးရွာ၊ နတ်မောက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး
၈။ ဘဒ္ဒန္တအရိယဝံသ၊ မဟာဝိသုတာရာမ(အလယ်)တိုက်၊ အမှတ်(၁၀)ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး
၉။ ဘဒ္ဒန္တယောသိတ၊ တူးမောင်းကျောင်းတိုက်၊ ရွှေဂွမ်းထုပ်ရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၀။ ဘဒ္ဒန္တနန္ဒိယ၊ နယားကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၁။ ဘဒ္ဒန္တကုသလ၊ မင်္ဂလာရာမရွှေဘိုကျောင်းတိုက်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၂။ ဘဒ္ဒန္တအင်္ဂိရ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၃။ ဘဒ္ဒန္တသုမနာဘိဝံသ၊ သဒ္ဓမ္မဇောတိကာရာမစာသင်တိုက်၊ နန်းခဲရပ်ကွက်၊ သထုံမြို့၊ မွန်ပြည်နယ်
၁၄။ ဘဒ္ဒန္တစက္ကိန္ဒ၊ ရတနာသိဒ္ဓိခရမ်းစာသင်တိုက်၊ သုဝဏ္ဏ(၅၄)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၅။ ဘဒ္ဒန္တအရိယဓမ္မ၊ ဂန္ထဝါစကစာသင်တိုက်၊ အမှတ်(၇)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၆။ ဘဒ္ဒန္တပဝရာဘိဝံသ၊ ညောင်တုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ကြားတောရရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၇။ ဘဒ္ဒန္တဇဝနာဘိဝံသ၊ အင်းလျားကန်ဖျားတိုက်သစ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၈။ ဘဒ္ဒန္တပညာနန္ဒ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ်(၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၉။ ဘဒ္ဒန္တဝေရောစန၊ ဇေယျသိဒ္ဓိစာသင်တိုက်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၀။ ဘဒ္ဒန္တသုစိတ္တ၊ နေနတ်သားစာသင်တိုက်၊ လင်းလွန်းတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၁။ ဘဒ္ဒန္တပညာဝံသ၊ အောင်ချမ်းသာစာသင်တိုက်၊ အမှတ်(၃)ရပ်ကွက်၊ အောင်ပန်းမြို့၊ ရှမ်းပြည်နယ်
၂၂။ ဘဒ္ဒန္တသူရိယ၊ ဓမ္မဝိနယပထမပြန်တိုက်သစ်ကျောင်းစာသင်တိုက်၊ အမှတ်(၉)ရပ်ကွက်၊ ဖျာပုံမြို့၊ ဧရာဝတီတိုင်းဒေသကြီး
၂၃။ ဘဒ္ဒန္တကောမလ၊ တောင်ညိုစာသင်တိုက်၊ အမှတ်(၂)ရပ်ကွက်၊ ညောင်တုန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး

**ပြည်ပဘွဲ့ခံဆရာတော်ကြီး**

၂၄။ ဘဒ္ဒန္တဝိမလ (Ven. Makulewe Wimala Nayaka Thero), Minioluwa, Mirigama, ကိုလံဘိုမြို့၊ သီရိလင်္ကာနိုင်ငံ

**အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တသေဋ္ဌဉာဏ၊ သူရိယာရာမကျောင်းသစ်စာသင်တိုက်၊ အမှတ်(၅)ရပ်ကွက်၊ ထုံးအိုင်စံပြကျေးရွာ၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ်
၂။ ဘဒ္ဒန္တကုန္ဒက၊ အောင်မင်္ဂလာစာသင်တိုက်၊ အုန်းတောရွာ၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
၃။ ဘဒ္ဒန္တမာနိတ၊ အုတ်ကန်တောရစာသင်တိုက်၊ ချမ်းမြဝတီရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တနာရဒ၊ မော်တောင်စာသင်တိုက်၊ တပ်ပြင်ရပ်ကွက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး
၅။ ဘဒ္ဒန္တပဏ္ဍဝ၊ မာရ်အောင်စာသင်တိုက်၊ ရန်အောင်(၂)ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်
၆။ ဘဒ္ဒန္တဝိစက္ခဏ၊ အောင်စည်သာစာသင်တိုက်၊ အောင်စည်သာရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်
၇။ ဘဒ္ဒန္တဝိမလာစာရ၊ ပန်းတောကျောင်းတိုက်၊ ပန်းတောရွာ၊ မင်းလှမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
၈။ ဘဒ္ဒန္တပညာဓိကသိရီ၊ ဇွဲမစိုးရိမ်စာသင်တိုက်၊ အရှေ့ဘက်ကမ်းရပ်ကွက်၊ ဝေါမြို့၊ ပဲခူးတိုင်းဒေသကြီး
၉။ ဘဒ္ဒန္တပညာဝံသ၊ ပြည်တော်သာစာသင်တိုက်၊ ပြည်တော်သာရပ်ကွက်၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး
၁၀။ ဘဒ္ဒန္တစိတ္တရ၊ ရွှေတောင်ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ အိုးဘိုရပ်ကွက်၊ ရေနံချောင်းမြို့၊ မကွေးတိုင်းဒေသကြီး
၁၁။ ဘဒ္ဒန္တဇနိန္ဒ၊ စိန်ရတနာကျောင်း၊ ဓမ္မိကာရာမတိုက်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၂။ ဘဒ္ဒန္တဂန္ဓမာလာ၊ မဟာကုသိုလ်တော်ကျောင်းတိုက်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၃။ ဘဒ္ဒန္တပညာဝရ၊ ကံသာကျောင်း၊ အသောကာရာမတိုက်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၄။ ဘဒ္ဒန္တဓမ္မာဝုဓ၊ မြတ်ရွှေဂူစာသင်တိုက်၊ လယ်ယား(တောင်)ရွာ၊ ကျောက်ပန်းတောင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၅။ ဘဒ္ဒန္တတိက္ခိန္ဒြိယာဘိဝံသ၊ ဓမ္မဂါရဝကျောင်း၊ မစိုးရိမ်တိုက်သစ်၊ စိန်ပန်း(သပြူး)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၆။ ဒေါက်တာဘဒ္ဒန္တဓမ္မသီလိတာဘိဝံသ၊ ဓမ္မပါလကျောင်း၊ မစိုးရိမ်တိုက်သစ်၊ စိန်ပန်း(သပြူး)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၇။ ဘဒ္ဒန္တစန္ဒာသိရီ၊ ဘုရားကျောင်းစာသင်တိုက်၊ နိုင်းပြိုင်ကျေးရွာ၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်
၁၈။ ဒေါက်တာဘဒ္ဒန္တပညာသာမိ၊ အောင်မင်္ဂလာကျောင်းတိုက်၊ အောင်တပ်ရပ်ကွက်၊ မြောက်ဦးမြို့၊ ရခိုင်ပြည်နယ်
၁၉။ ဘဒ္ဒန္တရေဝတာနန္ဒ၊ ဆုတောင်းပြည့်ကျောင်းတိုက်၊ တောင်လုံးပြန်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၀။ ဘဒ္ဒန္တခေမိန္ဒာစာရ၊ စတုဘုမ္မိကကျောင်းတိုက်၊ အမှတ်(၂)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၁။ ဘဒ္ဒန္တအာစိဏ္ဏ၊ အောင်မော်စံစာသင်တိုက်၊ ရှုခင်းသာရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၂။ ဘဒ္ဒန္တပညာသာမိ၊ ပဉ္စနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်၊ အမှတ်(၁၁)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၃။ ဘဒ္ဒန္တနန္ဒက၊ မဟာဗောဓိစာသင်တိုက်၊ အမှတ်(၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၄။ ဘဒ္ဒန္တသောဘိတ၊ မရမ်းချိုကျောင်းစာသင်တိုက်၊ အမှတ်(၅)ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး
၂၅။ ဘဒ္ဒန္တခေမိန္ဒာစာရ၊ စတုဘုမ္မိကစာသင်တိုက်၊ ညောင်တပင်ကျေးရွာ၊ ဒေးဒရဲမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး
၂၆။ ဘဒ္ဒန္တပညာဓိက၊ မောင်းထောင်ကျောင်းစာသင်တိုက်၊ အမှတ်(၂)ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

**သီလရှင်ဆရာကြီး**

၂၇။ ဒေါ်ထေရီ၊ ခေမာရာမသီလရှင်စာသင်တိုက်၊ မြို့မရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တသာသနသိရီ၊ ရတနာဇေယျာစာသင်တိုက်၊ ဈေးရုံပိုလ်တဲရပ်ကွက်၊ ကောလင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၂။ ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရာဘိဝံသ၊ သီရိမင်္ဂလာဟံသာဝတီကြို့ပင်စာသင်တိုက်၊ အမှတ်(၃)ရပ်ကွက်၊ ဝက်လက်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၃။ ဘဒ္ဒန္တဓမ္မဝံသ၊ အောင်မင်္ဂလာစာသင်တိုက်၊ အင်းလေးမြိုင်ရပ်ကွက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တပဏ္ဍဝ၊ မြို့ဦးစာသင်တိုက်၊ မြဝတီရပ်ကွက်၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်
၅။ ဘဒ္ဒန္တသီတလာစာရ၊ ဝိသုဒ္ဓါရုံဗာရာဏသီစာသင်တိုက်၊ နဝင်းရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး
၆။ ဘဒ္ဒန္တတိဿ၊ မြို့ဦးစာသင်တိုက်၊ အမှတ်(၃)ဝါဆိုရပ်ကွက်၊ ဒိုက်ဦးမြို့၊ ပဲခူးတိုင်းဒေသကြီး
၇။ ဘဒ္ဒန္တသုနန္ဒရ၊ သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ မြို့တွင်းကြီးရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး
၈။ ဘဒ္ဒန္တပညာဝုဓ၊ ဝေဇယန္တာစာသင်တိုက်၊ ရွှေဥဒေါင်းရပ်ကွက်၊ မိုးညိုမြို့၊ ပဲခူးတိုင်းဒေသကြီး
၉။ ဘဒ္ဒန္တဥတ္တရ၊ မဟာဓမ္မိကာရာမစာသင်တိုက်၊ မြို့မအိုးဘိုရပ်ကွက်၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး
၁၀။ ဘဒ္ဒန္တသုမနသာရာလင်္ကာရ၊ ဂန္ဓာရုံဘုံကျော်စာသင်တိုက်၊ ဆတ်သွားကျေးရွာ၊ တောင်တွင်းကြီးမြို့နယ်၊ မကွေးတိုင်းဒေသကြီး
၁၁။ ဘဒ္ဒန္တစိတြဉာဏာလင်္ကာရ၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၂။ ဘဒ္ဒန္တပညာသိရီဘိဝံသ၊ ရွှေဝါဝင်းကျောင်း၊ မြတောင်တိုက်၊ ရတနာဘုမ္မိအနောက်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၃။ ဘဒ္ဒန္တဝဏ္ဏိတ၊ မိုးကုတ်ကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၄။ ဘဒ္ဒန္တဝါသဝသိရီ၊ သာသနာ့ဇောတိကာရုံအင်္ဂြေကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၅။ ဘဒ္ဒန္တသုဇနာလင်္ကာရာဘိဝံသ၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၆။ ဘဒ္ဒန္တသောဘိတာလင်္ကာရ၊ မင်္ဂလာဗိမာန်ကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၇။ ဘဒ္ဒန္တသြဘာသာဘိဝံသ၊ ဇောတိကာရုံစာသင်တိုက်၊ တောင်ကြားရပ်ကွက်၊ သုဝဏ္ဏဝတီမြို့၊ သထုံမြို့နယ်၊ မွန်ပြည်နယ်
၁၈။ ဘဒ္ဒန္တကုန္ဒာဝုဓ၊ ပညာမဏ္ဍိုင်စာသင်တိုက်၊ ဘောင်းဒွတ်သားစုရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်
၁၉။ ဒေါက်တာဘဒ္ဒန္တနန္ဒသိရီ၊ ကျောင်းကြီးစာသင်တိုက်၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၀။ ဘဒ္ဒန္တသုဒဿန၊ မဟာဗောဓိစာသင်တိုက်၊ အမှတ်(၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၁။ ဘဒ္ဒန္တပညာစာရ၊ ဘုရားကြီးကျောင်းစာသင်တိုက်၊ အနော်ရထာရပ်ကွက်၊ ဥက္ကံမြို့၊ တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၂။ ဒေါက်တာဘဒ္ဒန္တအာစိဏ္ဏ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ အမှတ်(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၃။ ဘဒ္ဒန္တစန္ဒာသိရီဘိဝံသ၊ မင်္ဂလသိရီစာသင်တိုက်၊ ဖော့ကန်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၄။ ဘဒ္ဒန္တနရိန္ဒ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ်(၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၅။ ဘဒ္ဒန္တဉာဏဝံသ၊ မဟာဗောဓာရုံစာသင်တိုက်၊ အမှတ်(၄)ရပ်ကွက်၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်
၂၆။ ဘဒ္ဒန္တအဂ္ဂဝံသ၊ မိုးညိုစာသင်တိုက်၊ မြို့မ(၁၂)ရပ်ကွက်၊ မော်လမြိုင်ကျွန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး

**သီလရှင်ဆရာကြီး**

၂၇။ ဒေါ်ဂုဏဝတီ၊ ဇေယျသိဒ္ဓိချောင်သီလရှင်စာသင်တိုက်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

**ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တဝါသဝ၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ ယုဇနရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်
၂။ ဘဒ္ဒန္တသီလာစာရ၊ မဟာဇောတိကာရာမကျောင်းတိုက်၊ ဘုန်းစိုးရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၃။ ဘဒ္ဒန္တသြသဓ၊ အောင်မြေကျောင်းတိုက်၊ အမှတ်(၇) ရပ်ကွက်၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တဇောတိဝရ၊ မဟာသုဗောဓာရုံကျောင်းတိုက်၊ ထုံးဘိုရပ်ကွက် စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၅။ ဘဒ္ဒန္တနရသီဟ၊ ဘုရားငါးဆူစာသင်တိုက်၊ ကန်ဖျားရပ်ကွက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး
၆။ ဘဒ္ဒန္တဉာဏဝံသ၊ စံကျောင်းတိုက်၊ တပ်ပြင်ရပ်ကွက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး
၇။ ဒေါက်တာ ဘဒ္ဒန္တဥက္ကံသ၊ ပေါက်မြိုင်စာသင်တိုက်၊ အမှတ်(၆)ရပ်ကွက်၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်
၈။ ဘဒ္ဒန္တတေဇောဘာသ၊ ရာဇဓာနီသာမဏေကျော် စာသင်တိုက်၊ ဇလောင်းကျေးရွာ၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်
၉။ ဘဒ္ဒန္တအာသဘ၊ အုန်းတောစာသင်တိုက်၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်
၁၀။ ဘဒ္ဒန္တဝိစိတ္တသာရ၊ ရတနာစံစာသင်တိုက်၊ ပြည်စံအောင်ရပ်ကွက်၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်
၁၁။ ဘဒ္ဒန္တသူရိယ၊ မြစည်းခုံစာသင်တိုက်၊ အမှတ်(၁၄)ရပ်ကွက်၊ တောင်ငူမြို့၊ ပဲခူးတိုင်းဒေသကြီး
၁၂။ ဘဒ္ဒန္တဥတ္တမ၊ ဥဿာသိရီစာသင်တိုက်၊ နန်းတော်ရာရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

စာမျက်နှာ ၉ သို့ ✻

* စာမျက်နှာ ၈ မှ

### ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်

၁၃။ ဘဒ္ဒန္တအာလောက၊ ကြခတ်ဝိုင်းကျောင်းတိုက်၊ သွန်းဘုရားရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

၁၄။ ဘဒ္ဒန္တကောသိယာဘိဝံသ၊ သံဃာရာမနိကာယ်စာသင်တိုက်၊ စိုးကောမင်းရပ်ကွက်၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး

၁၅။ ဘဒ္ဒန္တဓမ္မိက၊ မဟာဝိသုတာရာမစာသင်တိုက်၊ ဆုံကုန်းကျေးရွာအုပ်စု၊ ဆင်ဖြူကျွန်းမြို့၊ စလင်းမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၁၆။ ဘဒ္ဒန္တသိရိန္ဒ၊ ဖျောက်ဆိပ်ပင်စာသင်တိုက်၊ လက်ပန်တုန်းကျေးရွာ၊ နတ်မောက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး

၁၇။ ဘဒ္ဒန္တသုမန၊ ဒီပက်ရာစာသင်တိုက်၊ အောင်ဆန်းရပ်ကွက်၊ နတ်မောက်မြို့၊ မကွေးတိုင်းဒေသကြီး

၁၈။ ဘဒ္ဒန္တဝဏ္ဏိတ၊ ရေပန်းကျောင်းတိုက်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၉။ ဘဒ္ဒန္တဇောတိက၊ ပတ္တမြားကျောင်းတိုက်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၂၀။ ဘဒ္ဒန္တဝါယမ၊ ဖားအောက်တောရရိပ်သာကျောင်းတိုက်၊ ဥပုသ်တော်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၂၁။ ဘဒ္ဒန္တကုဏ္ဍလ၊ မြို့ရှေ့တိုက်၊ အရှေ့ပြင်ဈေးရပ်ကွက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး

၂၂။ ဘဒ္ဒန္တဝိဇယာနန္ဒ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၂၃။ ဘဒ္ဒန္တစန္ဒိမာ၊ ရတနာမြိုင်ကျောင်းသစ်စာသင်တိုက်၊ ပလိပ်ကျေးရွာ၊ စဉ့်ကိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၂၄။ ဘဒ္ဒန္တဉာဏိသရ၊ ဂုဏဝတီတိုက်ကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၂၅။ ဘဒ္ဒန္တကေသရ၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၂၆။ ဘဒ္ဒန္တဉာဏိသရာဘိဝံသ၊ ရွှေမြိုင်ထေရာဝါသ ဝါးခယ်မကျောင်းတိုက်၊ ရွှေတောင်ရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၂၇။ ဘဒ္ဒန္တကောလိယာနန္ဒ၊ ခေမာသီဝံစာသင်တိုက်၊ ကဒါကျေးရွာ၊ ချောင်းဆုံမြို့နယ်၊ မွန်ပြည်နယ်

၂၈။ ဘဒ္ဒန္တကေသရ၊ ပရိယတ္တိဓမ္မိကာရုံကျောင်းတိုက်၊ အောက်ရွာပိုင်းရပ်ကွက်၊ မင်းပြားမြို့၊ ရခိုင်ပြည်နယ်

၂၉။ ဘဒ္ဒန္တကေသရ၊ နန်းမြို့စာသင်တိုက်၊ အောင်တပ်ရပ်ကွက်၊ မြောက်ဦးမြို့၊ ရခိုင်ပြည်နယ်

၃၀။ ဘဒ္ဒန္တဝိစက္ခဏ၊ ပဥ္စနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်၊ အမှတ်(၁၁)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၁။ ဘဒ္ဒန္တဇောတိက၊ ကံဦးဇေတဝန်စာသင်တိုက်၊ အမှတ်(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၂။ ဘဒ္ဒန္တမေဓင်္ကရာနန္ဒ၊ ဆုတောင်းပြည့်ကျောင်းတိုက်၊ တောင်လုံးပြန်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၃။ ဘဒ္ဒန္တကုန္ဒဝံသ၊ အောင်သုခဗိမာန်စာသင်တိုက်၊ အမှတ်(၈)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၄။ ဘဒ္ဒန္တဓမ္မိသရ၊ ရွာတန်းရှည်စာသင်တိုက်၊ အမှတ်(၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၅။ ဒေါက်တာဘဒ္ဒန္တထေရာသဘ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ်(၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၆။ ဘဒ္ဒန္တအဂ္ဂသာရ၊ စစ်ကိုင်းစာသင်တိုက်၊ နှင်းဆီကုန်း(က)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၇။ ဒေါက်တာဘဒ္ဒန္တဇောတိက၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ အမှတ်(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၈။ ဒေါက်တာဘဒ္ဒန္တသုတာစာရာလင်္ကာရ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ အမှတ်(၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၉။ ဘဒ္ဒန္တပညာစက္ကိန္ဒ၊ သာသနဝိပုလမင်္ဂလာရန်အောင် စာသင်တိုက်၊ ဈေးတန်းရပ်ကွက်၊ ရပ်စောက်မြို့၊ ရှမ်းပြည်နယ်

၄၀။ ဘဒ္ဒန္တသိရိဓမ္မာဘိပါလ၊ ဝေဠုဝန်စာသင်တိုက်၊ ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်

၄၁။ ဘဒ္ဒန္တကောဝိဒ၊ မိုးကောင်းစာသင်တိုက်၊ တာကလေးရပ်ကွက်၊ ဟသ်ာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး

**သီလရှင်ဆရာကြီးများ**

၄၂။ ဒေါ်ခေမာသီ၊ ရတနာမာရ်အောင်သီလရှင်စာသင်တိုက်၊ ကရပ်ပြင်ရပ်ကွက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး

၄၃။ ဒေါ်ဝိမလစာရီ၊ လိပ်ပြာကန်သီလရှင်စာသင်တိုက်၊ လိပ်ပြာကန်ရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

၄၄။ ဒေါ်သန္တစာရီ၊ မြဝတီသီလရှင်စာသင်တိုက်၊ ချမ်းမြသာယာရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၄၅။ ဒေါ်ဓမ္မနန္ဒီ၊ ဓမ္မဂုဏ်ရည်မြင့်မြင့်ခင်သီလရှင်စာသင်တိုက်၊ ချမ်းမြသာယာရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၄၆။ ဒေါ်တုလဝတီ၊ သမိဒ္ဓေါဒယသုခိတာရာမ ဒေါ်ဉာဏစာရီမြန်အောင်သီလရှင်စာသင်တိုက်၊ မုန့်လုပ်ဆောင်းကုန်းတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၇။ ဒေါ်ယုသိဏီ၊ ရတနာကျော်မော်သီလရှင်စာသင်တိုက်၊ အလယ်တောရကျောင်းတိုက်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

### မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ၊ ဓမ္မသမိဒ္ဓိကျောင်း၊ မစိုးရိမ်တိုက်သစ်၊ စိန်ပန်း(သပြေ)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

### ဓမ္မကထိကဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်

၁။ ဒေါက်တာဘဒ္ဒန္တတေဇောသာရာဘိဝံသ၊ ညောင်သုံးပင် သာမဏေကျော်စာသင်တိုက်၊ ညောင်သုံးပင်ရပ်ကွက်၊ မိုးကုတ်မြို့၊ မန္တလေးတိုင်းဒေသကြီး

၂။ ဘဒ္ဒန္တဝိဇ္ဇောဘာသာလင်္ကာရ၊ ရွာဦးကျောင်းတိုက်၊ ပေါင်းလောင်းလေးကျေးရွာ၊ ကျောက်ဆည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

### အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တသောဘဏ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ မြို့မရပ်ကွက်၊ ဒီးမော့ဆိုမြို့၊ ကယားပြည်နယ်

၂။ ဘဒ္ဒန္တတေဇနိယ၊ ခေမာသီဝံကျောင်းတိုက်၊ ရွှေချီရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်

၃။ ဘဒ္ဒန္တကုန္ဒစက္က၊ ကျိုက်ပွန်ဇေတဝန်ကမ္မဋ္ဌာန်းကျောင်းတိုက်၊ (၁၈)ရပ်ကွက်၊ ဥသျှာမြို့သစ်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

၄။ ဘဒ္ဒန္တဝိဇယ၊ စတုဘုမ္မိကမဂ္ဂင်ရိပ်သာကျောင်းတိုက်၊ ဥပုသ်တော်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၅။ ဘဒ္ဒန္တကောဝိဒ၊ ရတနာမာရ်အောင်ကျောင်းတိုက်၊ ဘုရားကြီးကျေးရွာ၊ တွံတေးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**ပြည်ပဘွဲ့ခံဆရာတော်ကြီး**

၆။ Ven. Noi SANGVALO, Siamphone Temple, Sisatthanak District, Vientiane Capital City, Lao PDR.

### အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တအာစိဏ္ဏ၊ မဟာတိလောကာရာမပရိယတ္တိစာသင်တိုက်၊ နောင်ကိုင်တော်ရပ်ကွက်၊ မိုးကောင်းမြို့၊ ကချင်ပြည်နယ်

၂။ ဘဒ္ဒန္တထေရဝံသ၊ တောင်မော့ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ကုန်းသာကျေးရွာ၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ်

၃။ ဘဒ္ဒန္တမေဓာဝီ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ သစ်မော်ကူးကျေးရွာ၊ လှိုင်းဘွဲ့မြို့နယ်၊ ကရင်ပြည်နယ်

၄။ ဘဒ္ဒန္တဓမ္မပါလ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ (၅)ရပ်ကွက်၊ ဘားအံမြို့၊ ကရင်ပြည်နယ်

၅။ ဘဒ္ဒန္တအရိယဝံသ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ ဗလိုင်ရပ်ကွက်၊ ဖလမ်းမြို့၊ ချင်းပြည်နယ်

၆။ ဘဒ္ဒန္တဇနိယ၊ ပရဟိတလူငယ်ဖွံ့ဖြိုးရေး အင်ကြင်းပင်ကျောင်းတိုက်၊ မရကန်ကျေးရွာ၊ ဒီပဲယင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၇။ ဘဒ္ဒန္တကုန္ဒာသဘ၊ မူလမင်းကွန်းဇေတဝန်ကျောင်းတိုက်၊ မင်းကွန်းတောင်ရိုး၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၈။ ဘဒ္ဒန္တဝရသီရိ၊ ရွှေသိမ်တော်ကျောင်းတိုက်၊ မြို့မရပ်ကွက်၊ ချောင်းဦးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၉။ ဘဒ္ဒန္တပုညသေဋ္ဌ၊ မဟာသန္တာရုံကျောင်းတိုက်၊ အောင်သစ္စာရပ်ကွက်၊ ကလေးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၀။ ဘဒ္ဒန္တသုန္ဒရ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၁။ ဘဒ္ဒန္တသုဇာတ၊ သံသရာအေး ပရဟိတဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ ကလွင်ကျေးရွာ၊ မြိတ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး

၁၂။ ဘဒ္ဒန္တဇနိန္ဒ၊ စကြ်န်တောင်ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ ရွာဘဲရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး

၁၃။ ဘဒ္ဒန္တပဏ္ဍိတ၊ မဟာဝိဇယာရာမပါဠိတက္ကသိုလ် (အရှေ့တိုက်)၊ (၁)ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး

၁၄။ ဘဒ္ဒန္တသောဘန၊ မဟာဝိသုတာရာမ (အလယ်)ကျောင်းတိုက်၊ အမှတ်(၁၀)၊ ဗိုလ်ချုပ်လမ်း၊ ကုက္ကိုတန်းရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး

၁၅။ ဘဒ္ဒန္တဝိမလ၊ ရွှေတောင်ကျောင်းတိုက်၊ လှိုင်ရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၁၆။ ဘဒ္ဒန္တဉာဏ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ကျောက်စာတိုင်ကျေးရွာ၊ ဘူးသီးတောင်မြို့နယ်၊ ရခိုင်ပြည်နယ်

၁၇။ ဘဒ္ဒန္တဇောတိက၊ သာသနာ့ဇောတိကာရုံကျောင်းတိုက်၊ (၅)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၈။ ဘဒ္ဒန္တဥဂ္ဂံသ၊ သာဓုပရိယတ္တိစာသင်တိုက်၊ နတ်စင်လမ်း၊ သာဓုအနောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၉။ ဘဒ္ဒန္တသူရိယ၊ နာယကချုပ်ကျောင်း၊ ကျောင်းကြီးတိုက်၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၀။ ဘဒ္ဒန္တဉာဏဗလ၊ ကျောက်ကုန်းတောရ မေဒိနီကျောင်းတိုက်၊ ကျောက်ကုန်းလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၁။ ဒေါက်တာဘဒ္ဒန္တနေမိန္ဒ၊ သာသနဇောတိက ပရိယတ္တိစာသင်တိုက်၊ ဆရာစံလမ်း၊ ၃၂- တိုးချဲ့ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၂။ ဘဒ္ဒန္တစန္ဒိမာဘိဝံသ၊ မင်းကျောင်းပထမပြန်စာသင်တိုက်၊ မြို့သစ်အလယ်ရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၃။ ဘဒ္ဒန္တဇောတိက၊ မိုးကုတ်ဝိပဿနာဇနိတာရာမကျောင်းတိုက်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၄။ ဘဒ္ဒန္တရေဝတ၊ ကြာနီကန်ကျောင်း၊ လိပ်ပြာကန်တိုက်၊ ငါးထပ်ကြီးမြောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၅။ ဘဒ္ဒန္တဓမ္မပိယ၊ ဇွဲစုံသာသနာရာမကျောင်းတိုက်၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၆။ ဘဒ္ဒန္တဝိရောစန၊ မဟာသုခါရာမပရိယတ္တိစာသင်တိုက်၊ ဓမ္မပါလလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၇။ ဒေါက်တာဘဒ္ဒန္တကောဝိဒ၊ မဇ္ဈိမဂုဏ်ရည်မဟာစည်သာသနာ့ရိပ်သာ၊ ၁၀/တောင်၊ (၁၁)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၈။ ဘဒ္ဒန္တဝိမလာဘိက္ခ၊ ဓမ္မရောင်ခြည်ကျောင်းတိုက်၊ နားစံကျေးရွာ၊ မိုင်းရှူးမြို့နယ်၊ ရှမ်းပြည်နယ်

၂၉။ ဘဒ္ဒန္တဝိဇယ၊ သာသနာ့ဝေပုလ္လသာသနာပြုပရိယတ္တိစာသင်တိုက်၊ (၃)ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်

၃၀။ ဘဒ္ဒန္တစန္ဒောဘာသ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ စလင်းကျေးရွာ၊ ဖယ်ခုံမြို့နယ်၊ ရှမ်းပြည်နယ်

၃၁။ ဘဒ္ဒန္တသုဇာတ၊ အရှေ့ခါးရိုးပရိယတ္တိစာသင်တိုက်၊ ရပ်ကွက်(၉)၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်

၃၂။ ဘဒ္ဒန္တဝိမလ၊ ခတ်စွမ်စိုင့်ဟိုနမ့်တောရ ဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၊ မိုင်းလင်းအနောက်ကျေးရွာ၊ တာချီလိတ်မြို့နယ်၊ ရှမ်းပြည်နယ်

၃၃။ ဘဒ္ဒန္တကောဝိဒ၊ မြို့မဓမ္မရိပ်သာကျောင်းတိုက်၊ ရှင်ပင်ဘုန်းပွင့်လမ်း၊ (၃)ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

၃၄။ ဘဒ္ဒန္တပညာဇောတာဘိဝံသ၊ မရမ်းကျောင်းတိုက်၊ (၄)ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

**ပြည်ပဘွဲ့ခံဆရာတော်ကြီးများ**

၃၅။ Ven. Hye Jung, Seongwonsa, Yooli2gil 2-17, Yongsan-myeon, Yeongdong-gun, Choongbuk, South Korea.

၃၆။ Ven. Somboun SIRIPANNO, Wat Sayaphoum, Sayaphoum Village, Kaisonphomvihan City, Savannakhet Province, Lao PDR.

၃၇။ ဒေါက်တာဘဒ္ဒန္တအရိယဓမ္မ၊ သီတဂူဗုဒ္ဓဝိဟာရကျောင်းတိုက်၊ အော်စတင်မြို့၊ တက္ကဆက်ပြည်နယ်၊ အမေရိကန်နိုင်ငံ

### မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တစန္ဒဇောတိ၊ အေးသာယာရွာသစ်ကုန်းထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ မောရဝတီရပ်ကွက်၊ မံစီမြို့၊ ကချင်ပြည်နယ်

၂။ ဘဒ္ဒန္တသူရိယ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဝီးသဲကူးကျေးရွာ၊ ဒီးမော့ဆိုမြို့နယ်၊ ကယားပြည်နယ်

၃။ ဘဒ္ဒန္တကေသရ၊ မဟာသုခအောင်မင်္ဂလာဘေးမဲ့ကျောင်းတိုက်၊ ရွှေကုက္ကိုလ်မြိုင်ကျေးရွာ၊ မြဝတီမြို့နယ်၊ ကရင်ပြည်နယ်

၄။ ဘဒ္ဒန္တဝရသာမိ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ကူးဝကျေးရွာ၊ ပလက်ဝမြို့နယ်၊ ချင်းပြည်နယ်

၅။ ဘဒ္ဒန္တသုစိတ္တ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ရေဇွာမြို့၊ မတူပီမြို့နယ်၊ ချင်းပြည်နယ်

၆။ ဘဒ္ဒန္တစိန္တိတ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ သာယာကုန်းကျေးရွာ၊ ခန္တီးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၇။ ဒေါက်တာဘဒ္ဒန္တကုန္ဒာစရိယ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၈။ ဘဒ္ဒန္တပညာဇောတ၊ ရွှေမင်းဝံပုညကုသလကျောင်းတိုက်၊ ပိတောက်ရွှေဝါရပ်ကွက်၊ ကော့သောင်းမြို့၊ တနင်္သာရီတိုင်းဒေသကြီး

၉။ ဘဒ္ဒန္တသုမနမောဠိ၊ ကျောင်းစုဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ ကျောင်းစုကျေးရွာ၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်

၁၀။ ဘဒ္ဒန္တဝိဒူရ၊ မဏိသေလာလင်္ကာရာမတောင်ကျောင်းတိုက်၊ နိဗ္ဗာန်ကျေးရွာ၊ ကဝမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၁၁။ ဘဒ္ဒန္တပညိန္ဒ၊ အောင်မင်္ဂလာကျောင်း၊ မူလမဟာမုနိန္ဒာရာမစကုတိုက်၊ သိရိဟေမာအနောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၂။ ဘဒ္ဒန္တပဏ္ဍိတ၊ အောင်မြေဗောဓိ အလိုတော်ပြည့်စာသင်တိုက်၊ အမှတ်(၇)နယ်မြေ၊ ဝက်ကြီးအင်းရပ်၊ ညောင်ဦးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၃။ ဘဒ္ဒန္တပညာသေဋ္ဌ၊ အောင်မြေသုခသာသနာပြုကျောင်းတိုက်၊ ချောင်းနက်ကျေးရွာ၊ မင်းပြားမြို့နယ်၊ ရခိုင်ပြည်နယ်

၁၄။ ဘဒ္ဒန္တကုန္ဒဝံသ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ ကိုးကန်တန်းကျေးရွာ၊ အမ်းမြို့နယ်၊ ရခိုင်ပြည်နယ်

၁၅။ ဘဒ္ဒန္တပညာတေဇ၊ ဒေဝဒဟသဗ္ဗသိဒ္ဓိလောကနတ်ပရဟိတနတ်စင်တစ်ရာကျောင်းတိုက်၊ ဘုရားကုန်းကျေးရွာ၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆။ ဘဒ္ဒန္တပညာဝံသ၊ ပဏ္ဍိတာရာမပရိယတ္တိစာသင်တိုက်၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၇။ ဘဒ္ဒန္တနိမလ၊ နန္ဒာအောင်မြေကျောင်း၊ လိပ်ပြာကန်ကျောင်းတိုက်၊ ငါးထပ်ကြီးမြောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၈။ ဘဒ္ဒန္တနန္ဒိယသာရ၊ ရွာဦးကျောင်း၊ ရှမ်းတဲကြီးအထက်စံပြကျေးရွာ၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

(ဆက်လက်ဖော်ပြပါမည်)

# ဆရာကြီးဦးဖေမောင်တင်၊ ဆရာဇော်ဂျီတို့ စေတနာဆရာ၊ ဝါသနာဆရာတွေ အနစ်နာခံပြီး ဒီလိုဆောင်ရွက်ခဲ့တဲ့ ဆရာတွေ အများကြီးပြလို့ရတယ်

ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဒေါက်တာသန်းဦး

## ပညာရေးတွင် ဆရာများ၏အခန်းကဏ္ဍနှင့် အမျိုးသားဆရာ တိုးမြှင့်ခန့်ထားရေးစကားဝိုင်း ကျင်းပ

သတင်း-နန္ဒာဝင်း၊ ဝင်းဝင်းမော်
ဓာတ်ပုံ- ဝင်းဝင်း

**ပညာရေးတွင် ဆရာများ၏ အခန်းကဏ္ဍနှင့် အမျိုးသားဆရာတိုးမြှင့်ခန့်ထားရေး စကားဝိုင်းဆွေးနွေးပွဲကို ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့ ပူးပေါင်းရိုက်ကူးထုတ်လွှင့်ခဲ့ပါသည်။ အဆိုပါ စကားဝိုင်းဆွေးနွေးပွဲတွင် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဒေါက်တာသန်းဦး၊ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (တာဝန်) ဦးကိုလေးဝင်း၊ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်အောင်မင်း၊ အမျိုးသားပညာရေးမူဝါဒကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာဝင်းအောင်နှင့် ဦးထွန်းလှ၊ ရန်ကုန်တိုင်းဒေသကြီး အလက(၉) အင်းစိန် ကျောင်းအုပ် ဦးစိုးထွန်းထွန်းနိုင်၊ ရန်ကုန်တိုင်းဒေသကြီး အထက (၄) သဃ်န်းကျွန်းမှ အထက်တန်းပြဆရာ ဦးလင်းလင်းထိုက်နှင့် ရန်ကုန်ပညာရေးတက္ကသိုလ် ပဥ္စမနှစ်ကျောင်းသား မောင်အားမာန်ထက်တို့က ပါဝင်ဆွေးနွေးခဲ့ကြသည်-**

**ယမန်နေ့မှအဆက်**

**ဒေါက်တာဝင်းအောင်** ။ ။ လက်တွေ့ လုပ်ကိုင်ဆောင်ရွက်တဲ့အပိုင်းမှာတော့ နှစ်ခု စဉ်းစားမိပါတယ်။ တစ်ခုက ဆရာလုပ်ငန်းထဲကို မဝင်ခင်မှာ သူတို့ကို ရွေးချယ်လေ့ကျင့်သင်ကြားပေးတဲ့မှုတွေ ဖြစ်တယ်။ ဒုတိယအပိုင်းကတော့ ရောက်ပြီးတဲ့အခါ အဲဒီဆရာတွေကို ဘယ်လိုထိန်းထားမလဲဆိုတာနဲ့ပတ်သက်တဲ့မှုတွေဖြစ်ပါတယ်။ ပထမမှုကတော့ စောစောက ဆရာကြီး ဒေါက်တာအောင်အောင်မင်းလည်း လက်ရှိမှုတွေကိုတော့ တင်ပြဆွေးနွေးသွားပြီး ဖြစ်ပါတယ်။ အဲဒီထဲက တချို့မှုတွေကိုတော့ ပြင်ဖို့လိုကောင်းလိုမှာ ဖြစ်ပါတယ်။ အထူးသဖြင့်တော့ အမျိုးသားဆရာတွေကို ဆွဲဆောင်နိုင်ဖို့ဆိုရင် ပညာရေးတက္ကသိုလ်တွေ၊ ပညာရေးကောလိပ်တွေကို ဝင်ခွင့်သတ်မှတ်ချက်တွေပဲဖြစ်ဖြစ်၊ ဘွဲ့ရပြီးတဲ့အခါ ဆရာအဖြစ်နဲ့ အလုပ်ဝင်ဖို့အတွက် ဝင်လာကြတဲ့သူတွေရဲ့ အရည်အချင်းသတ်မှတ်ချက်နဲ့ ပတ်သက်ပြီးတော့ပဲဖြစ်ဖြစ်၊ နောက်ပြီး လက်တွေ့နဲ့ အနီးစပ်ဆုံးဖြစ်တဲ့ အမျိုးသားဆရာတွေကို ပိုပြီးဆွဲဆောင်နိုင်မယ့် အနိမ့်ဆုံးစံလေးတစ်ခု သတ်မှတ်ပြီး အဲဒီစံနဲ့ လိုက်လျောညီထွေဖြစ်တဲ့ ရွေးချယ်မှုပုံစံမျိုးကိုပြင်ဖို့ လိုကောင်းလိုမှာ ဖြစ်ပါတယ်။

### ရည်မှန်းချက်ထား

ဒုတိယအနေနဲ့ကတော့ အထူးသဖြင့် ဒီအခက်အခဲဟာ နယ်စပ်ဒေသ ဝေးလံခေါင်ဖျားအရပ်တွေမှာရှိတဲ့ ကျောင်းတွေမှာ ပိုပြီးတော့ ရင်ဆိုင်နေရတာ ဖြစ်တဲ့အတွက် ဒေသခံတွေကိုပဲ၊ ဒေသခံတွေထဲကမှ ဒေသခံအမျိုးသားဆရာလောင်းတွေကိုပဲ ပိုပြီး ရည်မှန်းချက်ထားပြီး လုပ်ဆောင်နေတာမျိုးတွေ။ တချို့နိုင်ငံတွေကတော့ အဲဒီလို အမျိုးသားဆရာတွေကိုဆွဲဆောင်နိုင်ဖို့ဆိုရင် ပညာရေးကောလိပ်တွေ၊ ပညာရေးတက္ကသိုလ်တွေတက်တဲ့အခါ ပညာသင်ထောက်ပံ့ကြေးပေးပြီး ဒီလိုမျိုးမက်လုံးလေးနဲ့ ဆွဲဆောင်တာမျိုးတွေလုပ်တဲ့နိုင်ငံတွေ အများအပြားရှိပါတယ်။ ဒါမျိုးလည်း ကျွန်တော်တို့ စဉ်းစားသင့်တယ်လို့ ထင်တယ်။

နောက်တစ်ခုကတော့ တော်တော်များများ နိုင်ငံတွေမှာ အခု အမျိုးသားဆရာတွေကို ဆွဲဆောင်နိုင်ဖို့ဆိုရင် အပြင်မှာ ဈေးကွက်စီးပွားရေးသမားတွေရဲ့ လုပ်ပုံလုပ်နည်းတွေကို ပညာရေးဝန်ကြီးဌာနတွေကလည်း လုပ်ပါတယ်။ အဲဒါက ဘာလဲဆိုတော့ Marketing ဆရာတွေကို ရွေးနိုင်ဖို့အတွက် အခြေခံပညာကျောင်းတွေကို ဆင်းပြီး ဆယ်တန်းဖြေမယ့်ကလေးတွေကိုတွေ့ပြီး အောင်ရင် ပညာရေးကောလိပ်၊ ပညာရေးတက္ကသိုလ်တွေလာအောင်၊ တက္ကသိုလ်ဆိုရင်လည်း တက္ကသိုလ်တွေမှာသွားပြီး ပညာရေးကောလိပ်၊ ပညာရေးတက္ကသိုလ်တွေမှာ ဘွဲ့လွန် Certificate သင်တန်းပဲဖြစ်ဖြစ်၊ ဒီပလိုမာသင်တန်းပဲဖြစ်ဖြစ် တက်နိုင်အောင် ဆွဲဆောင်စည်းရုံးတဲ့ လှုပ်ရှားမှုမျိုးတွေ လုပ်တာတွေလည်း ရှိပါတယ်။ ကျွန်တော်တို့လည်း ဒါမျိုးတွေ စဉ်းစားရင်ကောင်းမယ်လို့ ထင်ပါတယ်။ အဲဒါ ရွေးချယ်တဲ့အပိုင်းမှာ စဉ်းစားရမယ့်ပုံစံမျိုးတွေ ဖြစ်ပါတယ်။ ဒုတိယကတော့ လုပ်ငန်းခွင်ထဲကို အမျိုးသားဆရာတွေရောက်လာပြီဆိုရင် အဲဒီဆရာတွေ ထွက်မသွားအောင် ထိန်းတဲ့အပိုင်းပါ။ ထိန်းရမယ့်အပိုင်းနဲ့ ပတ်သက်ရင်တော့



ကျွန်တော်တို့ အခြေခံပညာဦးစီးဌာနက ဆရာကြီး ဦးကိုလေးဝင်းလည်းရှိပါတယ်။ သေသေချာချာ ဒါကို စောင့်ကြည့်လေ့လာမှာဖြစ်ပါတယ်။

စောစောက ကိန်းဂဏန်းတွေကို ပြန်ပြောရမယ်ဆိုရင် တဖြည်းဖြည်း အမျိုးသမီးတွေ များများလာတယ်ဆိုပေမယ့် ပြန်ကြည့်လိုက်တော့ ၂၀၀၅၊ ၂၀၀၆ ခုနှစ်လောက်က လူတိုင်းအတွက် ပညာရေးအစီရင်ခံစာတစ်စောင် ကျွန်တော်တို့ မြန်မာပြည်က ယူနက်စကိုကို တင်သွင်းတာ ရှိပါတယ်။ အဲဒီမှာ ကျွန်တော်ကြည့်လိုက်တော့ အမျိုးသမီး ရာခိုင်နှုန်းဟာ မူလတန်းမှာ ၈၆ ရာခိုင်နှုန်းလောက် ရှိပါတယ်။ အခု ၈၃ ဆိုတော့ ဘာပဲဖြစ်ဖြစ် အမျိုးသား နည်းနည်းများလာတဲ့သဘောရှိတယ်လို့ ကျွန်တော်တို့ သုံးသပ်လို့ရပါတယ်။ ဒီလိုမျိုးလေးဖြစ်လာတယ်ဆိုရင် နောက်ထပ်၊ နောက်ထပ် အမျိုးသားဆရာတွေကို ဆွဲဆောင်နိုင်အောင် ရှိပြီးသားအမျိုးသားဆရာတွေကို ပညာရေးစနစ်ထဲမှာထိန်းထားနိုင်အောင်လို့ ကိန်းဂဏန်းနဲ့ သေသေချာချာ နှစ်စဉ်စောင့်ကြည့်ပြီး ဘယ်လိုဖြစ်နေသလဲ၊ ဒီအပေါ်မှာ ဘယ်လို တုံ့ပြန်ဆောင်ရွက်နိုင်မလဲဆိုတာ စောင့်ကြည့်လေ့လာတာမျိုးလည်း ကျွန်တော်တို့လုပ်ဖို့လိုပါတယ်။

### ကြီးကြပ်လမ်းညွှန်

ဒုတိယကတော့ နိုင်ငံတော်တော်များများမှာ လုပ်ပါတယ်။ အဲဒါက လုပ်ငန်းခွင်ထဲကိုရောက်လာပြီးသား အမျိုးသားဆရာတွေကိုပဲ အနီးကပ်ပေါ့၊ ဒီပညာရေးနယ်ပယ်ထဲမှာပဲ ဒီဆရာက စွဲမြဲနေအောင် အခြားရောက်ပြီးသား သူ့ထက် ပိုဝါရင့်တဲ့ဆရာတစ်ယောက်က အနီးကပ် ကြီးကြပ်လမ်းညွှန် ပံ့ပိုးကူညီတဲ့စနစ်ပါ။ အဲဒါလေးက လက်ရှိမှာလည်း ပညာရေးဝန်ကြီးဌာနက ကမ္ဘာ့ဘဏ်လို အဖွဲ့အစည်းတွေနဲ့ လက်တွဲပြီး လုပ်နေတာတွေရှိပါတယ်။ သူက ယေဘုယျ ဆရာ ဆရာမ အကုန်လုံးကို ရည်ရွယ်ပြီး လုပ်နေတာ။ အဲဒီအထဲမှာ ကျွန်တော်တို့က အမျိုးသားဆရာတွေကိုပဲ ဦးစားပေးပြီးတော့ ဒါကို အလေးအနက်ထားပြီး အနီးကပ်ကြီးကြပ်လမ်းညွှန်ပံ့ပိုးတဲ့ အစီအစဉ်မျိုးလေးလုပ်နိုင်ရင် ပိုပြီးကောင်းမယ်လို့ထင်ပါတယ်။

အချုပ်အနေနဲ့ ပြောမယ်ဆိုရင်တော့ အဓိကအရေးအကြီးဆုံးက ပြုပြင်ပြောင်းလဲမှုက စောစောက ဆရာလည်း ထပ်ကာထပ်ကာပြောတာရှိပါတယ်။ အဲဒါက ကျွန်တော်တို့ရဲ့ လက်ရှိ ဆရာ ဆရာမတွေရဲ့ အလုပ်ခွင်အတွင်း အဆင့်အတန်းသတ်မှတ်မှုကိစ္စပါ။ ဒါကိုတော့ ကျွန်တော်တို့က မဖြစ်မနေ ပြုပြင်ပြောင်းလဲဖို့ လိုလိမ့်မယ်။ အဲဒါမှသာ အမျိုးသားဆရာတွေကို ဆွဲဆောင်နိုင်မယ်။ ရောက်ပြီးသား ဆရာတွေကိုလည်း ထိန်းထားနိုင်မယ်။ ဒါလေးတွေကို လုပ်သင့်တယ်လို့ ထင်ပါတယ်။

**အစီအစဉ်မှူး** ။ ။ ဆရာဦးရေ များပြားလာဖို့အတွက် ဘယ်လိုတွေဆွဲဆောင်ခေါ်ယူလို့ ရနိုင်မလဲဆိုတာ ပြောပြပေးပါ။

**ဒေါက်တာအောင်အောင်မင်း** ။ ။ ကျွန်တော်ကတော့ Pre - Service Training မှာ နှစ်မျိုးပေါ့လေ။ တစ်မျိုးက Pre - service Primary Teachers Training (PPTT) သင်တန်းနဲ့ Diploma in Teacher Education (DTEd)ပေါ့။ အဲဒီနှစ်ခုစလုံးက ကျား၊ မ အညီအမျှ ခေါ်တာပဲ။ ရွေးတာပဲ။ ဒါပေမယ့် ခုနပြောသလိုပဲ လျှောက်ထားတဲ့အခါမရတော့ မိန်းကလေးဘက်ကို ရွေးရတာရှိတယ်။ ခုန ဆရာကြီးတို့ အကြံပေးသွားသလိုပဲ၊ နံပါတ် ၁ အနေနဲ့ နယ်ခံယောကျ်ားလေးကို အဓိကဦးစားပေးရမယ်။ နောက်ဆရာကြီးက ပညာသင်စရိတ်ထောက်ပံ့ကြေးငွေပေါ့၊ အခုလောလောဆယ်မှာ ကျွန်တော်တို့က ကျောင်းသားတစ်ယောက်ကို တစ်လသုံးသောင်းထောက်ပံ့ထားတယ်။ အဆောင်လည်း ပေးထားတယ်။ အဲဒီတော့ ကျောင်းသားတစ်ယောက်က အခြေခံပညာအထက်တန်းအောင်လာပြီး ပညာရေးကောလိပ်၊ ပညာရေးတက္ကသိုလ်ကို ရောက်လာပြီဆိုကတည်းက အဆောင်နေရမယ်။ နောက်ပြီးတစ်လသုံးသောင်းထောက်ပံ့ကြေးရမယ်။ ရပြီးတာနဲ့ တစ်ခါတည်း အလုပ်ရမယ်။ ဒါက သေချာတယ်။

### နယ်ခံယောကျ်ားလေးကို ဦးစားပေး

ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်တွေဆိုတာ ဘွဲ့ရပြီးရင် ဘယ်အလုပ်ရမယ်ဆိုတာ မသေချာဘူး။ ဆေးတက္ကသိုလ်တောင် မသေချာပါဘူး။ ကျွန်တော်တို့ဘက်က သေချာတယ်။ ထောက်ပံ့ကြေးလည်းရမယ်။ ကျွန်တော့် Pre - Service မှာ သူတို့ကို ပိုဆွဲဆောင်ဖို့ဆိုရင်တော့ ပညာသင်ထောက်ပံ့ကြေးပိုပြီးပေးတာတို့၊ နောက်ပြီး နယ်ခံယောကျ်ားလေးကို ဦးစားပေးရမယ်။ နယ်မှာမြဲနေဖို့အတွက် ဒီနှစ်ဆိုရင် တိုင်းဒေသကြီးအစိုးရအဖွဲ့တွေရှိတယ်၊ တခြား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဖွဲ့အစည်းတွေရှိတယ်။ အဲဒီအဖွဲ့အစည်းတွေက တောင်းဆိုတဲ့ သူတို့နယ်ခံ၊ သူတို့လူ၊ သူတို့ဆီမှာမွေး၊ သူတို့ဆီမှာကြီး၊ သူတို့ဆီကပဲ ဆယ်တန်းအောင်၊ ဒါပေမယ့် အခုကျွန်တော်တို့က အမှတ်ကိုအခြေခံပြီး အဓိက ရွေးတယ်။ ရွေးတဲ့အတွက် သူတို့လူပြုတ်သွားတာလည်းရှိတယ်။ အဲဒါကို သူတို့တောင်းဆိုရင် အဲဒီအထဲက ငါးရာခိုင်နှုန်း၊ အခု ၁၀ ရာခိုင်နှုန်းအထိထည့်ဖို့ သူတို့နယ်ခံကို ဦးစားပေးထားပါတယ်။

နောက်ပြီး အလုပ်ဝင်ပြီးသွားလို့ မထွက်အောင်ကျတော့လည်း အဓိကကတော့ သူ့အဆင့်အတန်းနဲ့ညီတဲ့ လစာပေါ့။ နောက်ပြီး နေစရာ ထိုင်စရာ ကျွန်တော်တို့ လုံးဝမပေးနိုင်ပါဘူး။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနရဲ့ ပညာရေးအသုံးစရိတ်ရဲ့ ၈၅ ရာခိုင်နှုန်းက လခပဲလို့ သိရတယ်။ ကျန်တဲ့ ၁၅ ရာခိုင်နှုန်းက ကျောင်းသားတွေအတွက် ကျောင်းဆောင်ဆောက်တာ၊ တခြားကိစ္စတွေပေါ့။ ၈၅ ရာခိုင်နှုန်းက လခပဲဆိုကတည်းက ဆရာ ဆရာမတွေနေဖို့ ဆောက်ပေးတဲ့ အိမ်သီးသန့်ဆိုတာ လုံးဝမရှိဘူး။ အဲဒီတော့ ကျွန်တော်တို့ ဆရာတွေ၊ ဆရာမတွေက နေစရာအိမ်လည်း ကိုယ့်ဘာသာကိုယ်ဖန်တီးရတယ်။ လစာကလည်းနည်းတယ်၊ နည်းတော့ အိမ်ထောင်ဦးစီးအနေနဲ့ ရပ်တည်ဖို့ သိပ်ခက်တယ်။ သိပ်ခက်သွားတဲ့ ယောကျ်ားလေးက ဝင်မလာတော့ဘူး။ အဲဒီတော့ အဲဒီအဆင့်အတန်းလေးတွေ ပြောင်းပေးမယ်။ နေစရာရလိုက်ရင်ကို ရန်ကုန်မြို့ပေါ်မှာ နေစရာတစ်နေရာရလိုက်ရင်ကို တော်တော်အဆင်ပြေတာ။ အဲဒါမျိုးလေးတွေကို အခြေခံပညာနဲ့ အဆင့်မြင့်ပညာပေါင်းပြီး နောက်ပြီး ဆရာကြီးပြောသလို TCSF (Teacher Competency Standard Framework) တစ်ခုရေးဆွဲပြီးဖြစ်တဲ့အတွက် အလုပ်ခွင်အတွင်းမှာ အဆင့်အတန်းရှိတဲ့ လစာနဲ့ ရာထူးလေးတစ်ခု ရသွားမယ်ဆိုရင် ယောကျ်ားလေးတွေ ရလာမယ်လို့ထင်ပါတယ်။

**အစီအစဉ်မှူး** ။ ။ ဆရာတို့ဆီမှာ လျှောက်လွှာတွေခေါ်ယူတဲ့အခါ ယောကျ်ားလေးဦးရေ မပြည့်တဲ့အတွက် မိန်းကလေးဦးရေကို ထပ်ဖြည့်တင်းရတယ်လို့ သိရပါတယ်။ ဒီလို မိန်းကလေးဦးရေကို မဖြည့်တင်းဘဲ ယောကျ်ားလေးဦးရေကို ဖြည့်လို့ရနိုင်မယ့် နည်းလမ်းရော မရှိနိုင်ဘူးလား။ အဲဒါနဲ့ ပတ်သက်ပြီးတော့လည်း ပြောပြပေးပါ။

**ဒေါက်တာအောင်အောင်မင်း** ။ ။ ရှိနိုင်ပါတယ်။ ကျွန်တော်တို့က အဓိက မြို့နယ်ကို အခြေခံထားလိုက်လို့ပါ။ မြို့နယ်ကို အခြေခံတယ်။ အဲဒါမှ မရရင်ခရိုင်၊ ခရိုင်မှမရရင် တိုင်းဒေသကြီးပါ။ ခုန ကျွန်တော် ဥပမာပြောခဲ့တယ်။ ရန်ကုန်တိုင်းဒေသကြီးဆိုရင် တိုင်းဒေသကြီး တစ်ခုလုံးဆိုရင် မရတော့ဘူး။ ဒါပေမယ့်တစ်နိုင်ငံလုံး အတိုင်းအတာနဲ့တွက်ရင် ရတယ်။ အဲဒီတော့ ရန်ကုန်တိုင်းဒေသကြီးမှာ ဝိဇ္ဇာယောကျ်ားလေး လိုအပ်နေတယ်။ ကျွန်တော် ဘယ်ကရနိုင်သလဲဆိုတော့ ဧရာဝတီတိုင်းဒေသကြီးက ရနိုင်တယ်။ ဒါမှမဟုတ် ပဲခူးတိုင်းဒေသကြီးကလည်းရနိုင်တယ်။ ကျွန်တော်တို့ လျှောက်လွှာခေါ်ကတည်းက၊ ကျွန်တော်တို့ ပညာရေးကောလိပ်ကိုတက်ဖို့ လျှောက်ပြီဆိုကတည်းက မည်သည့်ပညာရေးကောလိပ်ကိုမဆို တက်နိုင်ရမည်ဆိုတာပါတယ်။ ကျွန်တော်တို့ ပညာရေးကောလိပ် ၂၅ ကျောင်းရှိပါတယ်။ အဲဒီ ၂၅ ကျောင်းစလုံးမှာ တက်နိုင်ရမယ်ဆိုတဲ့အတွက် တက်လို့ရပါတယ်။

### အဓိကထားဆောင်ရွက်

ဒါပေမယ့် ကျွန်တော်တို့က စဉ်းစားတာက ဥပမာ-ခွဲတမ်းက ဧရာဝတီတိုင်းဒေသကြီးက ခေါ်လိုက်ရင် ရန်ကုန်တိုင်းဒေသကြီးက ခွဲတမ်းလျော့သွားမယ်။ ရန်ကုန်တိုင်းဒေသကြီးက ခွဲတမ်းလျော့သွားရင်လည်း ရန်ကုန်တိုင်းဒေသကြီးက သူ့ခွဲတမ်းကို ပေးမှာမဟုတ်ဘူး။ နောက်ပြီး ဧရာဝတီတိုင်းဒေသကြီးကလူကိုခေါ်ပြီး ရန်ကုန်တိုင်းဒေသကြီးမှာ ထည့်ပေးလိုက်မယ်။ သင်ပြီး ရန်ကုန်တိုင်းဒေသကြီးမှာ အလုပ်ခန့်လိုက်မယ်။ ဒါပေမယ့် နှစ်နှစ်၊ သုံးနှစ်နေရင် သူက သူ့ဧရာဝတီတိုင်းဒေသကြီးကို ပြန်ပြောင်းချင်တယ်။ အဲဒီလိုမျိုးလေးတွေပေါ့။ ဒါပေမယ့် အခုဆရာရဖို့အတွက် အဓိကထားပြီးတော့ ဆောင်ရွက်မယ်ဆိုရင်တော့ ရပါတယ်။ အဲဒီလိုကျရင်တော့ ကျွန်တော်တို့ လျှောက်လွှာခေါ်ကတည်းက မည်သည့်ပညာရေးကောလိပ်တွင်မဆို တက်နိုင်ရပါမယ်။ ပြီးတော့ မူလတန်းပြဆရာအဖြစ် ဒေသမရွေး ထမ်းဆောင်နိုင်ရပါမယ်။ သုံးနှစ်ဆိုသုံးနှစ်၊ ငါးနှစ်ဆို ငါးနှစ် အဲဒါမျိုးလေး ထည့်လိုက်ရင်တော့ ပိုပြီး အဆင်ပြေသွားမယ်လို့ ထင်ပါတယ်။

စာမျက်နှာ ၁၄ သို့ »»

**ကျွန်တော်တို့ရဲ့ လက်ရှိ ဆရာ ဆရာမတွေရဲ့ အလုပ်ခွင်အတွင်း အဆင့်အတန်းသတ်မှတ်မှုကိစ္စပါ။ ဒါကိုတော့ ကျွန်တော်တို့က မဖြစ်မနေ ပြုပြင်ပြောင်းလဲဖို့ လိုလိမ့်မယ်။ အဲဒါမှသာ အမျိုးသားဆရာတွေကို ဆွဲဆောင်နိုင်မယ်။ ရောက်ပြီးသား ဆရာတွေကိုလည်း ထိန်းထားနိုင်မယ်။**

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် နှစ်သစ်ကူးတရားအလှူတော်ဓမ္မသဘင်(တတိယနေ့) စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၃**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် နှစ်သစ်ကူး တရားအလှူတော်ဓမ္မသဘင်(တတိယနေ့) အခမ်းအနားကို ယနေ့ည ၇ နာရီခွဲက ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပရာ တရားနာပရိသတ်နှစ်သိန်းကျော် ရိုသေစွာနာယူကြည်ညိုကြသည်။

ရှေးဦးစွာ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရထံမှ တရားနာပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

**ရိုသေစွာနာယူကြည်ညို**

ထို့နောက် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရက "နှလုံးသားမှာ ဘုရားတည်ပါ" တရားတော်အား ဟောကြားရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တရားနာပရိသတ်များက ရိုသေစွာနာယူကြည်ညိုကြသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် နှစ်သစ်ကူး အလှူတော် ဓမ္မသဘင်အခမ်းအနားကို ၂၀၁၆ ခုနှစ်မှ စတင်၍ ကျင်းပခဲ့ရာ ယခုသည် တတိယအကြိမ်မြောက် ကျင်းပခြင်းဖြစ်သည်။ ထိုသို့ ကျင်းပရာတွင် တရားနာပရိသတ်များ အဆင်ပြေစေရန်အတွက် ဖိတ်ကြားရေး၊ ကြိုတင်နေရာချထားရေး၊ သယ်ယူပို့ဆောင်ရေး၊ လုံခြုံရေး၊ ကျန်းမာရေးအစရှိသည့် ဆပ်ကော်မတီ ၁၁ ခုကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

**လေ့လာလိုက်စားသင့်**

အလုံမြို့နယ်မှ တရားနာလာရောက်သည့် ဦးတင်ဝင်းက "ဆရာတော်ကြီးတွေရဲ့ ဩဝါဒခံယူလိုက်တဲ့အခါ ကျတော့ လူတွေရဲ့ စိတ်သဘောထားလေးတွေကောင်းလာတယ်။ ကိုယ်မသိတာလေးတွေလည်း သိလာရတယ်။ နှစ်သစ်ကူးတရားပွဲ စတင်ကျင်းပကတည်းက ဒီနှစ်နဲ့ဆို တရားနာလာတာ သုံးနှစ်ရှိပြီ။ ဗုဒ္ဓဘာသာဝင်တွေအနေနဲ့ တရားပွဲတွေက ကင်းလွတ်လို့မရဘူး။ အသက်အရွယ်ကြီးလာတဲ့အတွက် တရားဓမ္မက လေ့လာလိုက်စားသင့်တယ်။ တရားပွဲကို လူငယ်တွေပါလာတဲ့အတွက် ဝမ်းသာစရာကောင်းပါတယ်။ အချိန်ကို အလဟဿဖြုန်းတီးမယ့်အစား ဆရာတော်ကြီးတွေရဲ့ ဩဝါဒတရားဓမ္မတွေ နာယူမယ်ဆိုရင် လိမ္မာယဉ်ကျေးဖို့ လမ်းကြောင်းပေါ် ရောက်သွားလိမ့်မယ်လို့မြင်ပါတယ်"ဟု ပြောသည်။




နှစ်သစ်ကူးတရားအလှူတော်ဓမ္မသဘင်(တတိယနေ့)တွင် ဆရာတော် ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရ၏ ဟောကြားမှုကို တရားနာပရိသတ်များက နာယူကြည်ညိုကြစဉ်။

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်မှ တရားနာလာရောက်သည့် ဒေါ်ခင်မြတ်ထွေးက ယခုကဲ့သို့ နှစ်ဦးဓမ္မသဘင် ကျင်းပသည့်အတွက် မြန်မာနိုင်ငံသူ ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေဖြင့် ကြည်နူးဝမ်းမြောက်မိကြောင်း၊ ဆရာတော်ကြီးများထံမှ တရားတော်များကို နာကြားခွင့်ရရှိသည့်အတွက် တရားအသိများကို ပိုမိုသိရှိလာမည်ဖြစ်ကြောင်း၊ များစွာအကျိုးရှိကြောင်း ဆိုသည်။

**ကူညီဆောင်ရွက်**

ကျန်းမာရေးစောင့်ရှောက်မှု လုပ်အားဒါနပြုနေသည့် ဗဟိုစည်ဆေးရုံ လက်ထောက်ဆေးရုံအုပ် ဒေါက်တာလှထွေးက "နှစ်ဦးဓမ္မသဘင် တတိယနေ့မှာ ဗဟိုစည်ဆေးရုံကနေ ဆရာဝန်ရှစ်ယောက်၊ ကျန်းမာရေးဝန်ထမ်းလေးဆယ်ကျော်နဲ့ တရားနာပရိသတ်တွေကို ကျန်းမာရေးစောင့်ရှောက်မှု ကူညီဆောင်ရွက်ပေးပါတယ်။ နှစ်တိုင်းလည်းလာပြီး ကျန်းမာရေးစောင့်ရှောက်မှုတွေ ဆောင်ရွက်ပေးပါတယ်။ ဒီနေ့ကတော့ တရားပွဲလာသူတွေထဲက ခေါင်းမူးတာ၊ သွေးတိုး၊ သွေးတက်တာ လာပြကြပါတယ်"ဟုပြောသည်။

တရားနာပရိသတ်များ သွားလာမှုအဆင်ပြေလွယ်ကူစေရန်အတွက် ခရိုင်လေးခုရှိ မြို့နယ်များအလိုက် အခမဲ့အကြို၊ အပို့ယာဉ်များကို စီစဉ်ပေးထားကြောင်း၊ စေတနာရှင်များကလည်း အခမဲ့ အငှားယာဉ်များနှင့်အတူ မိနီဘတ်စ်များဖြင့်လည်း ကူညီဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။

**အခမဲ့ကြို/ပို့ပေး**

နှစ်ဦးဓမ္မသဘင် တရားပွဲသို့ တရားနာလာရောက်သည့်သူများ သွားလာရေးအဆင်ပြေစေရန်အတွက် မော်တော်ယာဉ်များဖြင့် အသွား၊ အပြန်ပို့ဆောင်ပေးနေသည့် Driving Myanmar Group မှ ဦးဒေးဗစ်က "ကျွန်တော်တို့ အဖွဲ့က နှစ်ဦးဓမ္မသဘင်တရားပွဲမှာ ပထမရက်ကနေ နောက်ဆုံးရက်ထိ ကားကြို၊ ပို့ တာဝန်ယူထားပါတယ်။ စုစုပေါင်း ယာဉ်အစီးရေ ၉၀၀ ကျော်ပါပါတယ်။ မြို့နယ်တိုင်းမှာ ကျွန်တော်တို့ အသင်းဝင်ကားတွေရှိတယ်။ အဲဒီကားတွေကနေ တရားပွဲကို စုရပ်ကနေ ခေါ်လာပေးတယ်။ မြို့နယ်စုံကို ခေါက်တုံ့ခေါက်ပြန် အိမ်စီးကားရော၊ တက္ကစီယာဉ်ရော အစီးရေ ၉၀၀ ကျော်နဲ့ အခမဲ့ ကြို/ပို့ပေးပါတယ်။ သန်လျင်၊ လှည်းကူး၊ မှော်ဘီ၊ ထောက်ကြန့်နဲ့ ညောင်တုန်း မြို့နယ် အဝေးကနေ တရားနာလာတဲ့သူတွေလည်း ကြို၊ ပို့ပေးပါတယ်"ဟု ပြောသည်။

အလားတူ နှစ်ဦးဓမ္မသဘင် တတိယနေ့တွင် ရေသန့်နှင့် အချိုရည်ဘူးများ အလှူဒါနပြုနေသည့် လက်ကီးရတနာကုမ္ပဏီ CEO ဦးစံရွှေက "နှစ်ဦးဓမ္မသဘင် တတိယနေ့မှာ လက်ကီးရတနာကုမ္ပဏီအနေနဲ့ သီတဂူဆရာတော်ကြီးပုံတော်တွေ တရားနာလာ ပရိသတ်တွေကို လှူဒါန်းပါတယ်။ ရေသန့်ဘူးတွေ လှူဒါန်းပါတယ်။ ခြောက်ဆယ့် ခြောက်သိန်းဖိုးရှိတဲ့ အချိုရည်ဘူးတွေကို လက်ကီးရတနာကုမ္ပဏီအနေနဲ့ အာရှကုမ္ပဏီနဲ့ပူးပေါင်းပြီး လှူဒါန်းပါတယ်။ မြန်မာ့နှစ်ကူးမဟုတ်ပေမယ့် နိုင်ငံတကာနှစ်ကူးမှာ တရားဓမ္မသဘင်ကို ရွှေတိဂုံခြေတော်ရင်းမှာ ကျင်းပပေးတဲ့အတွက် ပြည်သူအားလုံးက ဝမ်းသာနေပါတယ်" ဟု ပြောသည်။

နှစ်သစ်ကူးတရားအလှူတော် ဓမ္မသဘင်အခမ်းအနားကို ဇန်နဝါရီ ၁ ရက်မှ ၃ ရက်အထိ ည ၇ နာရီခွဲမှစ၍ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပရာ ပထမနေ့တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသက လည်းကောင်း၊ ဒုတိယနေ့တွင် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသက လည်းကောင်း တရားတော်များကို ဟောကြားခဲ့ပြီး ယနေ့သည် တတိယနေ့အဖြစ် ကျင်းပခြင်းဖြစ်သည်။ **ဇော်ကြီး၊ မင်းသစ်(MNA)၊ ဓာတ်ပုံ-လှမိုး**

# အရာထမ်းငယ်နှင့် စာရေးဝန်ထမ်း အခြေခံသင်တန်းဆင်းပွဲများ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၃**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ရတနာသိယ်ခန်းမတွင် အရာထမ်းငယ်အခြေခံသင်တန်း အမှတ်စဉ်(၈၀)(၈၁)(၈၂)နှင့် စာရေးဝန်ထမ်းအခြေခံသင်တန်း အမှတ်စဉ်(၁၆၇)(၁၆၈)(၁၆၉)(၁၇၀)တို့၏ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲ၌ ကျင်းပရာ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ပါမောက္ခချုပ် ဦးအောင်တင်စိုး တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ဆက်လက်၍ သင်တန်းအမျိုးအစားများအလိုက် စံပြဆုရရှိသူများကို ဆုများချီးမြှင့်ပြီး သင်တန်းဆင်း ဂုဏ်ပြုလက်မှတ်များ ပေးအပ်ခဲ့သည်။

ယင်းသင်တန်းဆင်းပွဲသို့ ဒုတိယပါမောက္ခချုပ်(စီမံခန့်ခွဲရေး)၊ ကျောင်းအုပ်ကြီး/ဒုတိယပါမောက္ခချုပ်(သင်ကြားရေး)၊ ဌာနကြီးမှူး/ပါမောက္ခ(ပညာဌာနမှူး)များ၊ ဌာနမှူး/တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ သင်တန်းမှူးများ၊ ဌာနခွဲမှူးများ၊ လက်ထောက်ကထိကများ၊ နည်းပြများနှင့် အရာထမ်းငယ်အခြေခံသင်တန်းအမှတ်စဉ်(၈၀)(၈၁)(၈၂) နှင့် စာရေးဝန်ထမ်းအခြေခံသင်တန်းအမှတ်စဉ်(၁၆၇)(၁၆၈)(၁၆၉)(၁၇၀)သို့ တက်ရောက်ကြသည့် ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့မှ ဒုတိယဦးစီးမှူးအဆင့်ရှိ အရာထမ်းငယ် သင်တန်းသား ၁၈၄ ဦး၊ သင်တန်းသူ ၂၃၈ ဦးနှင့် စာရေးအဆင့်ရှိ သင်တန်းသား ၂၁၂ ဦး၊ သင်တန်းသူ ၂၈၆ ဦး စုစုပေါင်း ၉၂၀ တက်ရောက်ခဲ့ကြောင်းနှင့် သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## စာအုပ်စာပေ လူ့မိတ်ဆွေ


● စည်းကမ်းကို အုတ်မြစ်ချသည် စနစ်ကို တည်ဆောက်သည်၊ ပညာဖြင့် အလှဆင်သည်။
● လာပါ၊ လေ့လာပါ၊ နှိုင်းယှဉ်ပါ၊ သာတယ်ထင်မှ အပ်ပါ။

ဒေါက်တာအောင်မျိုးမင်း နှင့် ဦးထွန်းအောင်ကျော် ဦးစီးသော . . .

UEC
United Education Centre
ကိုယ်ပိုင်အထက်တန်းကျောင်း
KG မှ တက္ကသိုလ်ဝင်တန်းထိ
အဆင့်မြင့်ဘော်ဒါ နှင့် DAY CAMP

၂၀၁၉-၂၀ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ။

အဆင့်မြင့်ဘော်ဒါ – ၇၊၈၊၉၊၁၀ တန်းများအတွက် ကျောင်းသားဆောင်၊ ကျောင်းသူဆောင် သီးသန့်ထားရှိသည်။ တည်ထောင်သူများကိုယ်တိုင် အဆောင်များတွင် အနီးကပ် နေထိုင်စောင့်ရှောက်သည်။ Air-Con တပ် အိပ်ခန်းများနှင့် စာသင်ခန်းများထားရှိသည်။

DAY CAMP – (၄) တန်းမှ တက္ကသိုလ်ဝင်တန်းအထိ SPECIAL CAMP တန်းများ ဖွင့်လှစ်သည်။ အိမ်တွင် မိမိရင်သွေးအား ပြန်မကြည့်နိုင်သော မိဘများအတွက် ရည်ရွယ်သည်။ သင်ကြား၊ လေ့ကျင့်၊ ဖြေဆိုမှုပြည့်စုံ၍ ကျူရှင်ထပ်ယူရန် မလိုတော့ပါ။

မူလတန်း၊ အလယ်တန်း – English 4 - skills၊ ဝန်းချီ၊ တွန်ဖူးတား၊ Kids invent စသော Extracurricular Activities များပါဝင်သည်။

■ Limited Class size များဖြစ်ပါသဖြင့် ကြိုတင်အပ်နှံမှ နေရာသေချာမည်။ (ကျောင်းကားရှိသည်။)
■ (၄)ထပ် အဆင့်မြင့် ကျောင်းဆောင်သစ်ကြီး၏ Air-con တပ် စာသင်ခန်းကျယ်ကြီးများတွင် ပျော်ရွှင်ချမ်းမြေ့စွာ သင်ကြားစေမည်။

ကျောင်း ● အမှတ် (၄၁)၊ ရွှေရတနာလမ်း၊ အောင်မြေသာစည်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
Ph : 09 7800 20647 , 09 7938 93725,09 7938 93726 ,09 7910 10526
ကျောင်းသူဆောင် ● မြေအမှတ် (၁၅ A နှင့် B)၊ စံရိပ်ငြိမ်(၅)လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ကျောင်းသားဆောင် ● မြေအမှတ် (၄)၊ စံရိပ်ငြိမ် (၅) လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

# ဆော်ဒီသတင်းစာဆရာ လုပ်ကြံမှုအပေါ် စွပ်စွဲခံရသူ ငါးဦးအား သေဒဏ်ပေးရန် ဆော်ဒီရှေ့နေချုပ် တောင်းဆို

**ရီယာ့ဒ် ဇန်နဝါရီ ၃**

မကြာသေးမီက တူရကီနိုင်ငံတွင် လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသူ ဆော်ဒီအာရေဗျသတင်းစာဆရာ ဂျမားခါရှော့ဂီနှင့်ပတ်သက်ပြီး စွပ်စွဲခံရသူ ၁၁ ဦးအနက် ငါးဦးအား သေဒဏ်ပေးရန် ဆော်ဒီအာရေဗျရှေ့နေချုပ်က ဇန်နဝါရီ ၃ ရက်တွင် ရီယာ့ဒ်မြို့တရားရုံးချုပ်၌ တရားခွင်ကြားနာစဉ် တောင်းဆိုခဲ့ကြောင်း ယနေ့အေအက်ဖ်ပီ သတင်းတစ်ရပ်အရ သိရသည်။

ပထမအကြိမ်ကြားနာခဲ့သော တရားခွင်တွင် စွပ်စွဲခံရသူ ၁၁ ဦးသည် ၎င်းတို့၏ ရှေ့နေများနှင့်အတူ လာရောက်ကြားနာခဲ့ကြောင်း ဆော်ဒီသတင်းထုတ်ပြန်ရေး အေဂျင်စီ၏ ထုတ်ပြန်ချက်တွင် ရှေ့နေချုပ်က ပြောကြားခဲ့သည်။

အောက်တိုဘာ ၂ ရက်က သတင်းစာဆရာ ခါရှော့ဂီသည် တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့ရှိ ကောင်စစ်ဝန်ရုံးတွင် လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည်။ အဆိုပါကိစ္စရပ်နှင့်ပတ်သက်ပြီး သက်သေအထောက်အထားတစ်စုံတစ်ရာပေးရန်အတွက် ဆော်ဒီအာရေဗျနိုင်ငံက တူရကီအစိုးရထံ နှစ်ကြိမ်တိုင်တိုင် တောင်းခံခဲ့သည်။ သို့သော် မည်သည့် တုံ့ပြန်မှုကိုမျှ ပြုလုပ်ခဲ့ခြင်းမရှိကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ပါရှိသည်။


သေဆုံးမှုနှင့်ပတ်သက်ပြီး စွပ်စွဲခြင်းခံထားရသူများ၏ အမည်စာရင်းကို ထုတ်ပြန်ကြေညာခြင်း မရှိပေ။

နောက်ထပ်ကြားနာမှုကို မည်သည့်နေ့တွင် ထပ်မံကြားနာမည်ဆိုသည်နှင့်ပတ်သက်ပြီးလည်း ဆုံးဖြတ်ခဲ့ခြင်းမရှိကြောင်း သိရသည်။

**အေအက်ဖ်ပီ**


ဆော်ဒီသတင်းစာဆရာ ဂျမားခါရှော့ဂီ။





# အိန္ဒိယ၏ မောင်းသူမဲ့လေယာဉ်တစ်စင်းကို ပါကစ္စတန်တပ်ဖွဲ့ ပစ်ချ

**အစ္စလာမ္မာဘတ် ဇန်နဝါရီ ၃**

ပါကစ္စတန်နိုင်ငံက ထိန်းချုပ်ထားသည့် ကက်ရှ်မီးယားဒေသတွင် ဇန်နဝါရီ ၃ ရက်က အိန္ဒိယ၏ မောင်းသူမဲ့လေယာဉ်တစ်စင်းကို ပါကစ္စတန်တပ်ဖွဲ့က ပစ်ချခဲ့ကြောင်း၊ ယင်းမှာ နှစ်ရက်အတွင်း ဒုတိယမြောက် ပစ်ချခဲ့သည့် မောင်းသူမဲ့လေယာဉ်ဖြစ်ကြောင်း ပါကစ္စတန်စစ်ဘက်က ပြောကြားသည်ဟု ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အိန္ဒိယနှင့် ပါကစ္စတန် နှစ်နိုင်ငံအား ပိုင်းခြားထားသည့် ထိန်းချုပ်ရေးမျဉ်း (အယ်လ်အိုစီ)အနီးရှိ ဆတ်ဝဲလ်ဒေသတွင် အိန္ဒိယ၏ မောင်းသူမဲ့လေယာဉ်အား ပါကစ္စတန်တပ်ဖွဲ့များက ပစ်ချခဲ့ခြင်းဖြစ်ကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ အဆစ်ဂါပူးက ပြောကြားသည်။ အိန္ဒိယ၏ မောင်းသူမဲ့ သူလျှိုလေယာဉ်တစ်စင်းကို ဘာ့ချ်ဒေသတွင် ပစ်ချခဲ့ကြောင်း ပါကစ္စတန်စစ်ဘက်က ဇန်နဝါရီ ၂ ရက်ကလည်း ပြောကြားခဲ့သည်။

အိန္ဒိယနှင့် ပါကစ္စတန် နှစ်နိုင်ငံအကြား နယ်စပ်ဖြတ်ကျော် ပစ်ခတ်မှုများကြောင့် အခြေအနေတင်းမာနေစဉ် ယင်းဖြစ်ရပ်များ ဖြစ်ပေါ်လာခြင်းဖြစ်သည်။

နှစ်နိုင်ငံအား ပိုင်းခြားထားသည့် ထိန်းချုပ်ရေးမျဉ်းတစ်လျှောက်တွင် အိန္ဒိယတပ်ဖွဲ့များ၏ ပစ်ခတ်မှုကြောင့် ပါကစ္စတန်နိုင်ငံသူ အမျိုးသမီးတစ်ဦး သေဆုံးပြီး အရပ်သား ကိုးဦးတို့ ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ပါကစ္စတန်စစ်ဘက်မှ ဒီဇင်ဘာ ၃၁ ရက်က ပြောကြားခဲ့သည်။

အိန္ဒိယနှင့် ပါကစ္စတန် နှစ်နိုင်ငံစလုံးက ထိန်းချုပ်ရေးမျဉ်းတစ်လျှောက်တွင် အပစ်အခတ်များ ရပ်စဲမည်ဟု ၂၀၀၃ ခုနှစ်ကတည်းက ကြေညာခဲ့ကြသော်လည်း အပစ်အခတ်ရပ်စဲမှုအား ချိုးဖောက်မှုများရှိကြောင်း တစ်ဖက်နှင့်တစ်ဖက် စွပ်စွဲပြောကြားမှုများ ရှိခဲ့သည်။

**ဆင်ဟွာ**

# အိန္ဒိယနိုင်ငံ၌ ဟိန္ဒူဘုရားကျောင်းသို့ အမျိုးသမီးဝင်ရောက်မှုနှင့်ပတ်သက်ပြီး အဓိကရုဏ်းဖြစ်ပွား၊ လူတစ်ဦးသေဆုံး

**နယူးဒေလီ ဇန်နဝါရီ ၃**

အိန္ဒိယနိုင်ငံတောင်ပိုင်း ကီရာလာပြည်နယ်၌ ဟိန္ဒူဘုရားကျောင်းတစ်ခုအတွင်းသို့ အမျိုးသမီးနှစ်ဦး ဝင်ရောက်ခဲ့မှုနှင့်ပတ်သက်ပြီး အဓိကရုဏ်းဖြစ်ပွားမှုတွင် လူတစ်ဦးသေဆုံးခဲ့ပြီး ၁၅ ဦး ထိခိုက်ဒဏ်ရာများရရှိကာ ၂၆၆ ဦးအား အာဏာပိုင်များက ဖမ်းဆီးထိန်းသိမ်းထားသည်ဟု ယနေ့အေအက်ဖ်ပီ သတင်းတစ်ရပ်အရ သိရသည်။

**စတင်ဖြစ်ပွား**

အသက် ၄၀ အရွယ်ရှိ အမျိုးသမီးနှစ်ဦးသည် အနက်ရောင်ဝတ်စုံများဝတ်ဆင်ကာ ဆာဘာရီမာလာ ဘုရားကျောင်းအတွင်းသို့ ဝင်ရောက်ခဲ့သည့် သတင်းတစ်ရပ် ထွက်ပေါ်လာခဲ့ပြီးနောက် ရှေးရိုးစွဲဟိန္ဒူဘာသာရေးသမားများက ဒေါသူပုန်ထရာမှ အစပြုကာ လုံခြုံရေး အာဏာပိုင်များနှင့် အဓိကရုဏ်းစတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အသက် ၁၀ နှစ်မှ အသက် ၅၀ အတွင်းရှိ အမျိုးသမီးများ ဘုရားကျောင်းအတွင်းသို့ ဝင်ရောက်မှုနှင့်ပတ်သက်၍ ပိတ်ပင်တားဆီးထားမှုကို စက်တင်ဘာလအတွင်းက အိန္ဒိယတရားရုံးချုပ်က ပယ်ဖျက်ခဲ့ပြီးနောက် အမျိုးသမီးများ ဘုရားကျောင်းအတွင်းသို့ ဝင်ရောက်ခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။

တရားရုံးက အမျိုးသမီးများ ဘုရားကျောင်းများအတွင်းသို့ ဝင်ရောက်မှုကို ခွင့်ပြုခဲ့ပြီးနောက် ဟိန္ဒူဘာသာဝင် ဥပုသ်သီလစောင့်ထိန်းသူ အမျိုးသမီးများသည် ဘုရားကျောင်းများအတွင်းသို့ သွားလာနိုင်ခဲ့ကြသည်။ သို့သော် အဆိုပါ အမျိုးသမီးများအား လုံခြုံရေးတာဝန်ယူ ဆောင်ရွက်ရသည့် ရဲအရာရှိများနှင့် သတင်းမီဒီယာများအား ရှေးရိုးစွဲအယူဝါဒ လက်ကိုင်ထားသည့် ဟိန္ဒူဘာသာဝင်များက ခဲလုံးများဖြင့် ပစ်ပေါက်ခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့ဖူးကြောင်း သိရသည်။

**တရားရေးကြားနာမည်**

ဇန်နဝါရီ ၂၂ ရက်မှစပြီး ဘုရားကျောင်းများအတွင်းသို့ အမျိုးသမီးများ ဝင်ရောက်ရန် ခွင့်ပြုရေးနှင့်ပတ်သက်သည့် ကိစ္စရပ်အပေါ် နိုင်ငံတော်တရားရုံးချုပ်တွင် တရားရေးကြားနာမည်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံအတွင်းရှိ အချို့သော ဟိန္ဒူဘုရားကျောင်းများသည် အမျိုးသမီးများ ဝင်ရောက်မှုကို ပိတ်ပင်ထားသည့်ဓလေ့ထုံးကို လိုက်နာကျင့်သုံးလျက်ရှိကြသည်။ ၁၉၉၁ ခုနှစ်တွင် ကီရာလာတရားရုံးချုပ်က ဆာဘာရီမာလာ ဘုရားကျောင်းအတွင်းသို့ အမျိုးသမီးများ ဝင်ရောက်ခွင့်သည် ဓလေ့ထုံးနှင့် မညီညွတ်သည့်လုပ်ရပ်ဖြစ်သည်ဟု အမိန့်ချမှတ်ထားကြောင်း သိရသည်။

**အေအက်ဖ်ပီ**



# ဂျပန်နိုင်ငံအနောက်ပိုင်း ကူမာမိုတိုပြည်နယ်၌ အင်အားပြင်းငလျင်လှုပ်

**တိုကျို ဇန်နဝါရီ ၃**

ဂျပန်နိုင်ငံအနောက်ပိုင်းတွင် ဇန်နဝါရီ ၃ ရက်က အင်အားပြင်းထန်သည့် မြေငလျင်လှုပ်ခဲ့ကြောင်း၊ ဂျပန်နိုင်ငံ၏ သုည မှ ၇ အထိ အဆင့်သတ်မှတ်ထားသည့် မြေငလျင်လှုပ်မှုပမာဏအရ အဆင့် ၆ ရှိသည့် မြေငလျင်သည် ကူမာမိုတို ပြည်နယ် နာဂိုမီမာချီမြို့တွင် လှုပ်ခတ်ခဲ့ကြောင်း၊ ယင်းမြေငလျင်လှုပ်ခတ်မှုကြောင့် ဆူနာမီဖြစ်ပေါ်မည့် အန္တရာယ်မရှိကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

ဇန်နဝါရီ ၃ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီ ၁၀ မိနစ်တွင် အဆိုပါ မြေငလျင်လှုပ်ခဲ့ခြင်းဖြစ်ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ပြောကြားပြီး ငလျင်ပြင်းအားမှာ ရစ်ချ်စတာစကေး -၅ အဆင့်ရှိသည်ဟု ဆိုသည်။

အဆိုပါငလျင်သည် ကူမာတိုမိုဒေသ၏ မြေအောက်အနက် ၁၀ ကီလိုမီတာဝန်းကျင်တွင် ဗဟိုပြုလှုပ်ခဲ့သည်ဟု ခန့်မှန်းရကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ပြောကြားသည်။

၂၀၁၆ ခုနှစ် ဧပြီ ၁၆ ရက်တွင် ကူမာတိုမိုပြည်နယ်၌ အင်အားပြင်းသည့် မြေငလျင်လှုပ်ခဲ့ပြီးကတည်းက ယခုလှုပ်သည့်မြေငလျင်မှာ ဂျပန်နိုင်ငံ၏ မြေငလျင်လှုပ်ခတ်မှုတိုင်းတာသည့် ပမာဏအရ အဆင့် ၆ ရှိသည့် အင်အားပြင်းငလျင် ပထမဆုံးအကြိမ်လှုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

**အင်န်အိတ်ချ်ကေ**

# မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာအစီရင်ခံစာအကြံပြုချက်များ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီနှစ်ရပ် အစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃**

မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာအစီရင်ခံစာ အကြံပြုချက်များအား အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီနှစ်ရပ်ဖြစ်သော ကျား/မ တန်းတူရည်တူရှိမှု မြှင့်တင်ရေး၊ ထိခိုက်ခံစားလွယ်အုပ်စုများ ကာကွယ်ရေး လုပ်ငန်းကော်မတီနှင့် ခွဲခြားမှုမပြုရေးလုပ်ငန်းကော်မတီ အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာ (Universal Periodic Review-UPR) အကြံပြုချက်တိုက်တွန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး အမျိုးသားအဆင့်ကော်မတီအစည်းအဝေးကို ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်ပြီး ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် ကျင်းပခဲ့ကြောင်း၊ UPR ဆိုသည်မှာ ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့်လုပ်ငန်းစဉ် ဖြစ်ပါကြောင်း၊ မိမိတို့ မြန်မာနိုင်ငံသည် လူ့အခွင့်အရေး အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နောက်ကျကျန်ခဲ့မှု မရှိသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ကုလသမဂ္ဂအစည်းအဝေးတွင် လူ့အခွင့်အရေးဆိုင်ရာ အကောင်အထည်ဖော်မှုများကို ဆွေးနွေးရာတွင် နိုင်ငံအလိုက် အကောင်အထည်ဖော်ရမည့် အကြံပြုချက်များ လက်ခံရရှိပါကြောင်း။

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်း ၉၃ နိုင်ငံမှ အကြံပြုတိုက်တွန်းချက်များအနက် မိမိတို့နိုင်ငံက အကြံပြုချက် ၁၆၆ ချက်ကို လက်ခံခဲ့ပြီး ကဏ္ဍ ၁၂ ရပ်ခွဲ၍ လုပ်ငန်းကော်မတီ ၁၂ ခု ဖွဲ့စည်းထားရှိပါကြောင်း၊ မိမိတို့ဝန်ကြီးဌာန အနေဖြင့် ကျား/မ တန်းတူရည်တူရှိမှုမြှင့်တင်ရေးနှင့် ထိခိုက်ခံစားလွယ်သော အုပ်စုများ ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းကော်မတီနှင့် ခွဲခြားမှုမပြုရေးဆိုင်ရာ လုပ်ငန်းကော်မတီနှစ်ရပ်ကို ဦးဆောင်ကာ အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကော်မတီနှစ်ရပ်စလုံးတွင် အကြံပြုချက် ၁၅ ချက်စီ ပါဝင်ပါကြောင်း၊ အဆိုပါ အကြံပြုတိုက်တွန်းချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုများကို မြန်မာနိုင်ငံအနေဖြင့် လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာကို ၂၀၂၀ ပြည့်နှစ် ဇူလိုင်လတွင် တတိယအကြိမ် တင်သွင်းရမည်ဖြစ်ပါကြောင်း။




**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာ အကြံပြုချက်များ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီနှစ်ရပ် အစည်းအဝေးသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

လူတိုင်း အခြေခံလူ့အခွင့်အရေးများရရှိပြီး တရားဥပဒေစိုးမိုးမှု ခံစားရရှိစေရန် သက်ဆိုင်ရာကဏ္ဍများအလိုက် တာဝန်ရှိသော ဝန်ကြီးဌာန၊ ဌာနဆိုင်ရာများသည် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပြီး ကုလသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာအစီရင်ခံစာ အကြံပြုချက်များ အကောင်အထည်ဖော်မှုမှတ်တမ်းများကို စနစ်တကျ ပြည့်စုံစွာ တင်ပြနိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသော သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီများဖြစ်သော အမျိုးသမီးများအရေး တက်ကြွစွာ လှုပ်ရှားဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်း ခုနစ်ဖွဲ့တို့က မိမိတို့ဌာန/အဖွဲ့အစည်းအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ဆွေးနွေးကြသည်။

**သတင်းစဉ်**

**❋ ကျောဖုံးမှ**

တံတားအထူးအဖွဲ့(၁၆)မှ ကျွမ်းကျင်အင်ဂျင်နီယာ ၂၀ နှင့် ကာယညာဏလုပ်သား ၂၀၀ ကျော်တို့ဖြင့် တည်ဆောက်ထားခြင်းဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး တံတားအထူးအဖွဲ့(၁၆)၏ စီမံကိန်းတာဝန်ခံအင်ဂျင်နီယာ ဒေါ်သစ်သစ်အောင်က ပြောကြားသည်။

**နှစ်လမ်းသွားဖြစ်**

တံတားသစ်၏ ကိုယ်ထည်မှာ RC ကွန်ကရစ် အမျိုးအစားဖြစ်ပြီး အောက်ခံဖောင်ဒေးရှင်း ၁ ဒသမ ၂ မီတာ၊ ဒိုင်ယာမီတာဘိုးပိုင် အမျိုးအစားဖြစ်သည်။ တံတားအရှည် မီတာ ၆၀၀ ရှိပြီး ပင်မတံတားအား Steel Box Girder 4 Span Continuous နှင့် R.C Slab ဖြင့် တည်ဆောက်ထား၍ မီတာ ၂၄၀ အရှည်ရှိကြောင်း သိရသည်။

လေးမျက်နှာဘက်ခြမ်းရှိ ချဉ်းကပ်တံတားအရှည်မှာ မီတာ ၁၇၀ ရှိပြီး ပန်းတောကြီးဘက်ကမ်းရှိ ချဉ်းကပ်တံတားမှာ မီတာ ၁၉၀ ရှိကြောင်း သိရသည်။ ယာဉ်သွားလမ်း အသွားအပြန် ပါဝင်ပြီး အကျယ် ၂၄ ပေရှိသည့် နှစ်လမ်းသွားဖြစ်သည်။ ရေလမ်းကင်းလွတ်ခွင့်အမြင့် ၆ ဒသမ ၁ မီတာ၊ အကျယ် ၅၃ မီတာရှိပြီး တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးခြင်း ၇၅ တန်ရှိသည်။

**ယာယီဖြတ်သန်းခွင့်ပြု**

ကားလမ်းဘေး တစ်ဖက်လျှင် ၃ ပေ ၆ လက်မ အကျယ်ရှိ လူသွားလမ်းပလက်ဖောင်း အသွား/ အပြန် ပါရှိကြောင်းနှင့် ဝေနတံတား(လေးမျက်နှာ)၏ ချဉ်းကပ်လမ်းကို ငွေကျပ် ၁၁၄၅ ဒသမ ၆၈ သန်း ကုန်ကျခံ တည်ဆောက်ထားကြောင်း တံတားအထူးအဖွဲ့ (၁၆)မှ သိရသည်။

တံတားဖောင်ဒေးရှင်းတူးဖော်ခြင်းလုပ်ငန်းကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၈ ရက်တွင် စတင်ခဲ့သည်။ ဝေနမြစ်၏ အနောက်ဘက်ခြမ်းရှိ ကျေးရွာအုပ်စု ၁၄ စုမှ ဒေသခံများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် ကျန်းမာရေး ကဏ္ဍများ အဆင်ပြေစေရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဒီဇင်ဘာ ၁ ရက်မှစတင်ကာ ပြည်သူများ အပါအဝင် ယာဉ်များကို ယာယီဖြတ်သန်းခွင့်ပြုထားကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

**လွယ်ကူစွာ ဖြတ်သန်းသွားလာ**

ယခုအခါ လေးမျက်နှာအနောက်ဘက်ကမ်းရှိ ခတ္တာရွာတွင် တံတားထိုး တည်ဆောက်လိုက်ခြင်းကြောင့် ဝန်ထမ်းများအပါအဝင် မြစ်၏အနောက်ဘက်ခြမ်းရှိ ဒေသခံများအနေဖြင့် တံတားသစ်ချဉ်းကပ်လမ်းနေရာရှိ ခတ္တာရွာမှတစ်ဆင့် ခတ္တာ-ပန်းတောကြီးလမ်း ခုနစ်မိုင်တစ်လျှောက် ဖြတ်သန်းသွားလာနိုင်ကြပြီဖြစ်သည်။ ထိုမှတစ်ဆင့် ပုသိမ်-မုံရွာလမ်းသို့ ရောက်ရှိမည်ဖြစ်ကာ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့သို့ လွယ်ကူစွာ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်သည်။

**ပိုမိုဖွံ့ဖြိုးလာနိုင်**

ကုန်စည်စီးဆင်းမှုများလည်း ပိုမိုလွယ်ကူ မြန်ဆန်လာစေမည်ဖြစ်သည်။ တံတားသစ်မှ ဖြတ်သန်း၍ လေးမျက်နှာမြို့သို့ ရောက်ရှိပြီး ထိုမှတစ်ဆင့် မိုင် ၂၀ ဆက်သွားပါက ဟင်္သာတမြို့သို့ ရောက်ရှိကာ ရန်ကုန်မြို့သို့ ကုန်ပစ္စည်းများ အလွယ်တကူ တင်ပို့နိုင်ပြီဖြစ်ခြင်းကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ကုန်စည်စီးဆင်းမှုများ ပိုမိုဖွံ့ဖြိုးလာနိုင်ကြောင်း သိရသည်။

**သတင်း-ပွင့်သစ္စာ၊ ဓာတ်ပုံ-စိုးမြင့်အောင်**

## ရွှေ့လျားစာကြည့်တိုက်ဖြင့် ဝန်ကြီးဌာနများနှင့် ဝန်ထမ်းအိမ်ရာများသို့ စာအုပ်များ ငှားရမ်း

**နေပြည်တော် ဇန်နဝါရီ ၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရွှေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ဖြင့် ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာနနှင့် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနများသို့ သွားရောက်၍ စာအုပ်များ ငှားရမ်းပေးခဲ့သည်။ ဝန်ထမ်းများ အလွယ်တကူ စာပေဖတ်ရှုနိုင်ရန် ဝန်ကြီးဌာနများကို တစ်ရုံးလျှင် စာအုပ်သုံးစင် သုတ၊ ရသစာအုပ် ၃၀၀ နှုန်းဖြင့် ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်လျက်ရှိရာ ဝန်ကြီးဌာနခြောက်ခု ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း သိရသည်။ လတ်တလော ဝန်ကြီးဌာနအားလုံးကို မဆောင်ရွက်နိုင်မီကာလအတွင်း သီးခြားအစီအစဉ်တစ်ခုအနေဖြင့် ရွှေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ဖြင့် စာအုပ်ငှားရမ်းခြင်းကို စာဖတ်သူများထံ အရောက်စနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရွှေ့လျားစာကြည့်တိုက်တွင် ကြိုးကြပ်သူဖြင့် သုတ၊ ရသ စာအုပ် ၃၅၀၀ ပါရှိမည်ဖြစ်ပြီး ဝန်ကြီးဌာန ၁၈ ရုံးသို့ ရုံးဖွင့်ရက်များတွင် နေ့ရက်များအလိုက် ငှားရမ်းပေးသွားမည်ဖြစ်ပြီး ဝန်ထမ်းများနေထိုင်ရာအိမ်ရာများကို ရုံးပိတ်ရက်များတွင် ငှားရမ်းပေးမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(IPRD)**

**○ မြန်မာနှင့် ထိုင်းမှ**

မြန်မာအမျိုးသမီးအသင်းသည် ဖေဖော်ဝါရီ ၉ ရက်မှ ၁၆ ရက်အထိ ထိုင်းနိုင်ငံ၌ သွားရောက်လေ့ကျင့်မည်ဖြစ်ပြီး ထိုင်းလက်ရွေးစင်အသင်းနှင့် တစ်ပွဲ၊ ထိုင်းကလပ်အသင်းနှင့် နှစ်ပွဲကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်း၏ ခြေစမ်းခရီးစဉ်အတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ထိုင်းဘောလုံးအဖွဲ့ချုပ်တို့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး ခြေစမ်းပွဲကစားမည့် ထိုင်းကလပ်အသင်းများအား ရှာဖွေလျက်ရှိသည်။ မြန်မာအမျိုးသမီးအသင်းသည် ယင်းခြေစစ်ပွဲအတွက် ပဏာမကစားသမား ၂၉ ဦးဖြင့် စခန်းဝင်လေ့ကျင့်လျက်ရှိပြီး အမျိုးသမီးလိဂ်ပြိုင်ပွဲ ပထမအကျော့ပြီးဆုံးပါက ခြေစမ်းပွဲများ ဆက်တိုက်ကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ဒီဇင်ဘာ ၁၇ ရက်တွင် စခန်းဝင်လေ့ကျင့်မှု စတင်ပြုလုပ်ခဲ့ပြီး ကစားသမားများမှာ ကလပ်အသင်းပွဲများ ကစားနေသောကြောင့် ကစားသမား အစုံအလင်ဖြင့် ရက်ဆက်လေ့ကျင့်နိုင်ခြင်းမရှိသေးကြောင်း သိရသည်။

မြန်မာအမျိုးသမီးအသင်းတွင် နည်းပြချုပ်အဖြစ်-ဦးဝင်းသူမိုး၊ လက်ထောက်နည်းပြများအဖြစ်-ဦးခင်မောင်ထွေး၊ ဦးစထက်နိုင်ဝင်း၊ ဒေါ်ဇင်မာဝမ်း၊ ဂိုးနည်းပြအဖြစ်-ဦးမြကိုမင်း၊ ကစားသမားများအဖြစ် ဂိုး-ဇာဇာမြင့်၊ မေဇင်နွယ်၊ မျိုးမြမြငြိမ်း၊ သန္တာဦး၊ နောက်တန်း-ဝေဝေအောင်၊ အိရတနာဖြိုး၊ ခင်သန်းဝေ၊ အေးအေးမိုး၊ ခင်မျိုးဝင်း၊ ယွန်းမီမီလွင်၊ ချစ်ချစ်၊ ယမင်းလွင်၊ ခိုင်သဇင်၊ ရူပါခိုင်၊ ဇင်ဇင်နိုင်၊ အလယ်တန်း-ငယ်ငယ်ထွေး၊ ခင်မိုမိုထွန်း၊ သင်းသင်းယု၊ မေစံပယ်ဖူး၊ လဲ့လဲ့လှိုင်၊ နန္ဒမေသဇင်၊ နုနု၊ ခင်မိုးဝေ၊ ခင်မာလာထွန်း၊ ရှေ့တန်း-မေသူကျော်၊ ရီရီဦး၊ ဝင်းသီဂီထွန်း၊ ဂျူလိုင်ကျော်နှင့် လှယဉ်ဝင်းတို့ ပါဝင်ကြသည်။ မြန်မာအမျိုးသမီးအသင်းသည် စတင်လေ့ကျင့်စဉ်က ကစားသမား ၂၇ ဦးသာ ရွေးချယ်ခဲ့သော်လည်း လှယဉ်ဝင်းနှင့် ရူပါခိုင်တို့ကို အားဖြည့်ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

PUN HLAING SILOAM HOSPITALS
"နိုင်ငံခြားသို့သွားရောက်ကုသရန်မလိုတော့ပါ"
စင်ကာပူနိုင်ငံမှဆရာဝန်ကြီးလာရောက်ကုသပေးမည့်အစီအစဉ်
Prof Sarbjit Singh
Emeritus Patron
M.B.B.S (SG), F.R.C.S (Edin), F.R.C.S (Glasgow), F.A.M.S (Ortho)
Fellowship in Ortho Surgery (Toronto, Canada)
Adjunct Professor, SIM University
Only JCIA Hospital In Myanmar



ဇန်နဝါရီလ (၁၂)ရက် မှ (၁၅)ရက်နေ့ထိ
မှန်ပြောင်းအသုံးပြု၍ ဒူးဆစ်အတွင်း ရောဂါရှာဖွေကုသခြင်း (Arthroscopy)
အရိုးအကြော၊ တင်ပါးဆုံဆစ် နှင့် ဒူးဆစ်ပိုင်းဆိုင်ရာအစားထိုး ခွဲစိတ်ကုသခြင်း
Ilizarov နည်းပညာသစ်ဖြင့် အရိုးရှည်အောင်ခွဲစိတ်ကုသခြင်း
အခြားအရိုးရောဂါများကို ကုသခြင်း
ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၃၆၈ ၄၃၂၃၊ ၃၆၈ ၄၃၂၅၊ ၃၆၈ ၄၃၃၆၊ (၀၉) ၄၂၁ ၀၄၂ ၆၇၉၊ (၀၉) ၂၅၄ ၉၅၀ ၈၁၇ / မန္တလေး (၀၉) ၄၃၂၀ ၇၇၈၀
facebook Pun Hlaing Siloam Hospitals
www.punhlaingsiloamhospitals.com

## ပျှခင်း

»» စာမျက်နှာ ၁၀ မှ

**အစီအစဉ်မှူး** ။ ။ အခုလက်ရှိ ရင်ဆိုင်တွေ့ကြုံနေရတဲ့ အမျိုးသားဆရာ ရှားပါးမှုအပေါ် ဘယ်လိုဖြေရှင်းလို့ရနိုင်မလဲဆိုတာ နည်းလမ်းကိုလည်း သုံးသပ်ဆွေးနွေးပေးပါ။

**ဒေါက်တာသန်းဦး** ။ ။ ကျွန်တော့်အမြင်၊ ကျွန်တော့် အတွေ့အကြုံကို ပြောရမယ်ဆိုရင် ဒီနေ့ကမ္ဘာမှာ အရည်အသွေးရှိတဲ့ပညာကိုပေးမယ်။ ဘဝ တစ်သက်တာ သင်ယူမှုပညာကို ရအောင်ပေးမယ်လို့ ဆုံးဖြတ်ပြီး ဆောင်ရွက်နေကြပါတယ်။ ရှင်းရှင်းလေးပါ။ အရည်အသွေးရှိတဲ့ပညာကို ဘယ်သူပေးနိုင်သလဲ။ အရည်အသွေးရှိတဲ့ ဆရာကသာ ပေးနိုင်မှာပါ။ ဒါသည် ဘာမှရှောင်လွှဲလို့ မရတဲ့ ကိစ္စပါ။ အရည်အသွေးရှိတဲ့ ဆရာ ဆရာမတွေကို ကျွန်တော်တို့ မရ ရအောင် စုစည်းရမယ်၊ စုဆောင်းရမယ်။ ဒါသည် ကျွန်တော်တို့ မလွဲမသွေ ဆောင်ရွက်ရမယ့် ကိစ္စပါ။ ဒါကို ဇောက်ချပြီး ဆောင်ရွက်ရပါမယ်။

### အသိပညာ သေချာဖြန့်ဖြူး

ခုန ညီငယ်ပြောသွားတဲ့အထဲမှာလည်း ပါပါတယ်။ ဆရာလုပ်ချင်လို့ကို ရွေးချယ်ပြီး ဆရာလုပ်တာပါ။ ကျွန်တော်တို့ကိုယ်တိုင်လည်း အထက်တန်းကျောင်းသားကတည်းက ကျောင်းသားအချင်းချင်းကို သင်လာတယ်။ တခြားဘယ်အလုပ်ကိုမှ မလုပ်ဘူး။ ဒီဆရာအလုပ်ကိုပဲ သေတစ်ပန် သက်ဆုံး လုပ်သွားတယ်။ ဆိုလိုတာက ဝါသနာဆရာ၊ စေတနာဆရာကို ကျွန်တော်တို့ရအောင် သိမ်းသွင်းဖို့ လိုပါတယ်။ အဲဒီနေရာမှာ ကျွန်တော်တို့ ပညာရေးက ပုဂ္ဂိုလ်တွေက အခြေခံပညာကျောင်းတွေကို ဆင်းရမယ်၊ ပြီးတော့ ဆရာအလုပ်ရဲ့ မွန်မြတ်ပုံ၊ လေးနက်ပုံ၊ တန်ဖိုးရှိပုံ၊ နိုင်ငံကအားထားရတဲ့ ဆရာ၊ အနန္တော အနန္တငါးပါးမှာ ဂိုဏ်းဝင်ဆိုတာ ရှိပြီးသား၊ လူမှုရေးအဆင့်အတန်းရော၊ ယဉ်ကျေးမှုအဆင့်အတန်းရော ဒီထက်မြင့်တဲ့၊ မြတ်တဲ့အရာ မရှိဘူး။ ရှိပြီးသားနော်။ ဒါကို မွန်မြတ်မှု၊ လေးနက်မှု ၊ တန်ဖိုးရှိမှုတွေကို ကျွန်တော်တို့ အခြေခံပညာကျောင်းတက်နေတဲ့ ကျောင်းသားတွေ၊ တက္ကသိုလ်တွေမှာ တက်နေတဲ့ ကျောင်းသားတွေကို အသိပညာ သေချာဖြန့်ဖြူးပေးရမယ်။ သေချာဆွဲဆောင်သိမ်းသွင်းရမယ်။ ဝါသနာဆရာတွေ၊ စေတနာဆရာတွေ အသစ်ရအောင် စုဆောင်းတဲ့အခါ အဲဒီလို ဆောင်ရွက်ဖို့လိုပါတယ်။

### အကောင်းဆုံးနမူနာ

ထို့အတူ လက်ရှိ ရှိပြီးသား ဆရာကိုလည်း အလုပ်ခွင်ထဲမှာလည်း ပျော်ပျော်ပိုက်ပိုက်၊ နှစ်နှစ်ခြိုက်ခြိုက် သေတစ်ပန် သက်ဆုံး လုပ်သွားအောင် ထိန်းသိမ်းထားဖို့ လိုပါတယ်။ ဥပမာ ပြောတာပါ။ ကျွန်တော် ဆိုပါစို့။ ကျွန်တော် အမွန်မြတ်ဆုံးဘာလဲလို့ ကျွန်တော့်ကို မေးရင် ညွှန်ကြားရေးမှူးချုပ်မဟုတ်ဘူး။ ပါမောက္ခပဲလို့ ကျွန်တော်ဖြေပါတယ်။ ကျွန်တော် အခု ပညာရေးတက္ကသိုလ်မှာ ပါမောက္ခအဖြစ် ဆောင်ရွက်နေပါတယ်။ ပါရဂူတန်းရော၊ မဟာတန်းရော၊ ဒသမတန်းရော ကျွန်တော်သင်နေပါတယ်။ အသက် ၉၁ နှစ်ရှိပါပြီ။ တစ်ချိန်တည်းမှာပဲ မူကြိုလည်း ကျွန်တော်သင်တယ်။ ဆိုလိုတာက သေတစ်ပန် သက်ဆုံး အရိုးထုတ်သွားမယ်။ ကျွန်တော်တို့ ဒီလို ဆောင်ရွက်နေတာတွေကို အဲဒီဆရာတွေကို ပြရမယ်။ ဆရာကြီးတွေ ဒီအသက်၊ ဒီအရွယ်တောင် ဒီလိုဆောင်ရွက်နေပါလားဆိုတာ ပြရမယ်။ အကောင်းဆုံး နမူနာပေးတာ သူတို့အတွက် အကောင်းဆုံး ဆောင်ရွက်ချက်ပါပဲ။

ကျွန်တော်ဆိုလိုတာက ဝါသနာဆရာ၊ စေတနာဆရာတွေကို ရအောင်စုစည်းဖို့၊ ရပြီးသား လူတွေလည်း ကျွန်တော်တို့ထဲမှာ စွဲစွဲမြဲမြဲနဲ့နေအောင် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနဲ့ပတ်သက်တဲ့ မူလတန်းအဆင့်မှာ လုပ်တဲ့ ဆရာကို မူလတန်းအဆင့်မှာကိုပဲ သူ့တက်လမ်းတွေ သူရှိသွားရမယ်။ အလယ်တန်းလုပ်တဲ့ လူကလည်း ရှိသွားရမယ်။ အထက်တန်းလုပ်တဲ့လူကလည်း ဒီမှာပဲ နှစ်နှစ်ခြိုက်ခြိုက်၊ ပျော်ပျော်ပိုက်ပိုက် လုပ်ချင်လာအောင် ကျွန်တော်တို့ရဲ့ အစီအစဉ်တွေကို Public Service Commission ကို နားလည်အောင် တင်ပြပေးပါမယ်။ ကျွန်တော် မှန်တာ ပြောပါမယ်။ ကျွန်တော် ညွှန်ချုပ်မလုပ်ချင်ဘူး။ ပါမောက္ခ လုပ်ချင်တယ်။ အသက်မွေးဝမ်းကျောင်းမှုပညာမှာ ပရော်ဖက်ဆာက အမြင့်ဆုံးပဲ။ ထင်းခနဲ၊ ရှင်းခနဲ၊ လင်းခနဲ နဲ့ မြင်အောင် နမူနာကောင်းတွေနဲ့ ပြရမယ်။ ဒီလိုလုပ်ခဲ့တဲ့ ပုဂ္ဂိုလ်တွေနဲ့ ပြရမယ်။ ဆရာကြီးဦးဖေမောင်တင်၊ ဆရာဇော်ဂျီတို့ စေတနာဆရာ၊ ဝါသနာဆရာတွေ အနစ်နာခံပြီး ဒီလိုဆောင်ရွက်ခဲ့တဲ့ ဆရာတွေ အများကြီးပြလို့ရတယ်။ အဲဒီကလေးတွေ သူတို့အရွယ်ကစပြီး မြင်လာမယ်။ လုပ်ချင်လာမယ်။ အဲဒီလို ကျွန်တော် အကြံပေးပါရစေ။

(ဆက်လက်ဖော်ပြပါမည်)



# ဖျာပုံမြို့နယ် ချောင်းဝကျေးရွာ၌ နေအိမ် ၁၆၀ ကျော် မီးလောင်ဆုံးရှုံး

**ဖျာပုံ ဇန်နဝါရီ ၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ဒေးဒလူကျေးရွာအုပ်စု ချောင်းဝကျေးရွာ၌ ဇန်နဝါရီ ၃ရက် မွန်းလွဲ ၂ နာရီခန့်က မီးလောင်မှုဖြစ်ပွားရာ လူနေအိမ် ၁၆၇ လုံးခန့် မီးလောင်ဆုံးရှုံးခဲ့ကြောင်း ကနဦးသတင်းအရ သိရသည်။

ဇန်နဝါရီ ၃ရက် မွန်းလွဲ ၂ နာရီက ဖျာပုံမြို့နယ် ဒေးဒလူကျေးရွာအုပ်စု ချောင်းဝကျေးရွာနေ ဦးအေးမင်း၏နေအိမ်မှ မီးစတင်လောင်ကျွမ်းကာ အနီးရှိ လူနေအိမ်များသို့ပါ ကူးစက်လောင်ကျွမ်းခဲ့ပြီး ချောင်းဝကျေးရွာ အမှတ် (၃)ရပ်ကွက်နှင့် (၄)ရပ်ကွက်ရှိ တိုက်အိမ် ကိုးလုံး၊ ပျဉ်ထောင်အိမ် ၂၅ လုံး၊ တဲအိမ် ၁၃၃ လုံး စုစုပေါင်း လူနေအိမ် ၁၆၇ လုံး ပျက်စီးဆုံးရှုံးခဲ့သည်။

မီးလောင်ရာသို့ ဒေသခံပြည်သူများနှင့်အတူ ဖျာပုံခရိုင်နှင့် မြို့နယ် သဘာဝဘေးဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတအသင်းအဖွဲ့များ ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် ချောင်းဝကျေးရွာနေ လူဦးရေ ၆၀၀ ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပြီး မီးဘေးသင့်ပြည်သူများအတွက် ချောင်းဝကျေးရွာရှိ သာသနာတံခွန်ကျောင်းတိုက်၌ ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ပေးထားကြောင်း သိရသည်။**သူဇာနွယ်(ဖျာပုံ)**

# ၂၀၁၈ ခုနှစ်အတွင်း ကျိုင်းတုံခရိုင်တွင် ယာဉ်တိုက်မှု ၆၅ မှု ဖြစ်ပွား ဒဏ်ရာရရှိသူ ၅၉ ဦးနှင့် သေဆုံးသူ ၄၁ ဦးရှိ

**ကျိုင်းတုံ ဇန်နဝါရီ ၃**

ရှမ်းပြည်နယ် ကျိုင်းတုံခရိုင်တွင် ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလကုန်အထိ ယာဉ်တိုက်မှုပေါင်း ၆၅ မှု ဖြစ်ပွားခဲ့ပြီး ဒဏ်ရာရရှိသူ ၅၉ ဦးနှင့် သေဆုံးသူပေါင်း ၄၁ ဦးရှိရာတွင် ဆိုင်ကယ်ပါဝင်သော ယာဉ်တိုက်မှုပေါင်း ၄၁ မှုဖြစ်၍ ဒဏ်ရာရရှိသူ ၃၆ ဦး၊ သေဆုံးသူ ၃၀ ဖြစ်ကြောင်း၊ ကျန်ရှိသည့် သေဆုံးသူ ၁၁ ဦးမှာ မော်တော်ကားဖြင့် တိုက်မိမှုကြောင့် သေဆုံးမှုဖြစ်ပွားရကြောင်း အမှတ် ၁၁၈ ယာဉ်ထိန်းတပ်ဖွဲ့စု (ကျိုင်းတုံခရိုင်) တပ်ဖွဲ့စုမှူး ဒုရဲမှူး ကျော်ဇောအောင်၏ ပြောပြချက်အရ သိရသည်။

ကျိုင်းတုံခရိုင်အတွင်း၌ ၂၀၁၈ ခုနှစ်အတွင်းတွင် ယာဉ်တိုက်မှု မြို့တွင်း ၁၆ မှု၊ မြို့ပြင် ၄၉ မှု ဖြစ်ပွားခဲ့ပြီး ယာဉ်မတော်တဆမှု ဖြစ်ပွားရသည့် အဓိကအကြောင်းအရင်းမှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုမရှိသည့်အတွက် ဖြစ်ပွားရခြင်းဖြစ်ကြောင်း ယာဉ်ထိန်းအဖွဲ့၏ သုံးသပ်ချက်အရ သိရသည်။

**ကိုကိုရှုပ(မန်းတက္ကသိုလ်)**



**ဒဂုံမြို့နယ် ဦးဝိစာရရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ဇန်နဝါရီ ၃ ရက်က မြို့နယ် မြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူး ဇော်နီချစ်က ရပ်ကွက်နေပြည်သူများ အား မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောစဉ်။**

ကိုရဲ

# ဟိုပုံးမြို့နယ်၌ ဘိန်းခင်းများ ဖျက်ဆီး

**နေပြည်တော် ဇန်နဝါရီ ၃**

ဟိုပုံးမြို့နယ် ထမ်းအယ်ကျေးရွာ အရှေ့မြောက်ဘက် ငါးဖာလုံခန့်အကွာ၌ ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းဟန် ဦးစီးသည့်ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂ ရက်တွင် အမြင့်တစ်ပေခန့်ရှိ ဘိန်းစိုက်ခင်း ၂၅ ဧကခန့်အား ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**






# နိုင်ငံတော်အလံနှင့်ဥပဒေ

မောင်စာဂ

၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် 'နိုင်ငံတော်သီချင်းနှင့် ဥပဒေ' ဆောင်းပါးကိုရေးသား၍ ဂုဏ်ပြုခဲ့ပြီးဖြစ်သည်။ နိုင်ငံတော်အလံနှင့်လည်း ဂုဏ်ပြုဖို့လိုအပ်သည်။ သို့ဖြစ်၍ 'နိုင်ငံတော်အလံနှင့်ဥပဒေ' ဆောင်းပါးဖြင့် ထပ်မံဂုဏ်ပြုလိုက်ပါရစေ။

## အလံဟူသည်

အလံဟူသည်မှာ အဘယ်နည်း၊ နိုင်ငံတော်အလံဆိုသည်မှာ ဘာကိုဆိုလိုပါသနည်း လေ့လာမိသည်။ မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းမှ ပြုစုသည့် မြန်မာ့စွယ်စုံကျမ်း၊ အတွဲ ၁၄ တွင် အလံနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဖော်ပြထားသည်-

- အလံဟူသည်မှာ ရည်ရွယ်ချက်တစ်ခုခု သို့မဟုတ် အကြောင်းအရင်းတစ်ခုခု သို့မဟုတ် အကြောင်းကိစ္စတစ်ခုခုအတွက် အမှတ်အသား သို့မဟုတ် အထိမ်းအမှတ်အဖြစ် အသုံးပြုကြသော ရောင်စုံခြယ် ပိတ်စမျိုးဖြစ်သည်။ အလံဟူသောစကားမှာ လေထဲ၌ လှုပ်ရှားနေသောအရာဟူ၍ အဓိပ္ပာယ်ရ၏။ အမျိုးသားအလံ (ဝါ) နိုင်ငံတော်အလံမှာ နိုင်ငံ တစ်နိုင်ငံအတွက် အမှတ်အသားကြီးတစ်ခုဖြစ်၏။ ဘုရင့်အတွက်အမှတ်အသား၊ တက္ကသိုလ်ကျောင်း၏အမှတ်အသား၊ စစ်တပ်၏အမှတ်အသား၊ အယူဝါဒဆိုင်ရာအဖွဲ့အစည်းများအတွက် အမှတ်အသား၊ အသင်းအဖွဲ့တို့အတွက် အမှတ်အသား၊ အချက်ပြရန် အမှတ်အသား စသည်ဖြင့် အကြောင်းခံအမျိုးမျိုးကိုပြရန် ပြုလုပ်ထားသော အခြားအလံပေါင်းများစွာလည်းရှိသည်။
- ယခုခေတ်နိုင်ငံတိုင်း၌ရှိသော အမျိုးသားအလံ (ဝါ) နိုင်ငံတော်အလံအသီးသီးသည် မိမိတို့လူမျိုး၏ ဇာတိသွေး၊ ဇာတိမာန် ပြင်းထန်တက်ကြွစေရန် အလို့ငှာ မိမိတို့တိုင်းပြည်နှင့် သက်ဆိုင်ဆီလျော်စွာ သတ်မှတ်ပြဋ္ဌာန်းထားသည့် အလံများဖြစ်၏။ နိုင်ငံတော်အလံသည် သက်ဆိုင်ရာနိုင်ငံ၊ နိုင်ငံသူနိုင်ငံသား၊ နိုင်ငံအစိုးရနှင့်ထိုအစိုးရ၏ ရည်မှန်းချက်များကို ကိုယ်စားပြုသည်။ လူအများပင် မိမိတို့နှင့်သက်ဆိုင်ရာ နိုင်ငံတော်အလံအသရေ မညှိုးရလေအောင် ကာကွယ်စောင့်ရှောက်ရင်း အသက်စွန့်ခဲ့ကြပြီးဖြစ်သည်။ မိမိနိုင်ငံ၏ အလံကို ဂုဏ်ပြုရန်မှာ နိုင်ငံသားတိုင်း၏ အရေးကြီးသော တာဝန်တစ်ရပ်ဖြစ်ပေသည်။

## ခေတ်အဆက်ဆက် အသုံးပြုသောအလံများ

မြန်မာတို့ ခေတ်အဆက်ဆက် ခေတ်ကာလအလျောက် အသုံးပြုလာကြသော အလံများမှာ ရှေးခေတ်မြန်မာအမျိုးသားအလံ၊ တို့ဗမာအစည်းအရုံး သုံးရောင်ခြယ်အလံ (ဒေါင်းရုပ်ပါ)၊ တို့ဗမာအစည်းအရုံးသုံးရောင်ခြယ်အလံ (တူတံစဉ်ပါ)၊ ယူနီယံဂျက်နှင့် ဒေါင်းရုပ်ပါအလံ၊ ဂျပန်ခေတ် ဘီအိုင်အေအလံ၊ ဂျပန်ခေတ် မြန်မာနိုင်ငံအလံ (ဘီဒီအေအလံ)၊ ဂျပန်ခေတ် တော်လှန်ရေးအလံ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံ (ပါလီမန်ခေတ်)၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်အလံ (မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်) နှင့် ယနေ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံတို့ဖြစ်သည်။

## ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် နိုင်ငံတော်အလံ

လွတ်လပ်ရေးမရမီ ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံတိုင်းပြည်ပြုလွှတ်တော် ဒုတိယညီလာခံကို ဇူလိုင်လ ၂၉ ရက်နေ့တွင် ကျင်းပခဲ့ပြီး ဩဂုတ်လ ၁ ရက်နေ့တွင် နိုင်ငံတော်အလံ၊ သီချင်းနှင့်တံဆိပ်ကော်မတီက အလံနှင့်တံဆိပ်ဆိုင်ရာ ကြားဖြတ်အစီရင်ခံစာကို တင်ပြ၍ ထိုနေ့၌ပင် နိုင်ငံတော်အလံနှင့် တံဆိပ်တို့ကို ဆွေးနွေးအတည်ပြုခဲ့သည်။ နိုင်ငံတော်အလံနှင့် စပ်လျဉ်း၍ တိုင်းပြည်ပြုလွှတ်တော်၏ အတည်ပြုချက်နှင့်အညီ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံပုဒ်မ ၂၁၅ တွင် အောက်ပါအတိုင်း ထည့်သွင်းပြဋ္ဌာန်းခဲ့သည် -

- နိုင်ငံတော်အလံ၏ပုံစံမှာ ထောင့်မှန်စတုဂံပုံဖြစ်သည်။ အလံမှာအနီရောင်ခံဖြစ်၍ လက်ဝဲဘက်အထက်ထောင့်၌ အပြာရင့်အခန်းဖွင့်ပြီးလျှင် ထိုအပြာရင့်အခန်းအလယ်တွင် ရောင်ခြည်လက်ငါးခုရှိသော ကြယ်ဖြူကြီးတစ်ပွင့်ထားရှိသည်။ ထိုကြယ်ဖြူကြီး၏ ရောင်ခြည်လက်များကြားတွင် ရောင်ခြည်လက်ငါးခုစီရှိသော ကြယ်ဖြူငယ်ငါးပွင့်ကို တစ်ပွင့်စီ သွင်းရံထားရမည်။ ကြယ်ဖြူကြီးနှင့်တကွ သွင်းရံထားသော ကြယ်ငယ်များ၏ရောင်ခြည် လက်များအနက် တစ်ခုစီသည် အလံ၏အထက်ဘက်သို့ မတ်မတ်ညွှန်လျက် တည်စေရမည်။ အလံတစ်ခုလုံး၏ အတိုင်းအတာမှာ အလျား ၉ ပေ၊ အနံ ၅ပေ၊ အပြာရင့်အခန်းများ အလျား ၄ပေ၊ အနံ ၂ပေ ၆လက်မ၊ ကြယ်ကြီးအတွက်ထောင့်စွန်းများကိုသတ်၍ ဆွဲထားသော စက်ဝိုင်း၏ အချင်းမှာ ၁၈ လက်မ၊ ကြယ်ငယ်အတွက် ၉ လက်မဖြစ်သည်။ အလံတော် အရွယ်မှာ ကြီးငယ်မဟူ ထိုအမျိုးအစားအတိုင်း ကိုက်ညီနိုင်သမျှကိုက်ညီရမည်။

ပါလီမန်လွှတ်တော်သည် ၁၉၄၈ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်နေ့တွင် နိုင်ငံတော်အလံ အက်ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ နိုင်ငံတော်သမ္မတသည် ၁၉၅၃ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် နိုင်ငံတော်အလံ နည်းဥပဒေများကို ထုတ်ပြန်ခဲ့သည်။ ဥပဒေတွင် နိုင်ငံတော်အလံအသုံးပြုရာတွင် တားမြစ်ချက်များ ပါရှိပြီး ဖောက်ဖျက်လျှင် ပြစ်ဒဏ်များသတ်မှတ်ထားသည်။ နည်းဥပဒေများတွင် နိုင်ငံတော်အလံလွှင့်ထူနိုင်သည့်နေ့ရက်များ၊ နိုင်ငံတော်အလံကိုလွှင့်ထူနိုင်သည့် အထူးအခွင့်အရေးရသူများ၊ အဆောက်အအုံများ၊ မော်တော်ယာဉ်များ၊ ရေယာဉ်များနှင့် လေယာဉ်ပျံများတွင် လွှင့်ထူရာ၌ မည်သို့မည်ပုံ လွှင့်ထူအသုံးပြုခွင့်ရှိပုံနှင့် နိုင်ငံအတွင်း နိုင်ငံတော်အစိုးရ၏ သီးခြားခွင့်ပြုချက်မရှိဘဲ တိုင်းတစ်ပါးနိုင်ငံများ၏ အလံများကို လွှင့်ထူခွင့်မပြုကြောင်း စသည့်အချက်များ ပြဋ္ဌာန်းထားသည်။ ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် တော်လှန်ရေးကောင်စီက နိုင်ငံတော်အာဏာကို ထိန်းသိမ်းတာဝန်ယူခဲ့ပြီးသည့်နောက်ပိုင်းတွင် ၁၉၄၈ ခုနှစ် နိုင်ငံတော်အလံအက်ဥပဒေနှင့် ၁၉၅၃ ခုနှစ် နိုင်ငံတော်အလံနည်းဥပဒေများကိုပင် ဆက်လက်ကျင့်သုံးခဲ့သည်။

## ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံတော်အလံ

၁၉၇၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ နိုင်ငံတော်အလံနှင့် စပ်လျဉ်း၍ ပုဒ်မ ၁၉၀ တွင် အောက်ပါအတိုင်း ရှင်းလင်းဖော်ပြခဲ့သည် -

- နိုင်ငံတော်အလံ၏ အောက်ခံအရောင်မှာ အနီရောင်ဖြစ်ပြီးလျှင် လက်ဝဲဘက် အထက်ထောင့်၌ အပြာရောင်လေးထောင့်ကွက်အောက်ခံ၍ အရွယ်တူ ကြယ်ဖြူ ၁၄ လုံးဖြင့် ဝန်းရံထားသော အလုပ်သမား၊ တောင်သူလယ်သမား အမှတ်အသားဖြစ်သည့် စက်သွားနှင့် စပါးနှံကို ထားရှိသည်။ စပါးနှံနှင့်စက်သွားသည် ဆိုရှယ်လစ်စနစ်တည်ဆောက်ရေး၏ အခြေခံလူတန်းစားများဖြစ်သော တောင်သူလယ်သမားနှင့် အလုပ်သမားများကိုလည်းကောင်း၊ အရွယ်တူ ကြယ်ဖြူ ၁၄ လုံးသည် ပြည်နယ်နှင့်တိုင်း ၁၄ ခုတို့၏ တန်းတူညီတူရှိမှုနှင့် စည်းလုံးညီညွတ်မှုကိုလည်းကောင်း ဖော်ဆောင်ထားသည်။ အလံတော်ရှိ အဖြူရောင်နှင့် အနီရောင်နှစ်မျိုးတွင် အဖြူရောင်သည် သန့်ရှင်းခြင်း၊ စင်ကြယ်ခြင်း၊ အနီရောင်သည် ရဲရင့်ခြင်း၊ ပြတ်သားခြင်းဟူသော အဓိပ္ပာယ်ကိုဖော်ဆောင်သည်။

ပြည်သူ့လွှတ်တော်သည် နိုင်ငံတော်အလံဥပဒေကို ၁၉၇၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည်။ တားမြစ်ချက်နှင့် ပြစ်ဒဏ်များ ထည့်သွင်းပြဋ္ဌာန်းထားသည်။ တစ်ဆက်တည်းပင် နိုင်ငံတော် အလံနှင့်စပ်လျဉ်း၍ လိုက်နာရမည့်အချက်များ၊ နိုင်ငံတော်အလံကိုသုံးစွဲခြင်း၊ အလေးပြုခြင်းတို့အတွက် နိုင်ငံတော်အလံနည်းဥပဒေများကိုလည်း ၁၉၇၄ ခုနှစ် မှာပင် ပြဋ္ဌာန်းခဲ့သည်။ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က နိုင်ငံတော်အာဏာအရပ်ရပ်ကို တာဝန်ယူထိန်းသိမ်းခဲ့သည့် နောက်ပိုင်းကာလနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်ကာလတွင် ၁၉၇၄ ခုနှစ် နိုင်ငံတော်အလံ ဥပဒေနှင့် နည်းဥပဒေများကိုပင် ဆက်လက် ကျင့်သုံးခဲ့သည်။

## ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံတော်အလံ

၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၇ ပုဒ်မ ခွဲ (က) တွင် နိုင်ငံတော်အလံသည် အောက်တွင်ဖော်ပြထားသည့် အတိုင်းဖြစ်သည်ဟူ၍ နိုင်ငံတော်အလံ၏ပုံကို ဖော်ပြထားသည်။ ပုဒ်မခွဲ (ခ) တွင် နိုင်ငံတော်အလံနှင့် စပ်လျဉ်း၍ ဥပဒေပြဋ္ဌာန်းရမည်ဟူ၍ ဖော်ပြထားသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ၂၀-၁၀-၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော်အလံဥပဒေကိုပြဋ္ဌာန်းပေးခဲ့ပြီး ယင်းနေ့မှာပင် နိုင်ငံတော် အလံနည်းဥပဒေများကို ထုတ်ပြန်ပေးခဲ့သည်။ ယင်းနေ့မှစ၍ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြထားသည့် နိုင်ငံတော်အလံကို စတင်အသုံးပြုခဲ့သည်။

နိုင်ငံတော်အလံ ဥပဒေပုဒ်မ ၃ တွင် နိုင်ငံတော်အလံ၏ စံပြအရွယ်အစား၊ အတိုင်းအတာနှင့် အရောင်အသွေးတို့ကိုလည်းကောင်း၊ ပုဒ်မ ၄ တွင် နိုင်ငံတော်အလံ၌ အဝါရောင်၊ အစိမ်းရောင်နှင့် အနီရောင်တို့ကို အောက်ခံအဖြစ်ပါရှိခြင်းမှာ မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုကာလက ထည်ဝါစွာအသုံးပြုခဲ့သော သုံးရောင်ခြယ်အလံကို အလေးအမြတ်ပြု ဖော်ညွှန်းခြင်းဖြစ်သည်ဟုလည်းကောင်း၊ ပုဒ်မ ၅ တွင် အဝါရောင်သည် စည်းရုံးခြင်း၊ ညီညွတ်ခြင်း၊ ဉာဏ်ပညာကြီးမားခြင်း၊ ပျော်ရွှင်ခြင်းနှင့် တိုင်းရင်းသားအားလုံးချစ်ခင်ရင်းနှီးစွာ စည်းလုံးညီညွတ်မှုရှိခြင်း၊ အစိမ်းရောင်သည် မြေဆီဩဇာကြွယ်ဝခြင်း၊ ညီညွတ်မျှတခြင်းနှင့် အေးချမ်းသာယာ၍ စိမ်းလန်းစိုပြည်သည့်နိုင်ငံဖြစ်ခြင်း၊ အနီရောင်သည် ရဲရင့်ခြင်းနှင့် ပြတ်သားခြင်း၊ ကြယ်၏အရောင်ဖြစ်သော အဖြူရောင်သည် သန့်ရှင်းစင်ကြယ်ခြင်း၊ ဖြောင့်မတ် မှန်ကန်ခြင်း၊ ကရုဏာတရားပြည့်ဝခြင်းနှင့် စွမ်းအင်ပြည့်စုံခြင်းဟူသော အဓိပ္ပာယ်များကို ဖော်ညွှန်းပြဋ္ဌာန်းထားသည်။

ထို့ပြင် ဥပဒေပုဒ်မ ၇ မှ ၁၂ အထိတွင် နိုင်ငံတော်အလံကို လွှင့်ထူရမည့်နေ့ရက်များ၊ လွှင့်ထူရမည့်နေရာအခမ်းအနား၊ အဆောက်အအုံ၊ ယာဉ်စသည်များကိုလည်းကောင်း၊ နိုင်ငံတော်အလံကိုအစဉ်အမြဲ မတ်မတ်ထား၍ ဝင့်ကြွားစွာကိုင်ဆောင်ရမည်ကိုလည်းကောင်း၊ နိုင်ငံတော်အလံကို အသုံးပြုရာတွင် ယင်း၏ ဂုဏ်ကျက်သရေကို ညှိုးမှိန်စေမည့် အရောင်အဆင်း မှေးမှိန်ပျက်လွင့်ခြင်း၊ ချုပ်ရိုးချုပ်သားပြုတ်ခြင်းနှင့် ပိတ်သားများစုတ်ပြဲခြင်းစသော ချို့ယွင်းချက်များမရှိသည့် အလံမျိုးကိုသာ အသုံးပြုရမည်ကိုလည်းကောင်း ပြဋ္ဌာန်းထားသည်။ ဥပဒေပုဒ်မ ၁၃ မှ ၁၆ အထိတွင် နိုင်ငံတော်အလံနှင့် စပ်လျဉ်း၍ ရှောင်ကြဉ်ရမည့် တားမြစ်ချက်များကို သတ်မှတ်ပြဋ္ဌာန်းထားပြီး ဖောက်ဖျက်ကျူးလွန်ပါက သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

## လွတ်လပ်ရေးနှင့် နိုင်ငံတော်အလံ

လွတ်လပ်ရေးနှင့် နိုင်ငံတော်အလံသည် ခွဲခြားမရဒွန်တွဲနေသည်။ နိုင်ငံတော်အလံသည် တိုင်းရင်းသားအားလုံး၏ သွေးစည်းညီညွတ်သော လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါက်ဖွားလာသည်။ တိုင်းရင်းသားအားလုံးကို ကိုယ်စားပြုသည်။ တိုင်းရင်းသားများအားလုံးကို လွတ်လပ်သောပြည်သူပြည်သားများအဖြစ် ဂုဏ်ပြုသည်။ တိုင်းရင်းသားပြည်သူအားလုံးသည် လွတ်လပ်ရေးနှင့် လွတ်လပ်ရေးနေ့ကို အမြတ်တနိုးထားလေးစားကြရသကဲ့သို့ နိုင်ငံတော်အလံကိုလည်း အမြတ်တနိုးတန်ဖိုးထားကာ လေးစားကြရပါမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ကိုယ်စားပြုသော၊ ပြည်ထောင်စုသားအားလုံးနှင့် နိုင်ငံတစ်ဝန်းလုံးကို လွှမ်းခြုံသော နိုင်ငံတော်အလံတစ်ခုတည်းအောက်တွင် ရှေးနှစ်ပေါင်းများစွာကတည်းက ချစ်ချစ်ခင်ခင် ဥမကွဲသိုက်မပျက် စုပေါင်းနေထိုင်လာခဲ့ကြသော တိုင်းရင်းသား ပြည်သူအပေါင်းတို့သည် လွတ်လပ်သော မိမိတို့၏ နိုင်ငံတော်ကြီးအား ထာဝရငြိမ်းချမ်းရေးရရှိပြီး ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကြီးအဖြစ် စုပေါင်းအင်အားဖြင့် တည်ဆောက်သွားကြရေး အဓိဋ္ဌာန်ပြုကြရင်း သည်ကနေ့ (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်အလံအား အလေးပြုကြပါစို့ဟူ၍ လေးစားသော စိတ်ထားဖြင့် တိုက်တွန်းလိုက်ပါရစေ။

**နိုင်ငံတော်၏ လွတ်လပ်ရေး အစွန့်ရှည်တည်တံ့နေပါစေ၊ နိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းနေပါစေ၊ နိုင်ငံတော်အလံ အစဉ်အမြဲ အလေးထား ဝင့်ကြွားနေပါစေ။**

> "မိမိတို့၏နိုင်ငံတော်ကြီးအား ထာဝရငြိမ်းချမ်းရေး ရရှိပြီး ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် စုပေါင်းအင်အားဖြင့် တည်ဆောက်သွားကြရေး အဓိဋ္ဌာန်ပြုကြရင်း..."



## အလောင်းတော်ကဿပ ဗုဒ္ဓပူဇနီယပွဲတော်နှင့် ကပိုင် ရာသီလမ်းဖွင့်ပွဲကျင်းပ

**ယင်းမာပင် ဇန်နဝါရီ ၃**
အလောင်းတော်ကဿပ ဗုဒ္ဓပူဇနီယပွဲတော်နှင့် ကပိုင်-အလောင်းတော်ကဿပဘုရား ရာသီလမ်းဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် ကပိုင်ကျေးရွာ၌ ကျင်းပသည်။

ယင်းမာပင်မြို့နယ် ကသီးကုန်းကျေးရွာ မဟာဝိသုဒ္ဓါရာမကျောင်းတိုက်ဆရာတော် ဦးဝိစိတ္တ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က မုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ဘုရားဖူးရာသီလမ်းအား ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ **သန်းဌွေးအောင်(ကနီ)**

## ပုသိမ်ကြီးမြို့နယ် လက်ကောင်းအထက်တန်းကျောင်းခွဲ အဆင့်တိုးမြှင့်

**ပုသိမ်ကြီး ဇန်နဝါရီ ၃**
မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် လက်ကောင်းအခြေခံပညာအထက်တန်းကျောင်းခွဲ အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီက အဆိုပါ ကျောင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်အားပေးပြီး အဖွင့်အမှာစကားပြောကြားကာ ကျောင်းဆောင်သစ်များအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ပုသိမ်ကြီးမြို့နယ် လက်ကောင်းအခြေခံပညာ အထက်တန်းကျောင်းခွဲကို ၁၉၅၅ ခုနှစ်တွင် ပြည်တော်သာ မူလတန်းကျောင်းအဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၇၃ ခုနှစ်တွင် အခြေခံပညာမူလတန်းကျောင်း၊ ၂၀၀၃ ခုနှစ်တွင် တွဲဖက်အလယ်တန်းကျောင်း၊ ၂၀၀၆ ခုနှစ်တွင် အခြေခံပညာ အလယ်တန်းကျောင်းခွဲ၊ ၂၀၁၆ ခုနှစ်တွင် အခြေခံပညာ အလယ်တန်းကျောင်း၊ ၂၀၁၈ ခုနှစ်တွင် အခြေခံပညာ အထက်တန်းကျောင်းခွဲအဖြစ် အဆင့်တိုးပေးခဲ့ပြီး ကျောင်းသား ကျောင်းသူ ၇၀၀ ကျော် ပညာသင်ကြားလျက်ရှိသည်။ **မောင်ပြည်သူ(မန္တလေး)**

## (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းများ စစ်တွေမြို့၌ဖွင့်လှစ်

**စစ်တွေ ဇန်နဝါရီ ၃**
(၇၁)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းများဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ ဓညဝတီအားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်ဝန်ကြီး ဗိုလ်မှူးကြီးဖုန်းတင့်နှင့် ဦးကျော်အေးသိန်းတို့က အထိမ်းအမှတ်ပြခန်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားအတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၏လေ့ကျင့်နေမှုများကို ကြည့်ရှုကြသည်။

လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပြခန်းများဖွင့်လှစ်ပြသထားမှုနှင့်စပ်လျဉ်း၍ ပြခန်းများခင်းကျင်းပြသရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်က "လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ပြခန်းပေါင်း ၃၈ ခန်းကို ခင်းကျင်းပြသထားပါတယ်။ လွတ်လပ်ရေးရဲ့ အနှစ်သာရတန်ဖိုးနဲ့ လွတ်လပ်ခြင်းရဲ့ အရသာတွေကို အနာဂတ်လူငယ်တွေအနေနဲ့ တန်ဖိုးထားသိရှိနိုင်ဖို့ ရည်ရွယ်ချက်တွေနဲ့ ဒီပြခန်းတွေကိုဖွင့်လှစ်ပြသခြင်းဖြစ်ပါတယ်။ ဒီပြခန်းတွေထဲမှာ ဌာနဆိုင်ရာပြခန်း ၃၀ နဲ့ အသေးစား၊ အလတ်စားလုပ်ငန်းရှင်များရဲ့ ပြခန်း ရှစ်ခန်းကို ပြသထားပါတယ်။ ပြခန်းတွေကို ကြည့်ရှုခြင်းဖြင့် လွတ်လပ်ခြင်းရဲ့အရသာနဲ့အတူ ပြည်နယ်အစိုးရဖွဲ့ရဲ့ တစ်နှစ်တာဆောင်ရွက်မှုတွေ၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှုတွေ၊ ဌာနဆိုင်ရာတွေရဲ့ မိမိဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တဲ့လုပ်ငန်းတွေနဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်မှုတွေ၊ အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ စီးပွားဖြစ်အောင်မြင်နေမှုတွေကို သိရှိရမှာဖြစ်တဲ့အတွက် ကြည့်ရှုသူတွေအနေနဲ့ အသိပညာဗဟုသုတတွေ တိုးပွားရရှိလာမှာဖြစ်တယ်"ဟု ပြောသည်။

အဆိုပါပြခန်းများကို ဇန်နဝါရီ ၅ ရက်အထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း- တင်ထွန်း(ပြန်/ဆက်)**
**ဓာတ်ပုံ- ကံထွန်း(ဟံတာမြေ)**








# ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပြိုင်ပွဲများ ကြည့်ရှုအားပေး

**မြစ်ကြီးနား ဇန်နဝါရီ ၃**

(၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို စာစီစာကုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် စစ်တုရင်ပြိုင်ပွဲများကို မြစ်ကြီးနားမြို့၌ ပြုလုပ်ရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် တာဝန်ရှိသူများက ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှု အားပေးခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို စာစီစာကုံးပြိုင်ပွဲများ ကျင်းပလျက်ရှိသည့် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကျင်းပနေမှု၊ အမှတ်(၉) အခြေခံပညာ အထက်တန်းကျောင်း၌ အလယ်တန်းအဆင့်စာစီစာကုံးပြိုင်ပွဲကျင်းပနေမှုနှင့် အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း၌ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူလေးများ၏ ပါဝင်ယှဉ်ပြိုင်နေမှုများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြသည်။

ယင်းနောက် မင်းရပ်ရပ်ကွက်ရှိ ကိုယ်ကာယလေ့ကျင့်ရေး ပြည်သူ့အားကစားကွင်း၌ ပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပနေမှုနှင့် အလွတ်တန်းနှင့် လူသစ်တန်း စစ်တုရင်ပြိုင်ပွဲများ ကျင်းပနေမှုတို့ကို ကြည့်ရှုခဲ့ကြပြီး ပြိုင်ပွဲဝင်အားကစားသမားများကို အားပေးခဲ့ကြသည်။

အဆိုပါ လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ပြိုင်ပွဲများအလိုက် ဆုများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**



# ရန်ကုန်တိုင်းဒေသကြီး ပညာရေးစုံညီပွဲတော် ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၃**

၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ရန်ကုန်တိုင်းဒေသကြီး ပညာရေးစုံညီပွဲတော်ကို ယနေ့နံနက်ပိုင်းမှစတင်ကာ ရန်ကုန်မြို့ အထက(၄) အလုံကျောင်းဝင်း၌ ကျင်းပရာ ရန်ကုန်မြို့ပေါ်ရှိ အခြေခံပညာကျောင်းပေါင်း ၂၇၀၀ ကျော်မှ ကျောင်းသား ကျောင်းသူလေးများ၊ မိဘများ၊ ဆရာ ဆရာမများ ပါဝင်ဆင်နွှဲကြပြီး ဆုပေါင်း ၂၆၂ ဆုကို ချီးမြှင့်နိုင်ခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ပညာရေးစုံညီပွဲတော်တွင် မြေပြင်ပွဲတော်ကို အထက(၄) အလုံကျောင်း အားကစားကွင်း၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူလေးများ၊ ကျောင်းသားမိဘများ တက်ရောက်အားပေးကြသည်။ ထိုမြေပြင်ပွဲတော်တွင် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူလေးများက စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကာ ပညာရေးစုံညီပွဲတော်ဖွင့်ပွဲ အခမ်းအနားကို အစီအစဉ်အတိုင်းကျင်းပသည်။ ထို့နောက် ကျောင်းအလိုက် ဝူရှူးသရုပ်ပြကစားခြင်း၊ ဘင်ခရာတီးခတ်ခြင်း၊ ပဝါအကဖြင့် ဖျော်ဖြေခြင်း၊ တိုက်ကွမ်ဒိုအဖွဲ့မှ သရုပ်ပြတင်ဆက်ခြင်း၊ စုံညီပွဲတော်ဒို့နွှဲပျော် သီချင်းဖြင့် သရုပ်ဖော်တင်ဆက်ခြင်း၊ ဘင်ခရာစွမ်းရည်ပြသခြင်းတို့ကို ကျင်းပသည်။ ထိုနေ့၏ အဖွဲ့လိုက်ပြသမှုများကို အဝင်အထွက်စနစ်ကျမှု၊ ဝတ်စားဆင်ယင်ပုံသပ်ရပ်မှု၊ ပြကွက်သရုပ်ဖော်တင်ဆက်မှု အတွဲ၊ အတန်းလိုက် စည်းကမ်းတကျဆောင်ရွက်နိုင်မှုများကို ကြီးကြပ်အဖွဲ့မှ အမှတ်ပေးကာ ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုများ ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ယခုနှစ်၏ ရန်ကုန်တိုင်းဒေသကြီးအဆင့် ပညာရေးစုံညီပွဲတော် ဆုချီးမြှင့်ပွဲကို အထက(၄)အလုံကျောင်း ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး တက္ကသိုလ်ဝင်တန်း (သိပ္ပံ၊ ဝိပ္ပံ၊ ဝိဇ္ဇာ) ဘာသာတွဲအမှတ်အများဆုံး ထူးချွန်သူလေးဦး၊ ထူးခြားကျောင်းသားဆု၊ ဂုဏ်ထူးဆောင်ကျောင်းသားဆု၊ ICT Project ပြိုင်ပွဲ(တိုင်း၊ ဗဟို)အဆင့်၊ ပထမရရှိသူ ခုနစ်ဦး အပါအဝင် ဆုပေါင်း ၂၆၂ ဆုကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးပညာရေးမှူးရုံးမှ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်နိုင်ခဲ့သည်။

**မြင့်မောင်စိုး**

## (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပြိုင်ပွဲများကျင်းပ

**မြို့သစ်**

(၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဌာနပေါင်းစုံ ပိုက်ကျော်ခြင်း ပြိုင်ပွဲကို ဇန်နဝါရီ ၃ ရက် နံနက် ၈ နာရီက မြို့သစ်မြို့နယ် အားကစားကွင်း၌ ကျင်းပသည်။

ပြိုင်ပွဲတွင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လျှပ်စစ်ဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ စည်ပင်၊ မီးရထား၊ မြေစာရင်းဆည်မြောင်း စသောဌာနဆိုင်ရာဝန်ထမ်းများ စုစုပေါင်း ပြိုင်ပွဲဝင် အသင်း ၁၀ သင်း ဝင်ရောက်ယှဉ်ပြိုင်ကစားကြကြောင်း သိရသည်။

**ဇော်ဇော်(မြို့သစ်)**

**ခင်ဦး**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်တွင် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို ဇန်နဝါရီ ၂ ရက် နံနက် ၁၀ နာရီက လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

"လွတ်လပ်ရေးနေ့ တို့မမေ့"ခေါင်းစဉ်ဖြင့် စာစီစာကုံးကို အထက်တန်းအဆင့်၊ အလယ်တန်းအဆင့် ၁၇ ဦးတို့က ယှဉ်ပြိုင်ကြသည်။ မွန်းလွဲ ၂ နာရီတွင် မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို "Head and Shoulder" ခေါင်းစဉ်ဖြင့် အောင်သီရိရပ် အခြေခံပညာမူလတန်းလွန်ကျောင်းမှ KG ကျောင်းသား ကျောင်းသူ ၃၀ တို့က ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

**လှိုင်းဘွဲ့**

(၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် လှိုင်းဘွဲ့မြို့နယ်တွင် အကြီးတန်း၊ အငယ်တန်း မိနီမာရသွန်အပြေးပြိုင်ပွဲကို ဇန်နဝါရီ ၃ ရက် နံနက် ၅ နာရီခွဲတွင် ကျင်းပသည်။

အကြီးတန်း မိနီမာရသွန်အပြေးပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၈၆ ဦး၊ အငယ်တန်း မိနီမာရသွန် အပြေးပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၁၀၆ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**သိန်းသန်း(ပြန်/ဆက်)**

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်တွင် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မိနီမာရသွန်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၃ ရက် နံနက် ၅ နာရီတွင် ကျင်းပသည်။

အသက် ၁၈ နှစ်အောက် လူငယ်များ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၂၆၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ မိနီမာရသွန်ပြိုင်ပွဲကို မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များက ယာဉ်လမ်းအန္တရာယ်နှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

**မြောင်းမြ**

(၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို မြောင်းမြမြို့ မြို့မဘောလုံးကွင်း အ-ထ-က(၁) အားကစားကွင်း နောင်ရိုးအားကစားခန်းမ (၁) နှင့် (၂) တို့၌ ဇန်နဝါရီ ၂ ရက် နံနက်ပိုင်းမှစတင်၍ ယှဉ်ပြိုင်ကစားကြသည်။

အလေးမ၊ တင်းနစ်၊ ဂျူဒို၊ ပြေးခုန်ပစ်၊ မာရသွန်၊ ရိုးရာခြင်းလုံးအပါအဝင် အားကစားနည်း ၁၃ မျိုး ထည့်သွင်းကာ လူငယ်များ အားကစားကို ချစ်မြတ်နိုးလိုစိတ်၊ အားကစားဖြင့် ကျန်းမာကြံ့ခိုင်လာစေရေး ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ကြောင်းသိရသည်။

**အောင်မင်း(မြောင်းမြ)**

**မိုင်းဖြတ်**

မိုင်းဖြတ်မြို့နယ်တွင် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲကို ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

စာစီစာကုံးပြိုင်ပွဲသို့ အထက်တန်းအဆင့် ၁၀ ဦး၊ အလယ်တန်းအဆင့် ခုနစ်ဦးနှင့် ကဗျာပြိုင်ပွဲတွင် ခုနစ်ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၂၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**သန်းထွန်းအေး(ပြန်/ဆက်)**

**ပေါင်**

သထုံခရိုင် ပေါင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသည့် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြပွဲပြိုင်ပွဲကို မြို့နယ်အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၃ ရက် နံနက် ၈ နာရီက ကျင်းပသည်။

မွေးကင်းစမှ ခြောက်လ၊ ခြောက်လမှ ၁၂ လ၊ ၁၂ လမှ ၁၈ လနှင့် အမွှာပူးဆုများအပြင် လွတ်လပ်ရေးမောင်မယ်ဆုများကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဇင်မျိုးသူ**

**မင်းလှ**

(၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အထက်တန်းအဆင့် ကဗျာပြိုင်ပွဲ၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် မူလတန်းအဆင့် ပန်းချီပြိုင်ပွဲကို မင်းလှမြို့နယ် အခြေခံပညာအထက်တန်းကျောင်းတွင် ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

မင်းလှမြို့နယ် အခြေခံပညာကျောင်းများမှ အထက်တန်းအဆင့် ကဗျာပြိုင်ပွဲဝင် ၁၅ ဦး၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲဝင် ၂၃ ဦး၊ မူလတန်းအဆင့် ပန်းချီပြိုင်ပွဲဝင် ၂၂ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၆၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

**ဓာဓာ(အထက်မင်းလှ)**

**ကျေးသီး**

(၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် အခြေခံပညာမူလတန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲကို ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီက ကျေးသီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အမက ( မြို့မ ) ကျောင်းမှ စတုတ္ထတန်းနှင့် တတိယတန်း ကျောင်းသား ကျောင်းသူများက "လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၊ လွတ်လပ်ရေးအောင်ပွဲနှင့် လွတ်လပ်ရေးနေ့ တို့မမေ့" စသည့် ခေါင်းစဉ်သုံးခုကို မဲနှိုက်၍ ကျရာခေါင်းစဉ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

**ညောင်တုန်း**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အဖြစ် ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းက ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ စစ်တုရင်အလွတ်တန်းပြိုင်ပွဲ ကျင်းပသည်။


ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အသင်းခုနစ်သင်း၊ ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် အသင်း ၁၂ သင်း၊ စစ်တုရင်ပြိုင်ပွဲတွင် အငယ်တန်း၊ အကြီးတန်း၊ အလွတ်တန်းပြိုင်ပွဲများ ကျင်းပကြောင်း သိရသည်။

**ဝဏ္ဏနိုင်(ညောင်တုန်း)**

# လွတ်လပ်ရေးအောင်ပွဲ နိုင်ငံတော်အခမ်းအနား

(၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်)

မြင့်ဆွေဦး



၂၀၁၉ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့တွင် ကျရောက်သည့် လွတ်လပ်ရေးနေ့မှာ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ဖြစ်သည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ တွင် မြန်မာနိုင်ငံသည် လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်ကြောင်း ကမ္ဘာသို့ ကြေညာနိုင်ခဲ့လေသည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့တွင် လွတ်လပ်ရေးအောင်ပွဲအခမ်းအနား ကျင်းပခဲ့ပုံကို ရှာဖွေတင်ပြလိုက်ပါသည်။

**နံနက် ၄ နာရီအချိန်**

မြန်မာနိုင်ငံတော် လွတ်လပ်ရေးအောင်ပွဲအခမ်းအနားတွင် ပါဝင်ဆင်နွှဲရန်အတွက် နံနက် ၄ နာရီအချိန်တွင် တိုင်းပြုပြည်ပြုလွှတ်တော်မျက်နှာစာရှိ အလံတိုင်၏ ရင်ပြင်မြက်ခင်း၌ နိုင်ငံတော်ယာယီသမ္မတကြီး စဝ်ရွှေသိုက်သည် ကိုယ်ရံတော်ဗိုလ်များဖြစ်ကြသော ကာနယ်မြင့်သိန်း၊ ကာနယ်ထင်မီ၊ ထို့ပြင် အတွင်းဝန်ဦးရွှေဘော်၊ အိမ်တော်ဝန်ဦးစံဖေတို့နှင့်အတူ ကြွရောက်လာပြီးသည့်နောက် ယာယီအစိုးရဝန်ကြီးချုပ် ယာယီပါလီမန် (တိုင်းပြုပြည်ပြုလွှတ်တော်)ဥက္ကဋ္ဌ၊ ယာယီအစိုးရဝန်ကြီးများနှင့် ဟိုက်ကုတ်လွှတ်တော် တရားဝန်ကြီးချုပ်၊ မဟာမင်းကြီးများ၊ နိုင်ငံခြားအထူးသံတမန်များ၊ ဖဆပလ အမှုဆောင်လူကြီးများ၊ ယာယီပါလီမန်(တိုင်းပြုပြည်ပြုလွှတ်တော်) အမတ်များ၊ နိုင်ငံတော်ကာကွယ်ရေးအဖွဲ့ အကြီးအကဲများ၊ ယာယီပါလီမန် (တိုင်းပြုပြည်ပြုလွှတ်တော်)အရာရှိများ၊ တိုင်းမင်းကြီးများ၊ ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌနှင့် ရာထူးဝန်များ၊ အစိုးရဌာနအကြီးအကဲများ၊ အတွင်းဝန်များ၊ ဒေသန္တရအဖွဲ့ ကိုယ်စားလှယ်များ၊ ရွှေနေရွှေ့ရပ်ဆိုင်ရာ ကိုယ်စားလှယ်များ၊ ကုန်သည်ကြီးအသင်းလေးသင်းမှ ကိုယ်စားလှယ်များ၊ နေပြည်တော် ရာဇဝတ်တရားသူကြီးများ၊ ကျော်စောကိတ္တိရှိသော အခြားဧည့်သည်များ ရောက်ရှိစုရုံးလျက်ရှိကြလေသည်။

**အသီးသီးနေရာချထား**

လွှတ်တော်၏မျက်နှာစာအရှေ့ဘက်တွင် ယာယီပါလီမန် (တိုင်းပြုပြည်ပြုလွှတ်တော်)အမတ်များ၊ လွှတ်တော်ဆင်ဝင်ရှေ့တွင် ယာယီအစိုးရဝန်ကြီးချုပ်နှင့်ဝန်ကြီးများ၊ လွှတ်တော်ဆင်ဝင်အောက်တွင် ပုဏ္ဏားဖြူ ပုဏ္ဏားညိုများ၊ ဆင်ဝင်၏ဝဲ၊ ယာတွင် နိုင်ငံခြားကိုယ်စားလှယ်တော်များနှင့် အစိုးရအရာရှိကြီးငယ်များနှင့် လူမျိုးပေါင်းစုံကိုယ်စားလှယ် ဧည့်သည်တော်များအား အသီးသီးနေရာချထား၏။

ထိုအချိန်တွင် စည်တော်ရွှမ်းလျက်ရှိ၏။

လွှတ်တော်မျက်နှာစာ၏ အရှေ့ဘက်ထောင့်တွင် ဗမာ့တပ်မတော်၊ မျက်နှာစာရှေ့တွင် ဗမာ့ရေတပ်၊ ဗမာ့လေတပ်၊ သောင်းကျန်းမှုနှိမ်နင်းရေးတပ်၊ ဗမာ့နိုင်ငံတော်လက်နက်ကိုင်ပုလိပ်အဖွဲ့များကို အသီးသီးနေရာချပေးထားလေသည်။

နိုင်ငံတော် ယာယီသမ္မတကြီးသည် အဆောင်အယောင်နှင့် လွှတ်တော်ဆင်ဝင်ရှေ့သို့ ထွက်လာသည်တွင် စည်တော်သံရပ်စဲသွားလေသည်။

**ဆင်မြန်းထား**

သမ္မတကြီးသည် ပိုးအဖြူရောင်ရွှေချည်ထိုးခေါင်းပေါင်းကို ဆင်ယင်လျက် ပိုးသိုးရင်းဖြူနှင့် စံကားဝါနုရောင် ရွှေချည်ထိုးပုဆိုးတောင်ရှည်တို့ကို သပ်သပ်ရပ်ရပ် ခန့်ခန့်ညားညား ဆင်မြန်းထား၏။

ယာယီအစိုးရဝန်ကြီးချုပ် သခင်နုမှာကား ခေါင်းပေါင်းပန်းရောင်၊ မန္တလေးတောင်ရှည်ပန်းရောင်၊ ပိုးရင်ဖုံးအကျႌအဖြူကို ဝတ်ဆင်ထားလေသည်။

ရေတပ်၊ ကုန်းတပ်မှ စစ်ဗိုလ်ကြီးများက ရှေ့ဆောင်၍ သမ္မတကြီးသည် ဗမာ့တပ်မတော်၊ ဗမာ့ရေတပ်၊ ဗမာ့လေတပ်၊ သောင်းကျန်းမှုနှိမ်နင်းရေးတပ်နှင့် ဗမာ့လက်နက်ကိုင်အဖွဲ့များကို တစ်တပ်ပြီးတစ်တပ် လှည့်လည်ရှုစားလေသည်။ ထိုအချိန်တွင် ကရင်အမျိုးသားတပ်က ဘင်ခရာတီးမှုတ်လေသည်။ ယာယီပါလီမန်လွှတ်တော်ရှေ့ရှိ အလံတိုင်ပေါ်မှ ဗြိတိသျှတို့၏ ယူနီယံဂျက်အလံမှာ နံနက်ခင်းအချိန် တသုန်သုန်တိုက်ခတ်လျက်ရှိသော ဆောင်းလေအေးကြောင့် တဖျပ်ဖျပ်လှုပ်ရှားလျက်ရှိနေလေသည်။

နံနက် ၄ နာရီ ၁၉ မိနစ်အချိန်တွင် ကြွရောက်လာသော ပရိသတ်အားလုံး ငြိမ်သက်စွာနေကြရန် မီးရောင်ပြ၍ အချက်ပေးလိုက်၏။

အလံတိုင်အရှေ့ဘက်နှင့် အနောက်ဘက်တွင် အသီးသီးရပ်နေကြသော ဘာမင်ဟန်စစ်သင်္ဘောမှ အရာရှိနှစ်ဦးနှင့် ဗမာ့ရေတပ်မှ ဗမာ့အမျိုးသား ရေတပ်အရာရှိနှစ်ဦးတို့သည် အခါတော်ကြားအမြောက်သံကို နားစွင့်လျက်ရှိကြ၏။

**ဗြိတိသျှယူနီယံဂျက်အလံကို တဖြည်းဖြည်းဆွဲချ**

နံနက် ၄ နာရီ မိနစ် ၂၀ တိတိအချိန်တွင် ရန်ကုန်မြစ်ဆိပ်ကမ်း၌ ဆိုက်ကပ်နေသော ဘာမင်ဟန်စစ်သင်္ဘောကြီးမှ အခါတော်ကြားအမြောက်များ ပစ်ဖောက်လိုက်သည်နှင့်တစ်ပြိုင်နက် ကရင်ဘင်ခရာအဖွဲ့က ထုံးစံအတိုင်း တီးမှုတ်၍ ဗြိတိသျှရေတပ်ဗိုလ်တစ်ဦးက ဗြိတိသျှယူနီယံဂျက်အလံကို တဖြည်းဖြည်းဆွဲချလေသည်။ ထိုအချိန်တွင် အင်္ဂလိပ်ဘုရားရှိခိုးကျောင်းများမှ ခေါင်းလောင်းသံများ၊ သင်္ဘောဥသြဆွဲသံများ၊ သေနတ်ဖောက်သံ၊ မီးအိုးပြောက်အိုးသံများ တစ်မြို့လုံး ခြိမ့်ခြိမ့်အုန်းမျှ ဆူညံသွားလေသည်။ မီးကျည်မီးပန်းများလည်း ကောင်းကင်ယံတွင် ရှုမငြီးအောင် ထိန်လင်းနေပေတော့သည်။

ဗြိတိသျှယူနီယံဂျက်အလံကိုချပြီးသည်နှင့်တစ်ပြိုင်နက် ဗမာ့ရေတပ်မှ အရာရှိ စောချစ်စိန်၏လက်တွင်းမှ ပြည်ထောင်စုဗမာ့အလံတော်ကြီးသည် ထိုးထွက်လျက် တိုင်ထိပ်သို့ တဖြည်းဖြည်း တက်သွားလေသည်။ ထိုအချိန်တွင် စစ်တီးဝိုင်းမှ အမျိုးသားသီချင်းသံသည် မင်္ဂလာအပေါင်းနှင့် ငြိမ့်ငြိမ့်လေးပေါ်ထွက်လာလေသည်။ အလံတော်ကြီးသည် တိုင်ထိပ်သို့ရောက်သည်နှင့် တစ်ပြိုင်နက် ပုဏ္ဏားတော်များသည် ခရုသင်းများတီးမှုတ်ကာ ဆိုင်ရာတပ်ဖွဲ့အသီးသီးနှင့် ယင်းပရိသတ်အပေါင်းတို့သည် အလံတော်ကို အလေးပြုကြ၏။ စည်တော်သည်လည်း ရွှမ်းလျက်ရှိ၏။

နံနက် ၄ နာရီ မိနစ် ၂၀ တိတိအချိန်တွင် ရန်ကုန်မြစ်ဆိပ်ကမ်း၌ ဆိုက်ကပ်နေသော ဘာမင်ဟန်စစ်သင်္ဘောကြီးမှ အခါတော်ကြားအမြောက်များပစ်ဖောက်လိုက်သည်နှင့်တစ်ပြိုင်နက် ကရင်ဘင်ခရာအဖွဲ့က ထုံးစံအတိုင်းတီးမှုတ်၍ ဗြိတိသျှ ရေတပ်ဗိုလ်တစ်ဦးက ဗြိတိသျှယူနီယံဂျက်အလံကို တဖြည်းဖြည်းဆွဲချလေသည်။ ထိုအချိန်တွင် အင်္ဂလိပ်ဘုရားရှိခိုးကျောင်းများမှ ခေါင်းလောင်းသံများ၊ သင်္ဘောဥသြဆွဲသံများ၊ သေနတ်ဖောက်သံ၊ မီးအိုးပြောက်အိုးသံများ တစ်မြို့လုံး ခြိမ့်ခြိမ့်အုန်းမျှ ဆူညံသွားလေသည်။ မီးကျည်မီးပန်းများလည်း ကောင်းကင်ယံတွင် ရှုမငြီးအောင် ထိန်လင်းနေပေတော့သည်။

ဗြိတိသျှယူနီယံဂျက်အလံကိုချပြီးသည်နှင့်တစ်ပြိုင်နက် ဗမာ့ရေတပ်မှ အရာရှိ စောချစ်စိန်၏လက်တွင်းမှ ပြည်ထောင်စုဗမာ့အလံတော်ကြီးသည် ထိုးထွက်လျက် တိုင်ထိပ်သို့ တဖြည်းဖြည်း တက်သွားလေသည်။

ထို့နောက် နံနက် ၄ နာရီ မိနစ် ၄၀ အချိန်တွင် အထက်ဖော်ပြပါ ပရိသတ်အပေါင်းတို့သည် အစီအစဉ်အတိုင်း ယာယီပါလီမန်(တိုင်းပြုပြည်ပြုလွှတ်တော်)ခန်းမကြီးထဲတွင် စုရုံးကြလေသည်။

ပရိသတ်စုံညီရောက်ရှိလာပြီးသည့်နောက် ၄ နာရီ ၄၅ မိနစ်အချိန်တွင် နိုင်ငံတော်သမ္မတကြီး စဝ်ရွှေသိုက်သည် နိုင်ငံတော်ဝန်ကြီးချုပ် သခင်နု၊ ယာယီပါလီမန်(တိုင်းပြုပြည်ပြုလွှတ်တော်)ဥက္ကဋ္ဌကြီး ပျော်ဘွယ်ဦးမြတို့နှင့်အတူ လွှတ်တော်ခန်းမကြီးသို့ဝင်လာရာ ပရိသတ်အပေါင်းတို့က မတ်တတ်ရပ်၍ အလေးပြုကြ၏။

**ကောင်းချီးထောမနာ**

လွှတ်တော်ခန်းမကြီးတွင်ချိတ်ဆွဲထားသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကျဆုံးသောခေါင်းဆောင်ကြီးများ၏ ဓာတ်ပုံများမှာလည်း "ငါတို့ချထားသော လမ်းစဉ်အတိုင်းလိုက်နာဆောင်ရွက်လေစွ"ဟူ၍ ကောင်းချီးထောမနာပြုလျက် ပရိသတ်များအား ကြည့်နေသကဲ့သို့ရှိ၏။ လွှတ်တော်ခန်းမကြီးအတွင်း၌ မြန်မာရုပ်ရှင်ကုမ္ပဏီများကလည်းကောင်း၊ နိုင်ငံခြားရုပ်ရှင်ကုမ္ပဏီများကလည်းကောင်း လျှပ်စစ်လက်သကဲ့သို့ တဖျပ်ဖျပ်နှင့် ရိုက်ကူးကြ၏။

သမ္မတကြီးသည် စင်မြင့်ပေါ်တွင်နေရာယူပြီးနောက် သမ္မတရာထူးကို လက်ခံသိမ်းပိုက်ကြောင်း ကြေညာလိုက်သည်။ ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အတည်ဖြစ်ကြောင်း ကြေညာလိုက်ရာ တစ်ခဲနက် သြဘာပေးကြလေသည်။

ထို့နောက် လွတ်လပ်ရေးအတွက် ကြိုးပမ်းကြရာတွင် အသက်စွန့်လွှတ်သွားကြရရှာသောသူတို့အား သတိရသော အထိမ်းအမှတ်ဖြင့် နှစ်မိနစ်ငြိမ်သက်နေကြ၏။

**လွတ်လပ်ရေးကြေညာစာတမ်းဖတ်ကြား**

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် သခင်နုသည် အောင်စေသတည်းအစချီသော လွတ်လပ်ရေးကြေညာစာတမ်းကိုဖတ်ကြားပြီး ဦးကျော်မြင့်ကလေးတိုင်ပေးသော နိုင်ငံတော်သီချင်းကို စုရုံးရောက်ရှိလာကြသော ပရိသတ်အပေါင်းတို့က သီဆိုကြလေသည်။

နိုင်ငံတော်သီချင်း သီဆိုအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်သည် ရာထူးဆိုင်ရာ ကျမ်းသစ္စာနှင့် လျှို့ဝှက်ရန် ကျမ်းသစ္စာများကို ကျိန်ဆိုလက်မှတ်ရေးထိုးပြီးနောက် နိုင်ငံတော်သမ္မတကြီးက ဝန်ကြီးချုပ် သခင်နုအား ဌာနဆိုင်ရာ တံဆိပ်တော်ကို အပ်နှင်းလေသည်။

ဝန်ကြီးချုပ် သခင်နုက လွတ်လပ်ရေးနေ့ မိန့်ခွန်းစကားမြွက်ကြား၏။

ထို့နောက် ဝန်ကြီးချုပ် သခင်နုက နိုင်ငံတော်သမ္မတကြီးထံသို့ မြန်မာနိုင်ငံတော်၏ ဝန်ကြီးများအား ရှေ့သို့သွင်းခွင့်ပြု၍ အမိန့်တောင်းခံပြီး အမိန့်ရလျှင် ဝန်ကြီးများအား တစ်ဦးစီရှေ့သို့သွင်း၍ ခန့်အပ်လွှာများနှင့်တကွ ဌာနဆိုင်ရာတံဆိပ်များကိုလည်း ချီးမြှင့်အပ်နှင်းပြီးနောက် အခမ်းအနားကို ရုပ်သိမ်းလိုက်လေသည်။ ။

တိုတိုထွာထွာဖတ်စရာ

## စပါးခွံသဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်း လေးမျက်နှာတွင် ကွင်းဆင်းသရုပ်ပြ

**လေးမျက်နှာ**
ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် စာရေးကွင်းကျေးရွာရှိ ဘက်စုံအဆင့်မြင့်နည်းပညာသုံးစံပြကျေးရွာ ဧက ၃၀၀ စိုက်ကွင်းတွင် ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီက EM ဘိုကာရှီမြေဆွေးပုံနှင့် စပါးခွံသဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းများအား လက်တွေ့ကွင်းဆင်းသရုပ်ပြသည်။

ခရိုင်စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးတာဝန်ခံ ဒေါ်ညွန့်ညွန့်ဆွေက EM ဘိုကာရှီမြေဆွေးပုံနှင့် စပါးခွံသဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်းအဆင့်ဆင့်ကို တောင်သူများအား ရှင်းလင်းပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးလူချောက EM ဘိုကာရှီမြေဆွေးနှင့် စပါးခွံသဘာဝမြေဩဇာ ပြုလုပ်သုံးစွဲခြင်းအားဖြင့် မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ကောင်းမွန်ခြင်း၊ ဓာတ်မြေဩဇာလျှော့ချသုံးစွဲနိုင်ခြင်း၊ သီးနှံအရည်အသွေးနှင့်အထွက်နှုန်း တိုးတက်ကောင်းမွန်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်ကြောင်း ရှင်းလင်းပြောကြားသည်။ **ရွှေမိုး(ပြန်/ဆက်)**

## ကျိုက်မရောတွင်လူထုတွေ့ဆုံပွဲကျင်းပ

**ကျိုက်မရော**
ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် လူထုတွေ့ဆုံပွဲအခမ်းအနားကို ဇန်နဝါရီ ၂ ရက် ညနေ ၃ နာရီက ကျိုက်မရောမြို့ နယ် ကော့ကလော့ ကျေးရွာ ဘုန်းကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မျိုးမြင့်က လူထုတွေ့ဆုံပွဲကျင်းပခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့ဌာနနှင့်သက်ဆိုင်သည့်လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးကြရာ တက်ရောက်လာသူများ၏ မေးမြန်းမှုများကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။ **ချိုမြတ်မြတ်ထွေး (ပြန်/ဆက်)**

## ကြာအင်းဆိပ်ကြီးမြို့နယ်၌ ပညာရေးစုံညီပွဲတော်ကျင်းပ

**ကြာအင်းဆိပ်ကြီး**
ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်၌ မြို့နယ်အခြေခံပညာကျောင်းပေါင်းစုံ ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ ရက် နံနက်၉နာရီခွဲက ကြာအင်းဆိပ်ကြီး အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူလေးများက သီဆိုဖျော်ဖြေကပြတင်ဆက်ပေးခဲ့ပြီး မြို့နယ်အဆင့်နှင့် ပြည်နယ်အဆင့်ပြိုင်ပွဲများတွင် ဆုများအသီးသီးရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျောင်းအုပ်ဆရာကြီးဆရာမကြီးများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ပေးခဲ့သည်။ **ကိုမျိုး(ဇမိမြေ)**

## ကျောက်တန်း၌ ကျေးရွာအဆင့်စီမံခန့်ခွဲမှုသင်တန်းဖွင့်

**ကျောက်တန်း**
ကျေးရွာအဆင့်စီမံခန့်ခွဲမှုသင်တန်းကို ဇန်နဝါရီ ၂ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ကျိုက္ကမော့ကျေးရွာ အနုပညာပန်းချီသင်တန်းခန်းမ၌ ဖွင့်လှစ်သည်။

အဆိုပါကျေးရွာအဆင့်စီမံခန့်ခွဲမှုသင်တန်းသို့ လူထုဗဟိုပြုစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်သည့် ရွှေပျောက်ကျေးရွာ၊ အဒွတ္တော ကျေးရွာ၊ ကျိုက္ကမော့ကျေးရွာ၊ ဆေးဘိုဝကြာကန်ဒိတ်ကျေးရွာတို့မှ စီမံကိန်းအထောက်အကူပြုကော်မတီဝင် ၅၇ ဦး တက်ရောက်ကြကြောင်း သိရသည်။ **စိုးဝင်း (ကျောက်တန်း)**



ပေါင်မြို့နယ် မုတ္တမနယ်မြေရဲစခန်းမှ စခန်းမှူးရဲအုပ်အောင်မင်းကြည်နှင့် တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီက မုတ္တမကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ မူခင်းကြိုတင်ကာကွယ်ရေးနှင့် သက်ငယ်မုဒိမ်းမှု၊ လူကုန်ကူးမှုများ မဖြစ်ပေါ်စေရေးပညာပေးဟောပြောခဲ့ကြောင်းသိရသည်။ လှိုင်ထွန်းအောင်(သထုံ)

## အစိုးရနည်းပညာအထက်တန်းကျောင်း(လှိုင်ကော်) အောင်လက်မှတ်ပေးအပ်

**လှိုင်ကော် ဇန်နဝါရီ ၃**
ပထမအကြိမ် Government Technical High School (GTHS) အောင်လက်မှတ်ပေးအပ်ခြင်းအခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီက လှိုင်ကော်မြို့ မြို့နယ်ခန်းမ၌ကျင်းပသည်။

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို က အစိုးရနည်းပညာအထက်တန်းကျောင်း (လှိုင်ကော်)တွင် သက်မွေးပညာသင်တန်းများကို (၇) ကြိမ်အထိ ဖွင့်လှစ်ခဲ့ပြီး တတ်မြောက်အောင်မြင်သူများကို ဌာနအစီအစဉ်ဖြင့် အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ရာ ယခုအခမ်းအနားသည် ပထမအကြိမ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျောင်းသားကျောင်းသူများအနေဖြင့် မိမိသင်ယူတတ်မြောက်ထားတဲ့ သက်မွေးပညာရပ်တွေကို ပြင်ပလောကမှာ ကောင်းမွန်စွာ အသုံးချပြီး ထူးချွန်ပေါက်မြောက်အောင်မြင်သူတစ်ဦးအဖြစ် စိတ်ဓာတ်ခွန်အားအပြည့်နဲ့ ကြိုးစားသွားကြရန် ပြောကြားသည်။

ဆက်လက်ပြီး အစိုးရနည်းပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးတင်အေးက GTHS အောင်လက်မှတ်ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကျောင်းသား ကျောင်းသူများကို အောင်လက်မှတ်များအား ပေးအပ်သည်။



အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

နည်းပညာအထက်တန်းကျောင်း(လှိုင်ကော်) စတင်ဖွင့်လှစ်သည့်အချိန်မှ ယနေ့အထိသင်တန်းအမှတ်စဉ် (၁) မှ (၈)ထိတွင် သင်တန်းသားသင်တန်းသူ ၆၀၀ ကျော် မွေးထုတ်ပေးနိုင်ခဲ့ပြီး သင်တန်းသားများထဲမှ နည်းပညာတက္ကသိုလ် (လှိုင်ကော်)သို့ ၂၀၀၊ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းသို့ ၈၀ ပေါင်းကူးတက်ရောက်နိုင်ခဲ့ကြောင်း၊ ကျန်ရှိသည့် ကျောင်းသားများကလည်း ပြင်ပတွင် သင်ယူတတ်မြောက်ထားသည့် ပညာရပ်များဖြင့် အသက်မွေးဝမ်းကျောင်းပြုနေလျက်ရှိကြောင်း သိရသည်။ **ထွန်းလေး**

## Yangon Water Bus ဖြင့် တွံ့တေးအထူးခရီးစဉ် ပြေးဆွဲမည်

**ရန်ကုန် ဇန်နဝါရီ ၃**
ခရီးသည်တစ်ဦးလျှင် ကျပ် ၇၀၀၀ နှုန်းဖြင့် ဇန်နဝါရီ ၅ ရက် နှင့် ၆ ရက်တို့တွင် Yangon Water Bus ဖြင့် တွံ့တေး အထူးခရီးစဉ်ကို ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါ ခရီးစဉ်ကို နံနက် ၉ နာရီတွင် ဗိုလ်တထောင်ဆိပ်ကမ်းမှ စတင်ထွက်ခွာမည်ဖြစ်ပြီး ညနေ ၃ နာရီတွင် ပြန်လည်ဆိုက်ကပ်မည်ဖြစ်ရာ ခရီးစဉ်တစ်လျှောက်တွင် ရွှေဆံတော်ဘုရားနှင့် အိုးလုပ်ငန်းနှင့် ရက်ကန်းလုပ်ငန်းများကိုပါ ဝင်ရောက်လေ့လာမည်ဖြစ်သည်။

ထို့အပြင် နေ့လယ်စာထမင်းဘူး၊ လည်ပတ်ရန်ကားခ၊ ထိခိုက်မှုအာမခံ၊ ကော်ဖီနှင့် ရေသန့်ဘူးများ အစရှိသော ဝန်ဆောင်မှုများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ **ကျော်ဆန်းမြင့် (ပြန်/ဆက်)**

## မုန်တိုင်းအန္တရာယ် အသိပညာပေးလုပ်ငန်းများ ကော့သောင်းတွင်ဆောင်ရွက်

**ကော့သောင်း ဇန်နဝါရီ ၃**
တောင်တရုတ်ပင်လယ်၊ ဗီယက်နမ်ကမ်းလွန်ပင်လယ်ပြင်၌ ဖြစ်ပေါ်လျက်ရှိသော အပူပိုင်းမုန်တိုင်း PABUK (ပါဘက်) သည် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းနှင့် မြိတ်မြို့များအနီးမှ ဖြတ်ကျော်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံနှင့် နိုင်ငံတကာမိုးလေဝသသတင်း ထုတ်ပြန်ချက်များအရ မြို့နေပြည်သူများ သတိပြုနိုင်ရေး သဘာဝဘေးအန္တရာယ် အသိပညာပေးလုပ်ငန်းအဖြစ် ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းက ကော့သောင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရုံးရှေ့ရှိ နံရံကပ်မြေစိုက်ဘုတ်တွင် သဘာဝဘေးအန္တရာယ် အသိပညာပေးစာစောင်နှင့် သတိပေးနှိုးဆော်ချက်များ ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနထုတ် မုန်တိုင်းဘေး ၊ မြေပြိုဘေး၊ ရေကြီးဘေး အသိပညာပေး လက်ကမ်းစာစောင်များ၊ ကြိုတင်သတိပေး ဗီနိုင်းပိုစတာများ၊ လာမည့်ရက်ပိုင်းအတွင်းဖြစ်ပေါ်နိုင်ပြီး မြန်မာနိုင်ငံတောင်ပိုင်းဒေသ ကော့သောင်းမြို့နှင့် မြိတ်မြို့များအနီးမှ ဖြတ်သန်းတိုက်ခတ်မည့် အပူပိုင်းမုန်တိုင်း ပါဘက်ဖြတ်သန်းရာလမ်းကြောင်း ခန့်မှန်းချက်များ၊ ဖြတ်သန်းတိုက်ခတ်စဉ် လေတိုက်နှုန်းများနှင့် ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်ခန့်မှန်းချက်များ၊ ပြည်သူများကြိုတင်ကာကွယ်မှု ဆောင်ရွက်နိုင်မည့် အစီအမံများကို အသိပေးထားသည့် စာစောင်များအား နံရံကပ်မြေစိုက်ဘုတ်တွင် အသိပညာပေး ခင်းကျင်းပြသခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

## လားရှိုးမြို့မစျေးအနီးဝန်းကျင် ယာဉ်ကြောပိတ်ဆို့မှုလျှော့ချနိုင်ရေး ကွင်းဆင်းစစ်ဆေး

**လားရှိုး ဇန်နဝါရီ ၃**
လားရှိုးမြို့မစျေးအနီးပတ်ဝန်းကျင်နေရာများတွင် နေ့စဉ်လိုလို အချိန်ပြည့်နီးပါး ယာဉ်ကြောပိတ်ဆို့မှုများ လျှော့ချနိုင်ရန်အတွက် လားရှိုးမြို့နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကော်မတီဥက္ကဋ္ဌ ဦးအာကာလင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဇန်နဝါရီ ၃ ရက် နံနက် ၁၀ နာရီတွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

ပညာပေးစစ်ဆေးခြင်းကာလ ပြီးဆုံးပါက စည်းကမ်းဖောက်ဖျက်သည့် ယာဉ်လိုင်းများကို ယာဉ်လိုင်းပိတ်သိမ်းသည်အထိ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့အပြင် စည်းကမ်းမဲ့ ရောင်းချနေသော လမ်းဘေးဈေးသည်များနှင့် ကားလမ်းမပေါ်အထိ ကျူးကျော်ကာ ရောင်းချနေသည့် ဈေးဆိုင်ခန်းများကိုလည်း စည်ပင်သာယာမှ ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချရေးတို့ကိုပါ အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။ **ဟန်ဌေး (ပြန်/ဆက်)**



## အမာမြို့တွင် စုံညီပွဲတော်နှင့် ထမနဲထိုးပြိုင်ပွဲကျင်းပ

**အမာ ဇန်နဝါရီ ၃**
ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် အမာမြို့ အခြေခံပညာအထက်တန်းကျောင်းရှေ့မျက်ခင်းပြင်တွင် ဇန်နဝါရီ ၃ ရက် နံနက် ၁၀ နာရီမှ စတင်ပြီး ပညာရေးစုံညီပွဲတော်နှင့် အသင်းငါးသင်း၏ ထမနဲထိုးပြိုင်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

ပညာရေးစုံညီပွဲတော်တွင် ကျောင်းသားကလေးငယ်များ၏ ပဒေသာကပွဲနှင့် အားကစားပွဲများပါဝင်ပြီး အနော်ရထာ၊ ကျန်စစ်သား၊ ဘုရင့်နောင်၊ အလောင်းဘုရား၊ ဗန္ဓုလ အသင်းငါးသင်းက ထမနဲထိုးပြိုင်ခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲတွင်ထိုးသော ထမနဲများကို တက်ရောက်လာသော ဧည့်သည်များ၊ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများက ပျော်ရွှင်စွာ သုံးဆောင်ခဲ့ကြောင်းသိရသည်။ **ဝင်းမြင့်အောင်(ပြန်/ဆက်)**

# ပုဂံရှေးဟောင်းဇုန်သည် နိုင်ငံစုံမှလာသည့် ခရီးသွားများ စိတ်ဝင်စားသည့်နေရာဖြစ်လာ

**ညောင်ဦး ဇန်နဝါရီ ၃**

ပုဂံ ရှေးဟောင်းယဉ်ကျေးမှုဇုန်တွင် ရှေးဟောင်း စေတီပုထိုး၊ ဘုရားကျောင်းကန်၊ သာသနိက အဆောက်အအုံများစွာရှိပြီး ပုဂံဒေသတစ်ဝိုက် ၁၉ စတုရန်းမိုင် အတွင်းတွင် ရှေးဟောင်းစေတီပုထိုး အဆောက်အအုံကြီးငယ်ပေါင်း ၂၂၀၀ ကျော်နှင့် အုတ်ကုန်းများပါဆိုလျှင် ၃၀၀၀ ကျော်ကျန်ရှိနေသေးကြောင်း၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုဇုန်သို့ ရောက်လာကြသည့် ပြည်ပခရီးသွားများသည် ပုဂံဒေသ၏ တစ်ဆူနှင့်တစ်ဆူ မတူညီသည့် စေတီပုထိုးများ၏ ပုံသဏ္ဌာန်ကို အသေးစိတ် လေ့လာရေးမှတ်ကြကြောင်း စာရေးဆရာ မင်းဘူးအောင်ကြိုင်က ပြောသည်။



ပုဂံရှေးဟောင်းယဉ်ကျေးမှု ဇုန်တွင် မတူညီသည့် စေတီပုထိုးများ၊ သာသနိက အဆောက်အအုံများကြောင့် တစ်နေ့ထက်တစ်နေ့ ပြည်တွင်း ပြည်ပ ခရီးသွားဘုရားဖူးများ များပြားလာနေပြီး အလွန်ရှေးကျပြီး ရှေးမြန်မာတို့၏ အံ့မခန်းလက်ရာ အမျိုးမျိုးအား ပုဂံရှေးဟောင်းဇုန်သို့ ရောက်ရှိလာသည့် မည်သူမဆို မအံ့သြဘဲ မနေနိုင်အောင်ဖြစ်ကြကြောင်း၊ ငကြွဲနားမြှောင်းဘုရားတွင် အလွန်ရှေးကျသော စဥ့်အစိမ်းရောင်ပါရှိသည့် စဥ့်စိမ်းရောင်အုတ်များ ကြည့်ရှုလေ့လာနိုင်သည့် အလိုတော်ပြည့်ဘုရားတွင် ရှေးဟောင်းမင်စာများ၊ နံရံဆေးရေးပန်းချီများ၊ ဖက်လိပ်ဘုရားတွင် ငါးရာ့ငါးဆယ်ဇာတ် နိပါတ်တော်များ၊ အုတ်ခွက်ထွင်း ထုထားပုံများလေ့လာနိုင်ပြီး ငကြွဲနားမြှောင်းဘုရားနှင့် သဗ္ဗညုဘုရားကြားတွင် နတ်လှော်ကျောင်းရှိပြီး (ဟိန္ဒူဘုရားကျောင်း) ကျောင်းအတွင်းမှ တွေ့ရသော သီဝနတ်ရုပ်နှင့် ရေးထိုးထားသည့်ကမ္ပည်းအား စိတ်ဝင်တစား ကြည့်ရှုလေ့လာနေကြသည်ကို တွေ့ရသည်။

ပုဂံဒေသတွင် ယခုရက်ပိုင်း ဘုရားဖူး၊ လေ့လာရေးလာရောက် လည်ပတ်သည့် ပြည်ပခရီးသွား အလွန်များပြားလာနေရာ တရုတ်၊ ကိုရီးယား၊ ဂျပန်၊ မက္ကဆီကို၊ ဂျာမနီ၊ ပြင်သစ်တို့မှ အများဆုံးလာရောက်ကြပြီး ဒီဇင်ဘာလ တတိယပတ်မှစကာ ပြည်ပခရီးသွား ပြန်လည်ဝင်ရောက်မှုများပြားလာကြောင်း ဧည့်လမ်းညွှန်များထံက သိရသည်။

**ကိုထိန်(ငါ့သရောက်)**

# ကျောက်တန်းမြို့၌ အိမ်တိုင်းမီးသတ်ဆေးဘူးထားရှိရေး မီးသတ်ဆေးဘူးများပေးအပ်

**ကျောက်တန်း ဇန်နဝါရီ ၃**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် မီးသတ်ဦးစီးရုံး၌ ဇန်နဝါရီ ၂ ရက် ညနေ ၃ နာရီက အိမ်တိုင်းမီးသတ်ဆေးဘူး ထားရှိရေးစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်မှုအနေဖြင့် မီးသတ်ဆေးဘူး ၁၅၀ အား ကျောက်တန်းမြို့ အလယ်ပိုင်းရပ်ကွက်သို့ ပေးအပ်ပွဲကျင်းပသည်။

ထို့နောက် ခရိုင်မီးသတ်ဦးစီးမှူး ဦးရဲမင်းထွဋ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဌေး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုးလွင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကျော်ဝင်း၊ အရန်မီးသတ်ဒုတပ်ရင်းမှူး ဦးမြင့်အောင်တို့က အလယ်ပိုင်းရပ်ကွက်ပြည်သူများအား မီးသတ်ဆေးဘူးများပေးအပ်ခဲ့သည်။



ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကျော်ဝင်းက မီးလောင်လျှင် မီးငြိမ်းသတ်ရန် မီးသတ်ဆေးဘူး သုံးစွဲပုံများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများနှင့်အတူ မီးသတ်ဆေးဘူးများနှင့် သရုပ်ပြ မီးငြိမ်းသတ်ခဲ့ကြသည်။

**နီးတူး(ကျောက်တန်း)**

# ပြင်ဦးလွင်ပြည်သူ့ဆေးရုံကြီးသို့ ဆေးရုံသုံးပစ္စည်းများလှူဒါန်း

**ပြင်ဦးလွင် ဇန်နဝါရီ ၃**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ ခုတင် ၃၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ ဆေးရုံသုံးပစ္စည်းများ လှူဒါန်းပွဲကို ဇန်နဝါရီ ၃ ရက် နံနက် ၁၀ နာရီက ဆေးရုံအုပ်ကြီးရုံးခန်း၌ ကျင်းပသည်။

အလှူရှင်မိသားစုများဖြစ်သည့် ဒေါက်တာလွင်လွင်မြင့် (ဒုတိယပါမောက္ခချုပ်) မအူပင်တက္ကသိုလ်၊ ဒေါ်စံပယ်မြင့်၊ ဦးဇော်မင်းဦး+ ဒေါ်နှင်းဆီမြင့်၊ ဦးကျော်စိုးမိုး+ ဒေါ်သူဇာလွင်တို့က နှလုံးစမ်းသပ် ECG 3 Channel၊ ရေစုပ်မော်တာ၊ ဂါလန် ၄၀၀ ဆံ့ Fiber ကန်တို့အား ပြင်ဦးလွင်မြို့ ပြည်သူ့ဆေးရုံအုပ်ကြီးကိုယ်စား လက်ထောက်ဆေးရုံအုပ် ဒေါက်တာစန္ဒီဖြိုးနိုင်ထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇော်မျိုးထိုက် (ပြင်ဦးလွင်)**

# ဂျိုင်းကျေးရွာလျှပ်စစ်မြစ်ရေတင်အပါအဝင် မြစ်ရေတင်ခြောက်ခုမှ နွေစပါးအတွက် ရေလုံလောက်စွာပေးဝေ

**ဘားအံ ဇန်နဝါရီ ၃**

ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် ဂျိုင်းကျေးရွာလျှပ်စစ်မြစ်ရေတင်အပါအဝင် မြစ်ရေတင်ခြောက်ခုမှ လယ်ယာစိုက်ပျိုးသူများအနေဖြင့် အခက်အခဲမရှိရေးအတွက် ရေလုံလောက်စွာ ပေးဝေနိုင်ခဲ့ပြီး နွေစပါးအတွက် အဆင်သင့်ပေးဝေနိုင်ရေး တောင်သူများနှင့် ညှိနှိုင်းပြီး ကွင်းဆင်းဆောင်ရွက်ထားကြောင်း ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။



ဘားအံမြို့နယ်အတွင်းရှိ လျှပ်စစ်မြစ်ရေတင်များဖြစ်သည့် တရုတ်လှမြစ်ရေတင်၊ ဘားကပ်မြစ်ရေတင်၊ ထုံးအိုင်မြစ်ရေတင်၊ ဇာသပြင်မြစ်ရေတင်၊ ဂျိုင်းမြစ်ရေတင်နှင့် သံလှယ်မြစ်ရေတင် ဧရိယာအတွင်း စပါးစိုက်ဧကများအတွက် မြစ်ရေတင်စီမံကိန်းခြောက်ခုဖြင့် ရေပေးဝေလျက်ရှိကြောင်း သိရသည်။

ယခုနှစ် မြစ်ရေတင်ခြောက်ခုမှ ရေပေးဝေနိုင်မှု အကျိုးပြုဧက ၁၇၂၀ လျာထားပြီး ဂျိုင်းလျှပ်စစ်မြစ်ရေတင်စီမံကိန်းအနေဖြင့် ယခင်ဒီဇယ်အင်ဂျင်မြစ်ရေတင်ခြင်းမှ လျှပ်စစ်ဖြင့် မြစ်ရေတင်လုပ်ငန်းအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က တည်ဆောက်ပြီး အကျိုးပြုဧက ၆၀၀ ကို ရေပေးဝေနိုင်မည်ဖြစ်သည်။

လျာထားချက်ဧကလည်း ပြည့်မီကာ နွေရာသီတွင်မက မိုးစပါးရေကျနောက်စိုက်စပါးဧကများအတွက် ရေပေးဝေနိုင်ပြီး ရေပေးဝေနိုင်မှုမရှိသော အမြင့်ပိုင်းနေရာများဖြစ်သည့် ဂျိုင်းကျေးရွာအုပ်စုအတွင်း ကျေးရွာများရှိ မြေဧကများတွင် ဆောင်းသီးနှံများဖြစ်သည့် ပဲတီစိမ်း၊ ပဲလွန်းဖြူများ စိုက်ပျိုးကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## တိုတိုထွာထွာဖတ်စရာ

### ငါန်းဇွန်မြို့နယ်၌ အလယ်တန်းကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်

**ငါန်းဇွန်**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ပန်းတော်ကျင်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) မှ အလယ်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂ ရက် နံနက် ၈ နာရီက ကျင်းပသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သဲစုဝေ(မဲဆန္ဒနယ်-၁)၊ မြို့နယ်ပညာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့် မြို့နယ်ပညာရေးမှူး ဒေါ်နွဲ့နွဲ့သိန်းတို့က အမှာစကားပြောကြားပြီး ကျောင်းသား ကျောင်းသူများက တေးသရုပ်ဖော်ကပြဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**သက်နောင်ဦး(ငါန်းဇွန်)**

### မယ်စဲ့တွင် အိမ်တွင်းဝါယာရိန်း သင်တန်းဆင်းပွဲကျင်းပ

**မယ်စဲ့**

ကယားပြည်နယ် မယ်စဲ့မြို့နယ် ပန်တိန်းကျေးရွာ၌ လျှပ်စစ်ဆိုင်ရာနည်းပညာ (အိမ်တွင်းဝါယာရိန်း) အမှတ်စဉ် (၅/၂၀၁၈) သင်တန်းဆင်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက်၁၀နာရီက ပန်တိန်းကျေးရွာ စာကြည့်တိုက်၌ ကျင်းပခဲ့သည်။

သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယရရှိသူများအားခရိုင်ကျေးလက်ဦးစီးမှူး ဦးစိုးလင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ပြီး သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့ကြသည်။ သင်တန်းကို ၁၅ ရက်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

### ကျိုက်ထိုရေဘေးသင့်သူများအား ဆန်အိတ်များလှူဒါန်း

**ကျိုက်ထို**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ရေဘေးဒဏ်သင့်ခဲ့သော ပြည်သူများအား ကူညီထောက်ပံ့ပေးနိုင်ရေးအတွက် အာဆီယံ + ၃ အရေးပေါ်အရန် ဆန်ရိက္ခာ APTERR Tier 3 အစီအစဉ်အရ ကိုရီးယားသမ္မတနိုင်ငံမှ လှူဒါန်းသည့် ဆန်အိတ်များ လှူဒါန်းပွဲကို ဇန်နဝါရီ ၃ရက် နံနက် ၁၀ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ဆောင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးလှမြင့်သန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲဝင်းထိုက်တို့က အမှာစကားပြောကြားကြပြီး ကိုရီးယားနိုင်ငံမှ လှူဒါန်းသည့် ဆန်အိတ် ၃၈၆ အိတ်ကို ရေဘေးသင့်ပြည်သူ ၃၀၈၂ ဦးကို ခွဲဝေပေးအပ်ခဲ့ကြောင်းသိရသည်။

**မြို့နယ် (ပြန်/ဆက်)**

### အခြေခံစက်ချုပ်သင်တန်း မော်လိုက်မြို့၌ဖွင့်လှစ်

**မော်လိုက်**

ရပ်ရွာအခြေပြု အခြေခံစက်ချုပ်သင်တန်းကို ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းက မော်လိုက်မြို့နယ်အမျိုးသမီးရေးရာအသင်းရုံး၌ ဖွင့်လှစ်သည်။

အဆိုပါ ရပ်ရွာအခြေပြုအခြေခံစက်ချုပ်သင်တန်းကို တစ်လကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းသို့ မော်လိုက်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ သင်တန်းသူ ၃၇ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မော်လိုက်သားလေး**

### ပေါင်းတည်တွင် အသိပညာပေးလုပ်ငန်းဆောင်ရွက်

**ပေါင်းတည်**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျေးရွာများရှိ စာသင်ကျောင်းများသို့ နယ်လှည့်ကွင်းဆင်း၍စာဖတ်ရိုန်မြှင့်တင်ရေးနှင့်အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီက ညောင်ဖြူရွာ မူ(လွန်)ကျောင်း၌ ပြုလုပ်ခဲ့သည်။

မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဒေါ်အေးအေးခိုင်က စာတတ်သူတိုင်း စာဖတ်ကြစို့ ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောပြီး စာအုပ်စာစောင်များအား ငှားရမ်းပေးကာ အသိပညာပေးလက်ကမ်းစာစောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**



မင်္ဂလာတောင်ညွန့်မြို့နယ် လွတ်လပ်ရေးရပ်ကွက်၊ ၉၈ လမ်း၊ အမှတ် (၅) နေ ဦးဝင်းနိုင် (ရွှေလက်ရာ၊ စာပေဖြန့်ချိရေး) မိသားစုတို့က ဇန်နဝါရီ ၁ ရက် ညနေ ၆ နာရီက နှစ်သစ်ဦးအလှူဒါန စတုဒိသာ ကျွေးမွေးနေစဉ်။ ဓာတ်ပုံ - ခင်မောင်ဝင်း

# ယခုနှစ်အတွင်း တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်သွားမယ့် ကာဒီဘီ



ကမ္ဘာကျော် အမျိုးသမီး ရက်ပ်တေးသံရှင်တစ်ဦးဖြစ်သူ ကာဒီဘီက ယခုနှစ်အတွင်း တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်သွားမှာဖြစ်ကြောင်းနဲ့ တေးအယ်လ်ဘမ်သစ်အတွက် အစီအစဉ်တွေကို လတ်တလောမှာ ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ကြောင်း အီးတီအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ကာဒီဘီက နှစ်သစ်ကူးနေ့မှာ ပရိသတ်တွေနဲ့ သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် တိုက်ရိုက်စကားပြောခဲ့ရာမှာ သူ့ရဲ့တေးအယ်လ်ဘမ်သစ်နဲ့ပတ်သက်ပြီး ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်တယ်လို့ သိရပါတယ်။ ကာဒီဘီက သူ့ရဲ့ တေးအယ်လ်ဘမ်သစ်ကို ယခင်ကထုတ်လွှင့်ခဲ့တဲ့ သူ့ရဲ့ပထမဆုံးသော တေးအယ်လ်ဘမ် "Invasion of Privacy" ထွက်ရှိတဲ့ အချိန်မျိုးလောက်မှာ စတင်ထုတ်လွှင့်ပေးဖို့ရာ ရည်ရွယ်ထားကြောင်း၊ သို့သော် လက်ရှိမှာ သူဟာ အတော်လေးအလုပ်များနေတာကြောင့် တေးအယ်လ်ဘမ်သစ် ထွက်ရှိမယ့်အချိန်ကို အတည်မပြုနိုင်ကြောင်း ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

ကာဒီဘီဟာ "Invasion of Privacy"ကို ပြီးခဲ့တဲ့ ဧပြီလအတွင်း စတင်ထုတ်လွှင့်ခဲ့ပြီး အောင်မြင်မှုရခဲ့တဲ့ တေးအယ်လ်ဘမ်တစ်ခု ဖြစ်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ နှစ်တွေအတွင်းမှာ ကာဒီဘီဟာ အခြားသော တေးသံရှင်တွေရဲ့ တေးအယ်လ်ဘမ်တွေမှာပါဝင်ခဲ့သလို ဖျော်ဖြေပွဲတွေလည်း ပြုလုပ်ခဲ့တာကိုလည်း တွေ့ရပါတယ်။

# ချီလီကို အတူအလည်အပတ်ထွက်ခဲ့ကြတဲ့ ကတ်တီပါရီနဲ့ အော်လန်ဒိုဘလွန်း



ကျော်ကြားတဲ့ ဟောလိဝုဒ်ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ မင်းသား အော်လန်ဒိုဘလွန်းနဲ့ ပေါ့ပ်ကြယ်ပွင့် ကတ်တီပါရီတို့ဟာ လတ်တလောမှာတော့ ချီလီနိုင်ငံကို အတူအလည်အပတ်ခရီးရောက်ရှိနေတာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ အင်္ဂါနေ့မှာ သူတို့နှစ်ဦးကို အက်စ်ပန်မှာ တွေ့ခဲ့ရကြောင်း မေးလ်အွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

**အေးပြည့်-စုစည်းသည်**

# လီဆန်းဂီနဲ့ ဆူဇီရဲ့ ရုပ်ရှင်သစ် စမ်းသပ်ထုတ်လွှင့်



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အနုပညာရှင်တွေဖြစ်ကြတဲ့ မင်းသား လီဆန်းဂီနဲ့ မင်းသမီး ဆူဇီတို့ရဲ့ ဇာတ်လမ်းတွဲသစ် "Vagabond" အတွက် ထုတ်လွှင့်မယ့်ရက်ကို ကြေညာခဲ့ပြီးနောက် လတ်တလောမှာတော့ ယင်းဇာတ်လမ်းတွဲအတွက် အစမ်းထုတ်လွှင့်မှုတွေ ပြုလုပ်ပေးခဲ့တာဖြစ်ကြောင်း ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

၂၀၁၈ ခုနှစ် နှစ်ကုန်မှာ ကျင်းပခဲ့တဲ့ SBS ရုပ်သံလိုင်းရဲ့ ဒရမ်မာဆုပေးပွဲညမှာ အဆိုပါရုပ်ရှင်မှ အဓိကဇာတ်ဆောင်တွေရဲ့ ပုံရိပ်တွေကို ထုတ်ဖော်ပြသခဲ့တာပါ။ ဒီဇာတ်လမ်းတွဲအတွက် ပထမဆုံးအကြိမ် စမ်းသပ်ထုတ်လွှင့်တာဖြစ်ပြီး အစမ်းဓာတ်ပုံတွေမှာတော့ အဓိကဇာတ်ဆောင်တွေရဲ့ တိုက်ခိုက်ရေးစွမ်းရည်တွေကို လှစ်ဟပြထားပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ထုတ်ပြန်ကြေညာချက်အရ "Vagabond" ဇာတ်လမ်းတွဲကို လာမယ့်မေလအတွင်း စတင်ထုတ်လွှင့်သွားမှာဖြစ်ကြောင်း သိရပါတယ်။ ဒါ့အပြင် အဆိုပါရုပ်သံဇာတ်လမ်းတွဲကို အပတ်စဉ် ဗုဒ္ဓဟူးနေ့နဲ့ ကြာသပတေးနေ့တွေမှာ ထုတ်လွှင့်ပေးသွားမှာဖြစ်တယ်လို့ သိရပါတယ်။

"Vagabond"ဇာတ်လမ်းတွဲဟာ စုံထောက်ရုပ်ရှင်လို့ဆိုရမှာပါ။ ဒီဇာတ်လမ်းတွဲမှာ မတော်တဆမှုတစ်ခုနဲ့ ကြုံတွေ့ခဲ့ရပြီး အကျင့်ပျက်ခြစားမှုတွေကို ဖော်ထုတ်ခဲ့တဲ့ အမျိုးသားတစ်ဦးအကြောင်းကို ဇာတ်လမ်းဆင်ကာ ရိုက်ကူးထားတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဇွန်လအတွင်း ဒီဇာတ်လမ်းတွဲမှာ ခေါင်းဆောင်တွေအဖြစ် ပါဝင်သွားမှာဖြစ်ကြောင်း လီဆန်းဂီနဲ့ ဆူဇီတို့က အတည်ပြုပြောကြားခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

မင်းသား လီဆန်းဂီက ဒီဇာတ်လမ်းတွဲမှာ ချာဒယ်ဂွန်းနေရာကနေ ပါဝင်သွားမှာဖြစ်ပြီး သူပါဝင်ထားတဲ့ ဇာတ်ကောင်ဟာ လျှို့ဝှက်ကြံစည်ထားတဲ့ ယာဉ်တိုက်မှုတစ်ခုရဲ့ နောက်ကွယ်က အကြောင်းအရာတွေကို ဖော်ထုတ်သွားမှာဖြစ်ပါတယ်။ ဆူဇီကတော့ ဒီဇာတ်လမ်းတွဲမှာ စုံထောက်တစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ထားတာလည်း ဖြစ်ပါတယ်။

"Vagabond"ဇာတ်လမ်းတွဲဟာ လီဆန်းဂီနဲ့ ဆူဇီတို့ရဲ့ ပြီးခဲ့တဲ့ ငါးနှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ပြန်လည်တွေ့ဆုံခွင့်ရခဲ့တဲ့ ဇာတ်လမ်းတွဲတစ်ခုလည်းဖြစ်ခဲ့ကြောင်း သိရပါတယ်။

# လမ်းခွဲလိုက်ပြီဖြစ်ကြောင်း သတင်းတွေထွက်လာတဲ့ ဇေမာလိခ်နဲ့ ဂျီဂျီဟာဒစ်



ဟောလိဝုဒ်ရဲ့ နာမည်ကျော်ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ တေးသံရှင် ဇေမာလိခ်နဲ့ မော်ဒယ်လ် ဂျီဂျီဟာဒစ်တို့ဟာ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း သတင်းတွေ ပေါ်ထွက်လာခဲ့ပြီး နှစ်သစ်ကူးရက်တွေကိုလည်း သီးခြားစီကုန်ဆုံးနေတာဖြစ်ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ကျော်ကြားတဲ့ ဗြိတိန်အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "One Direction" ရဲ့ အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်တဲ့ ဇေမာလိခ်နဲ့ ဗစ်တိုးရီးယားစီးကရက်ထ် မော်ဒယ်လ် ဂျီဂျီဟာဒစ်တို့ဟာ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း သတင်းတွေဟာ မှန်ကန်နေပုံရပါတယ်။ သူတို့နှစ်ဦးဟာ ယခုနှစ်သစ်ကူးရက်တွေမှာလည်း အတူရှိမနေကြဘဲ ပြီးခဲ့တဲ့ နိုဝင်ဘာလကတည်းက နှစ်ဦးသားအတူ မတွေ့ရတော့တာ ဖြစ်တယ်လို့ သိရပါတယ်။

ကြယ်ပွင့်စုံတွဲနဲ့ ရင်းနှီးတဲ့ သတင်းရင်းမြစ်တစ်ဦးရဲ့ ပြောကြားချက်အရ ကြယ်ပွင့်စုံတွဲဟာ သူတို့နှစ်ဦးအကြားက ဆက်ဆံရေးအတွက် ယခုလို သီးခြားစီခွဲကာရှိနေတာက လက်ရှိအချိန်အတွက်တော့ အကောင်းဆုံးဖြစ်တယ်လို့ သိရပါတယ်။ ဝေးကွာနေတဲ့ အချိန်တွေမှာ အသက် ၂၅ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဇေမာလိခ်က သူ့ရဲ့ အချိန်တွေကို စတူဒီယိုမှာ ကုန်ဆုံးနေတာဖြစ်ပြီး သူ့ရဲ့တေးအယ်လ်ဘမ်သစ်အတွက် ပြင်ဆင်မှုတွေ ပြုလုပ်နေတာဖြစ်ပါတယ်။ ၂၃ နှစ်အရွယ် မော်ဒယ်လ်ကတော့ သူ့ရဲ့ ပုဂ္ဂိုလ်ရေးရာတွေနဲ့ အချိန်ကုန်နေတာဖြစ်ပါတယ်။ ဒီဇင်ဘာ ၃၁ ရက်မှာ ပြုလုပ်ခဲ့တဲ့ ပေါ့ပ်ကြယ်ပွင့် တေလာဆွစ်ရဲ့ နှစ်သစ်ကူးအကြိုပါတီပွဲကိုတော့ ဂျီဂျီဟာဒစ် တက်ရောက်ခဲ့တာကိုလည်း တွေ့ရပါတယ်။

# စာရေးဆရာတစ်ဦးအဖြစ် တွေ့မြင်ရမယ့် လီဂျွန်ဆပ်



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်တဲ့ လီဂျွန်ဆပ်ဟာ ဒရမ်မာဇာတ်လမ်းတွဲသစ်နဲ့အတူ ပရိသတ်ရှေ့အရောက်ပြန်လာဖို့ရာ စီစဉ်ထားတာဖြစ်ပါတယ်။ လတ်တလောမှာတော့ သူ့ရဲ့ဇာတ်လမ်းတွဲသစ်မှာ ပါဝင်သွားမယ့်ဇာတ်ကောင်နဲ့ပတ်သက်ပြီး ထုတ်ဖော်ပြောကြားလာကာ ဒီတစ်ကြိမ်မှာတော့ သူ့ကိုကျော်ကြားတဲ့ စာရေးဆရာတစ်ဦးအဖြစ် တွေ့မြင်ရမှာဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ယာယီအမည်အဖြစ် "Romance Supplement"လို့ ပေးထားတဲ့ အဆိုပါဇာတ်လမ်းတွဲဟာ အချစ်ဇာတ်လမ်းတစ်ခုလည်း ဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲမှာတော့ လီဂျွန်ဆပ် ပါဝင်သွားမယ့်ဇာတ်ကောင်အမည်ဟာ ချာအွန်းဟိုလို့ အမည်ရပြီး သူဟာ ကျော်ကြားတဲ့ စာရေးဆရာဖြစ်ပါတယ်။ ဒါ့အပြင် အသက်အငယ်ဆုံးသော အယ်ဒီတာချုပ်တစ်ဦးလည်း ဖြစ်ပါတယ်။ သူဟာ ကျောင်းသားဘဝကတည်းက စာပေကို စိတ်ဝင်စားသူလည်း ဖြစ်ပါတယ်။

လတ်တလောမှာတော့ tvN ရုပ်သံလိုင်းမှ ရိုက်ကူးထုတ်လွှင့်သွားမယ့် အဆိုပါဇာတ်လမ်းတွဲအတွက် လီဂျွန်ဆပ်ရဲ့ ဓာတ်ပုံတွေကို လတ်တလောမှာ ထုတ်ဖော်ပြသခဲ့တာ တွေ့ရပါတယ်။

ဒီဇာတ်လမ်းတွဲမှာ လီဂျွန်ဆပ်နဲ့အတူ မင်းသမီး လီနာယောင်းက တွဲဖက်ပါဝင်ထားတာ ဖြစ်ပါတယ်။ လီနာယောင်းရဲ့ ပြီးခဲ့တဲ့ ကိုးနှစ်တာအတွင်း ပထမဆုံး ပြန်လည်ရိုက်ကူးတဲ့ ဇာတ်လမ်းတွဲလည်း ဖြစ်ပါတယ်။ "Romance Supplement"ကို လာမယ့် ဇန်နဝါရီ ၂၆ ရက်မှာ စတင်ထုတ်လွှင့်သွားမှာဖြစ်ကြောင်း သိရပါတယ်။


free! Delivery
နိုင်ငံတကာအဆင့်မီ
ရွှေနန်းတော်
စိန်ရွှေရတနာဆိုင်
ONLINE
SHOP OPENING
(4.1.2019)
လွတ်လပ်ရေးနေ့
စတင်ဖွင့်လှစ်ရောင်းချပါမည်။
နံနက်(၉)နာရီမှည(၇)နာရီထိ
KBZ - 256-301-05700122801
AYA - 0119201010015938
CB - 0109600100007749
Yoma Bank - 006345119000019
Facebook, Messenger, Viber, WeChat, WhatsApp, Line များမှတစ်ဆင့်
Voice Call, Video Call များဖြင့် လက်ဝတ်ရတနာများကိုမိမိစိတ်တိုင်းကျ
ရွေးချယ်ဝယ်ယူနိုင်ပါသည်။
Forever Gems by ရွှေနန်းတော် Facebook Page မှ "Shop Now Button" ကိုနှိပ်၍
ရွေးချယ်ဝယ်ယူနိုင်သလို ဆိုင်များအားလုံးရှိလက်ဝတ်ရတနာများကိုလည်းဝယ်ယူနိုင်ရန်
စီစဉ်ထားသည်။
ရွှေနန်းတော်ဆိုင်(၇)ဆိုင်လုံးနှင့်အတူ Promotion များကိုတူညီစွာခံစားခွင့်ရှိပါသည်။
ဖုန်း/Viber/ WhatsApp/WeChat/Line - 09-750 115711-16/ 09-77 8808902-04
Save your time
Save your Money
Save your energy
10% to 60% OFF


NAY GABAR MYANMAR
NGBM Construction Co., Ltd
ROYAL MAUNG BAMAR RESIDENCE နှစ်သစ်ကူးအထူးအရောင်းပြပွဲအား ၂၀၁၉ ဇန်နဝါရီလ (၁၉) (၂၀) ရက်နေ့များတွင် အမှတ်(၁၅၊၁၅-က) ဓမ္မာရုံလမ်း လှိုင်မြို့နယ်ရှိ PROJECT တည်ရှိရာနေရာတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသဖြင့် လာရောက်လေ့လာဝယ်ယူနိုင်ပါသည်။
ROYAL MAUNG BAMAR
Contact us : Tower (A), Room (1B), Royal Sin Min Condo, Corner Of Strand Rd Ahlone St, Ahlone Twp,Yangon.
Phone No : +95-1-218023, +95-9-5022717, +95-9-455807813, +95-9-421037409,
+95-9-450208797, +95-9-445540405

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုဒ်ဦး ဒါယိကာမကြီး

**ဒေါ်ခင်သန့်**

**အသက် (၇၈) နှစ်**

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်နေ (ဦးရှိန်-ဒေါ်တင်ဥ)တို့၏သမီး၊ ဝေါမြို့နေ ဦးဟန်တင်-ဒေါ်စောတင်တို့၏သမီးချွေးမ၊ (ဦးစန်းကြွယ်)၏ဇနီး၊ (ဦးသန်းမြင့်)-ဒေါ်စန်းမြင့်၊ (ဒေါ်ခင်စန်းတင့်)၊ ဒေါ်ခင်စန်းရီ၊ ဦးငွေသိန်း-ဒေါ်ထွေးထွေး၊ (ဦးစန်းပွင့်-ဒေါ်ခင်သစ်)တို့၏အစ်မကြီး၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ အမှတ်(၅၄၄)နေ ဦးကိုကိုခိုင်-ဒေါ်ခင်နှင်းဥ၊ ဦးကိုကိုနိုင်-ဒေါ်စန္ဒာအောင်၊ ဦးကိုကိုလှိုင်-ဒေါ်လဲ့လဲ့ထွေး၊ ဦးမောင်တော-ဒေါ်သီသီမြိုင်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မောင်ပြည့်ဖြိုးကြွယ်၊ မခင်ထက်ထက်ကြွယ်၊ မအေးချမ်းဖြိုး၊ မောင်မြတ်သူခိုင်၊ မောင်ကျော်စည်သူဟိန်း၊ မမြတ်ဟေသာကို၊ မစွဲ့အမရာအောင်၊ ဆွေရည်ထက်တို့၏အဘွားသည် ၁-၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၂း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၉ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၁-၂၀၁၉ (တနင်္လာနေ့) နံနက်တွင် မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ အမှတ်(၅၄၄)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဦးသန်းဌေး(ခ)ဦးဆန်နီ(ခ)**

**Patrick Kyaw Win**

**ASO-ပင်မရေနံ/ခနီတော (ငြိမ်း)**

**စိန့်ဂျွန်းကျောင်းသားဟောင်း**

**အသက် (၇၁) နှစ်**

ရန်ကုန်မြို့နေ(ဦးကျော်ဝင်း-ဒေါ်တင်မေ)တို့၏သား၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၅)ရပ်ကွက်၊ ချယ်ရီလမ်း၊ တိုက်(၂၀၁/၂)နေ (ဒေါ်စမ်းစမ်းဝင်း)၏မောင်၊ မန္တလေးမြို့၊ နန်းတော်ရှေ့၊ အကွက် (၄၄)၊ မင်္ဂလာဥယျာဉ်ရပ်နေ ဦးလှိုင်မြင့်-ဒေါ်တင်တင်မြင့်၊ ရန်ကုန်မြို့၊ မေတ္တာညွန့်နေ ဦးအောင်ဌေး-ဒေါ်အေးအေးအောင်တို့၏အစ်ကို၊ ဩစတေးလျနိုင်ငံ၊ ဆစ်ဒနီမြို့နေ ဦးမျိုးအောင်-ဒေါ်အေးမင်းစိုးတို့၏မွေးစားဖခင်၊ ဦးဝင်းနိုင်-ဒေါ်အေးမင်းစိမ့်၊ ဦးဖြိုးဝင့်စိုး-ဒေါ်သန္တာအောင်၊ ဦးစည်သူကျော်-ဒေါ်ဝင်းမင်းသိမ့်၊ကိုဌေးအောင်-မဇာဇာထက်၊ မရည်မွန်အောင်တို့၏ဘကြီးသည် ၂-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၆း၁၀ နာရီတွင် မန္တလေးမြို့၊ နန်းတော်ရှေ့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၉ရက် ညနေ ၃ နာရီတွင် မန္တလေးမြို့၊ အေးရိပ်ငြိမ်သုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၈-၁-၂၀၁၉ ရက်တွင် မန္တလေးမြို့၊ နန်းတော်ရှေ့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးအောင်မြတ်ကျော်**

**(ဒုတိယ-ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန)**

**အသက်(၆၀)**

သူငယ်ချင်း ဦးအောင်မြတ်ကျော်သည် ၃၁-၁၂-၂၀၁၈ ရက်နေ့တွင် ရုတ်တရက် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**(၁၉၇၅-၇၆) ပညာသင်နှစ်တွင် ရန်ကုန် ဝ/သ တက္ကသိုလ် တက်ရောက်ပြီး ၁၉၈၁-၁၉၈၂နှင့် ၁၉၈၃ ခုနှစ် အသီးသီးတို့တွင်**

**B.Sc.(FORESTRY)ဘွဲ့ရ သူငယ်ချင်းများ**

## အနိစ္စ

**ဒေါ်အေးပို**

**အသက်(၉၆)နှစ်**

**(ထားဝယ်)**

ထားဝယ်မြို့နေ (ဦးကျင်ချွန်း-ဒေါ်ကြည်)တို့၏သမီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ပြဟ္မစိုရ်လမ်း၊ အမှတ်(၅၀/ခ)နေ ဦးဘွန်စိန်-(ဒေါ်မြစိန်)၊ (ဦးလှထွန်း-ဒေါ်ဖြူဖြူဝင်း)၊ ဦးကျော်ညဏ်လင်း-ဒေါ်သန်းသန်းဦး၊ ဦးစိုးဝင်း-ဒေါ်ခင်သီတာအေးတို့၏ မွေးသမိခင်ကျေးဇူးရှင်၊မြေး၁၀ယောက်၊ မြစ်ငါးယောက်တို့၏ဘွားဘွားကြီး၊ [ဦးကိုကို (ရေကြောင်းအင်ဂျင်နီယာချုပ်-ငြိမ်း)] ၏ဇနီးသည် ၂-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက်၅း၃၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ၁၂း၃၀ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ဒေါ်မြင့်မြင့်အေး**

**အသက်(၆၀)**

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ပုသိမ်မြေရပ်ကွက်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ်(၂၀၄)နေဦးတင်ညွန့်-ဒေါ်လှငွေ တို့၏သမီး၊ (ဦးမြင့်ဝင်း)၏ ဇနီး၊ (ကိုသိန်းဇော်မြင့်)၊ ကိုရာဇာရဲထွန်း-မအေးယုကျော်၊ ကိုကျော်ကျော်ဝင်း တို့၏ မွေးသမိခင်၊မကြယ်စင်လင်း၏ အဘွားသည် ၃-၁-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၉ (စနေနေ့) နံနက် ၁၁နာရီတွင်ကျီစုသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအားအသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ကျေးဇူးအထူးတင်ရှိခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

**ဦးခင်မောင်လွင် (အုတ်ဖို) (၈၅)နှစ်**

**မန်နေဂျာ(ငြိမ်း)၊ စက္ကူ/ခာတ်ပုံ (ကုန်သွယ်ရေး)**

ကျေးဇူးရှင်ဖခင်ကြီး ဦးခင်မောင်လွင်သည် ၂၁-၁၂-၂၀၁၈ ရက် နံနက် ၂း၂၀ နာရီတွင် မြင့်မြတ်သောဘုံဘဝသို့ ကူးပြောင်းသွားခဲ့ပါသည်။ ဖခင်ကြီး၏နောက်ဆုံးအချိန်ထိ လိုလေသေးမရှိ စေတနာအပြည့်အဝဖြင့် ကျန်းမာရေး စောင့်ရှောက်ပေးခဲ့သော မဟာမြိုင်အထူးကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်/ဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများအားလုံးကိုလည်းကောင်း၊ ဖခင်ကြီးအတွက် ဘာသာရေးဆိုင်ရာ ကိစ္စအဝဝကို ပြီးပြည့်စုံစွာ စီမံဆောင်ရွက်ပေးတော်မူသော ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များအားလည်းကောင်း၊ ဖခင်ကြီးကွယ်လွန်သွားချိန်တွင် ဖခင်ကြီးအားရည်စူး၍ လှူဖွယ်ပစ္စည်းများဖြင့် ကုသိုလ်ပြုပေးပါသော ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး နှင့်ဇနီးအားလည်းကောင်း၊ ကျန်ရစ်သူမိသားစုအား ရပ်ဝေး/ရပ်နီးမှ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ တယ်လီဖုန်း၊ စာ၊ E-mail၊ Social Media တို့မှဖြစ်စေ အားပေးစကားပြောကြားလျက် ဖခင်ကြီးအား ဆုတောင်းမေတ္တာများ ပို့သပေးကြသော ဆွေမျိုး၊ မိတ်ဆွေ၊ သူငယ်ချင်းများအားလည်းကောင်း၊ ဖခင်ကြီးအားရည်စူး၍ သင်္ကန်း၊ ပရိက္ခရာ၊ လှူဖွယ်ပစ္စည်းများဖြင့် ကုသိုလ်ပြုပေးကြပါသော အလှူရှင်အားလုံးတို့အားလည်းကောင်း၊ ဖခင်ကြီး၏ စျာပနတွင် ပန်းခြင်းပေးပို့ပေးကြသူများ၊ နောက်ဆုံးခရီးဖြစ်သော စျာပနသို့ လိုက်ပါပို့ဆောင်ပေးကြသူများ၊ နာရေးကာလတွင် အဘက်ဘက်မှ လိုလေသေးမရှိ ဝိုင်းဝန်းကူညီပေးခဲ့ကြပါသော ပြည်ထဲရေးဝန်ကြီးဌာနမှ အရာထမ်း/အမှုထမ်းများနှင့် မိသားစုဝင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းမိသားစုဝင်များ၊ စစ်တက္ကသိုလ်အပတ်စဉ်(၂၇)မှ သူငယ်ချင်းများနှင့် မိသားစုဝင်များ၊ Promart Co.,Ltd မှ မိတ်ဆွေများ၊ အ. ထ. က(၄) စမ်းချောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများ၊ ဆွေမျိုးမိတ်ဆွေများနှင့် ရပ်မိ/ရပ်ဖများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသူများ၊ ကျေးဇူးတင်ထိုက်သူအားလုံးတို့ကို ကျန်ရစ်သူမိသားစုမှ အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် လစ်ဟာသည်များ ရှိခဲ့လျှင် ခွင့်လွှတ်ပေးပါရန် အနူးအညွတ်တောင်းပန်အပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ကျေးဇူးအထူးတင်ရှိခြင်း

**ဒေါ်ကျင်မြိုင် (ဖြူး)**

**အသက် (၈၂) နှစ်**

၂၂-၁၂-၂၀၁၈ ရက် (စနေနေ့) ည ၁၀း၃၅ နာရီတွင် ကွယ်လွန်သွားသော ကျေးဇူးရှင်မိခင်ကြီး ဒေါ်ကျင်မြိုင် (ဖြူး)၏နာရေးကိစ္စတွင် အဘက်ဘက်မှ လိုလေသေးမရှိ ကူညီပံ့ပိုးပေးခဲ့ကြပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ဝိုင်းဝန်းလုပ်အားပေးကူညီပေးကြသော Popular Plastic Group ၏ မိသားစုဝန်ထမ်းများ၊ မိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း၊ လူကိုယ်တိုင်လာရောက် သတင်းမေးမြန်း အားပေးနှစ်သိမ့်ကြပါသော ရပ်နီးရပ်ဝေးမိတ်ဆွေများ၊ ဆွေမျိုးသူငယ်ချင်းများအားလည်းကောင်း၊ လွမ်းသူ့ပန်းခြင်း၊ ပန်းခွေများဖြင့် ဂါရဝပြုပေးပို့ခဲ့ကြသော ဆွေမျိုးသူငယ်ချင်းမိတ်ဆွေများအားလည်းကောင်း၊ သတင်းစာများတွင် ဝမ်းနည်းကြေကွဲကြောင်း ဖော်ပြပေးကြပါသော မိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း၊ လူကိုယ်တိုင် မလာရောက်နိုင်သော်လည်း Phone, E-mail, Viber,Wechat, Facebook များဖြင့် နှစ်သိမ့်အားပေးကြသော အစိုးရဌာနဆိုင်ရာအသီးသီးမှ အကြီးအကဲအရာရှိများ၊ Customer များနှင့် လုပ်ဖော်ကိုင်ဖက်မိတ်ဆွေ သူငယ်ချင်းများအားလည်းကောင်း၊ နာရေးသို့ လိုက်ပါပို့ဆောင်ပေးကြသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်တင်အုန်း (ဝါးခယ်မ-ရွှေလောင်း)**

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ ခနသိန္ဓိလမ်း၊ အမှတ်(၆၁)နေ (ဦးကြည်မင်း)၏ဇနီး၊ ဦးတင်ဦး၊ ဒေါ်တင်ဝင်း၊ ဒေါ်တင်မြင့်၊ ဦးဝင်းအောင်၊ ဒေါ်ခင်သန်းအေးတို့၏ အစ်မကြီး၊ ဦးခင်မောင်-ဒေါ်ကြည်ကြည်မေ၊ ဦးမင်းအောင်-ဒေါ်ကြည်ကြည်အောင်၊ ဒေါ်နှင်းနှင်းကြည် (အမက-၁၊ အင်းစိန်)၊ ဦးမင်းနောင်-ဒေါ်အားဇင်၊ဦးမျိုးဝင်း-ဒေါ်ခင်သူဇာ၊ ဦးမင်းမင်းထွေးတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ ဒေါ်သင်းသင်းကြည်၏အဒေါ်၊ မြေးရှစ်ယောက် တို့၏ အဘွားသည် ၃-၁-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၉(စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၂၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ ကျောင်း ဒါယကာကြီး

**ဦးခင်မြင့် (၇၈)နှစ်**

**လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း၊ ငွေစာရင်း**

**အမှတ်(၁) ကြေးနီသတ္တုတွင်း**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ ခြံအမှတ်(၉၀၄)နေ (ဦးဘစော-ဒေါ်သိန်း)တို့၏သား၊ (ဦးငြိမ်းမောင်-ဒေါ်ခင်ကြည်)တို့၏သားသမက်၊ ဒေါ်ခင်မာကြည်၏ခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးကျော်မြင့်-ဒေါ်တင်ဦးတို့၏ညီ၊ (ဦးသန်း)-ဒေါ်စန်းမြင့်၊ (ဒေါ်ဆွေဆွေမြင့်)၏အစ်ကို၊ ခေတ္တ-အိုင်ယာလန်နိုင်ငံနေ ဦးကျော်ကျော်ဦး-ဒေါ်ခင်နေရည်ခိုင်(Research Analyst, B.Braun Co.,Ltd)၊ ရန်ကုန်မြို့နေ ဦးသိန်းထွန်း-ဒေါ်ခင်ဇာခြည်ဝိုင်း၊ ဦးအောင်ချမ်းသာ(C/E, SSC Co.,Ltd)-Dr.စုစုလင်း(ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ အဲလက်စ်ကျော်၊ ဂျေမီကျော်၊ ခန့်ခန့်ထည်၊ သွန်းစုချမ်းသာလင်း၊ အောင်စည်ချမ်းသာလင်းတို့၏ ချစ်လှစွာသော အဘိုးသည် ၃-၁-၂၀၁၉ ရက် ညနေ ၃း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၉ ရက် ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း၊ ကန် ဒါယိကာမကြီး

**ဒေါ်ခင်လဲ့လဲ့ဟန် (၇၄)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၃၃/D)၊ ရွှေဟင်္သာလမ်း၊ (၁၁)ရပ်ကွက်နေ (ဦးဘဟန်-ဒေါ်ခင်တင့်)တို့၏သမီး၊ (ဦးကြွေ-ဒေါ်ဆင့်)တို့၏သမီးချွေးမ၊ (ဦးမြင့်လွင်)၏ချစ်လှစွာသောဇနီး၊ ဦးသက်လွင်ဦး(AMPW Technology & Machinary Co.,Ltd)၊ ဦးကျော်မင်းလွင်(Chief Officer)၊ Capt:ဦးအောင်ဝင်းလွင်(Master Mariner)-ဒေါ်ယမုံအေး(ပြည့်ပြည့်ရတနာ၊ ဗိုလ်ချုပ်အောင်ဆန်းဈေး)တို့၏ ချစ်လှစွာသော မိခင်ကြီး၊ မောင်သန့်ထူးလွင်(ဒုတိယတန်း-B၊ အ. ထ. က-၁ ၊ဒဂုံ)၏ချစ်လှစွာသောအဘွား ဒေါ်ခင်လဲ့လဲ့ဟန်သည် ၂-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၈-၁-၂၀၁၉ (အင်္ဂါနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးမောင်ကိုကို**

**အသက် (၇၂) နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဍ)ရပ်ကွက်၊ ဥဇ္ဇနာ(၁၀)လမ်းနေ (ဦးဘသိန်း-ဒေါ်တင်လှ)တို့၏သား၊ (ဦးမြဖေ-ဒေါ်မယ်တင်)တို့၏ သားသမက်၊ (ဦးထွန်းကြိုင်)-ဒေါ်ခင်နုတို့၏မောင်၊ (ဦးအောင်မြင့်-ဒေါ်ခင်ရီ)၊ ဦးမောင်မြင့်-ဒေါ်ခင်သန်းဦး၊ (ဦးသိန်းလွင်)-ဒေါ်ခင်ချို၊ ဦးမောင်တင့်၊ (ဦးအေးကြွယ်)-ဒေါ်ချိုလေး၊ ဒေါ်ထွေးရီတို့၏အစ်ကိုကြီး၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၆၀)၊ အောင်စည်းခုံဘုရားလမ်း၊ ကျောင်းကြီးရပ်ကွက်နေ ဒုတိယဗိုလ်မှူးကြီးသန်းဇော်ဌေး-မယဉ်လှမျိုးနွယ်၊ ကိုနေကျော်လင်းတို့၏မွေးသဖခင်ကျေးဇူးရှင်၊ မောင်သောင်းဟိန်းစံ၊ မောင်ရှိန်လွန်းအုပ်တို့၏အဘိုး၊ ဒေါ်ခင်သန်း(ခ) ဒေါ်အေးအေးမြိုင်၏ချစ်လှစွာသောခင်ပွန်းသည် ၃၁-၁၂-၂၀၁၈ (တနင်္လာနေ့) ညနေ ၆း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၆-၁-၂၀၁၉ (တနင်္ဂနွေနေ့) နံနက်တွင် သင်္ဃန်းကျွန်းကြီး၊ အမှတ်(၆၀)၊ အောင်စည်းခုံဘုရားလမ်း၊ ကျောင်းကြီးရပ်ကွက်နေ ကျော်လင်းရတနာရွှေဆိုင်၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဒေါက်တာဘီရော် MB,BS (MDY)**

**အသက်(၆၇)နှစ်**

မန္တလေးမြို့နေ (ဦးရာမ-ဒေါ်နာနီ)တို့၏ သား၊ ဦးမျိုးစန်း(လ/ထ-ထွေဂျာ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)-ဒေါ်နန်းအိအိခိုင်(မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)၊ ဦးစိုင်းထက်ထက်နိုင်၊ ဦးစိုင်းသက်ပိုင်စိုး-ဒေါ်ကေဇာဦး၊ ဦးစိုးသီဟကျော် (ထွေ/အုပ်၊ ကျောက်ဆည်)-ဒေါ်နန်းခင်မြတ်နိုးတို့၏ ဖခင်၊ မပိုးကြယ်စင်ဖြူ မထက်မှူးသီရိ တို့၏ အဘိုး၊ ပျဉ်းမနားမြို့နေ ဒေါ်နန်းမြအုံ၏ ချစ်လှစွာသော ခင်ပွန်း ဒေါက်တာဘီရော်သည် ၃-၁-၂၀၁၉ ရက် နံနက် ၈ နာရီတွင် နေပြည်တော်ခုတင်၁၀၀၀ ဆေးရုံ၌ ကွယ်လွန်သွားကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဦးနန္ဒစိုး (စစ်ကိုင်း)**

**ဒု-ဦးစီးမှူး (စိုက်ပညာ၊ စိုက်ပျိုးရေးဦးစီးဌာန၊ နေပြည်တော်)**

**အသက်(၄၃)နှစ်**

**(B.Agr - 2000)**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နေ ဦးထွန်းတင်-ဒေါ်တင်ရီ၊ စစ်ကိုင်းမြို့၊ နန္ဒဝန်ရပ်ကွက်နေ ဦးတင်နု-ဒေါ်အမာကြည် တို့၏ မြေး၊ ဦးရဲမြင့်နိုင်-ဒေါ်သန်းသန်းနု၊ ဒေါ်လီလီနုတို့၏ တူ/သား၊ ဦးလှစိုး-ဒေါ်စန်းစန်းနု တို့၏ တစ်ဦးတည်းသောသား၊ မစန္ဒာစိုး၊ ကိုဟန်ထွန်းအောင်-မမြရတနာစိုး၊ ကိုအောင်ထူးကျော်-မဖြိုးရတနာစိုး၊ မသူသူဟန်၊ မအိမွန်အေး၊ မအယ်လ်နုနုနိုင် တို့၏ အစ်ကို၊ မောင်ညီသူရစိုး၊ မောင်ဘုန်းထက်မြတ် တို့၏ ဖခင်၊ ဒေါ်သရဖီမြင့်ဆွေ၏ခင်ပွန်း ဦးနန္ဒစိုးသည် ၃၀-၁၂-၂၀၁၈ ရက် ညတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁-၂၀၁၉ ရက်တွင် စစ်ကိုင်းမြို့၊ ယုန်ဖြူသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၅-၁-၂၀၁၉ (စနေနေ့)တွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ တိုက်အမှတ်(၅၃၄၂)၊ အခန်း(၂၃) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ပဓာနနာယကဆရာကြီး

**ဒေါ်ပညာစာရီ**

**(သဒ္ဓမ္မဇောတိကဓဇ မဟာဂန္ထဝါစကပဏ္ဍိတ)**

**သိက္ခာတော် (၆၂) ဝါ၊ သက်တော်(၇၁) နှစ်**

ပြင်ဦးလွင်မြို့၊ ဇယန်းသီလရှင်စာသင်တိုက်၊ သီပေါမြို့၊ ရွှေမောင်းသီလရှင်စာသင်တိုက်၊ တန့်ယန်းမြို့၊ ရွှေမောင်းသီလရှင်ပရဟိတကျောင်းတို့တွင် သီတင်းသုံးတော်မူသော ဆရာကြီးဒေါ်ပညာစာရီသည် (၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်) ၃-၁-၂၀၁၉ (ကြာသပတေးနေ့) နံနက်တွင် ရန်ကုန်မြို့၊ အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ရန်ကုန်မြို့မှ ပြင်ဦးလွင်မြို့၊ ဇယန်းသီလရှင်စာသင်တိုက်သို့ နေ့ချင်းပင့်ဆောင်သွားခဲ့ပြီး သီလရှင်ဆရာကြီး၏ ရုပ်ကလာပ်တော်ကို (၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၂ ရက်) ၇-၁-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ပြင်ဦးလွင်မြို့၊ (၈)မိုင်၊ ထုံးဘိုသုသာန်၌ စျာပနကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမတို့အား အကြောင်းကြားအပ်ပါသည်။

စျာပနကျင်းပရေးကော်မတီ

**ဒေါ်ကျင် (၈၇) နှစ်**

မော်လမြိုင်မြို့နယ်၊ ဒိုင်းဝန်ကွင်းရပ်နေ (ဦးဟုတ်လှိုင်-ဒေါ်ပျော့)တို့၏သမီး၊ ရွှေပြည်သာမြို့နယ်၊ (၃၆)ရပ်ကွက်၊ ပြည်နဝဒေးလမ်း၊ အမှတ်(၁၂၂/၁)နေ ဦးရွှေခင်၏ဇနီး၊ ဦးခင်ဇော် (ပညာရေး-ငြိမ်း)၊ ဦးအောင်သွင်-ဒေါ်ဟန်ဝင်းရီ(ကျောင်းအုပ်ကြီး၊ အလက-သာယာကုန်း၊ သထုံမြို့)၊ ဗိုလ်ကြီးသိန်းဇော်မင်း(ငြိမ်း)(စက်ရုံမှူး၊ Yangon Crown သံမဏိစက်ရုံ)-ဒေါ်ခင်စုရီ၊ ဗိုလ်မှူးကြီးကျော်ဇေယျ(လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ တနင်္သာရီတိုင်း)-ဒေါ်တင်တင်စီတို့၏ကျေးဇူးရှင်မိခင်ကြီး၊ မောင်ရဲစစ်မင်း၊ မောင်စွမ်းထက်နိုင်၊ မောင်ဘုန်းသွင်ထက်၊ မအေးသီရိကျော်တို့၏အဘွားသည် ၃-၁-၂၀၁၉ (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၉ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး၊ ခုတင်-၁၀၀၀၊ ငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့)တွင် ရွှေပြည်သာမြို့နယ်၊ (၃၆)ရပ်ကွက်၊ ပြည်နဝဒေးလမ်း၊ အမှတ်(၁၂၂/၁)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဦးရှင်စိုင် (မြိတ်မြို့)**

**အသက်(၇၆)နှစ်**

ပြင်ဦးလွင်၊ ဆင်ဖြူရှင်ရိပ်သာနေ ဗိုလ်မှူးဘဝင်အေး-မဇင်လင်းမော်၊ မမျိုးမိမိမော်၊ မထက်ထက်လွင် တို့၏ ဖခင်၊ ဒေါ်ရီရီမြင့် ၏ ချစ်လှစွာသော ခင်ပွန်း၊ မြိတ်မြို့၊ ဆိပ်ငယ်ရပ်၊ ဗိုလ်ချုပ်လမ်းနေ (ဦးအင်ကြည်-ဒေါ်ထွန်းအင်)တို့၏ သား၊ ဒေါ်သင်းဝါ-(ဦးဘစိန်)၊ ဒေါ်ကြည်တင်-ဦးဘလွင်၊ ဒေါ်လှမေ-ဦးမောင်သောင်း၊ ဒေါ်သိန်းသိန်းရှင်-ဦးစန်းမောင်၊ ဒေါ်ဝင်းဝင်းအုန်း-ဦးတင်ဝင်းတို့၏မောင်၊ ဒေါ်ထွေးထွေးရီ-ဦးဘွန်ကြည်၊ (ဒေါ်မြင့်စီ)-ဦးမြင့်ဖေ၊ ဒေါ်ဂင်စီ-ဦးအောင်ကျော်ဦး တို့၏အစ်ကို ဦးရှင်စိုင်သည် ၃-၁-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၉ (စနေနေ့) ညနေ ၃ နာရီတွင် ပြည်သူ့ဆေးရုံမှ (၈)မိုင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

**အရာခံဗိုလ်ချစ်ဆွေ(ငြိမ်း)**

**(ရတခ)**

**အသက်(၆၅)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ ဝဲလောင်ရွာနေ (ဦးရန်မောင်-ဒေါ်နှင်းလှိုင်)တို့၏ သား၊ (ဒေါ်မြဝင်းရည်)၏ ခင်ပွန်း၊ မောင်ဇော်မျိုးဆွေ၊ မောင်ပြည့်စုံဆွေတို့၏ ဖခင် အရာခံဗိုလ်ချစ်ဆွေ(ငြိမ်း)(ရတခ)သည် ၂-၁-၂၀၁၉ ရက်နေ့တွင် နေပြည်တော်၌ ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၉ ရက်နေ့တွင် နေပြည်တော်၊ ကွေ့ကြီးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

**ဦးစံမိုဝေ အသက်(၆၀)**

**VOA Washington D.e (မြန်မာပိုင်း)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ်(၇၁)၊ သာသနာ့ရိပ်သာလမ်းနေ (ဦးစံဝေ-ဒေါ်ခင်လှ)တို့၏ သား၊ ဒေါက်တာထူးတင့်ဝေ-ကိုသန့်ဇင်၊ ကိုသန့်သုဝေ၊ Simon Sonmo Wai တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ (ဒေါ်စန္ဒာဦး)၊ ဒေါ်သိင်္ဂီထိုက် (VOA, USA)၏ ချစ်လှစွာသောခင်ပွန်း ဦးစံမိုဝေသည် ၁-၁-၂၀၁၉ (အင်္ဂါနေ့)တွင် အမေရိကန်ပြည်ထောင်စု၊ Mary Land ပြည်နယ်၊ Suburban ဆေးရုံ၌ ကွယ်လွန်သွားကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၇-၁-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အမှတ် (၇၁)၊ သာသနာ့ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ကိုတင်ထွန်းအောင်(ခ)အောင်ဘု**

**(BA - History)**

**အသက်(၃၉)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ အမှတ်(၁၈)၊ စံပယ်(၂)လမ်းနေ ဦးကြည်မောင်-ဒေါ်သန်းမူ တို့၏ သား၊ ကိုသန်းအောင်(EFR Group of Companies)၊ မသွယ်သွယ်ဦး (M.R.T.W Logistics)၊ ကိုထွန်းထွန်းစိုး ( B.T.M ဥသျှင်ပင်ဆီဆိုင်)-မအေးအေးဟန်တို့၏မောင်၊ မတင်မာလာ (ထခွဲလ-၁၆၊လှိုင်သာယာ)၏ အစ်ကို၊ တူနှစ်ယောက်တို့၏ဦးလေးသည် ၃-၁-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၃း၄၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၉(စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက်၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# ဝေန်တံတား(လေးမျက်နှာ) တည်ဆောက်မှု ပြီးစီး၊ ဖေဖော်ဝါရီလအတွင်း ဖွင့်လှစ်မည်

**ဟင်္သာတ ဇန်နဝါရီ ၃**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဒေသခံများ သွားလာရေးအဆင်ပြေ လွယ်ကူစေရန်နှင့် ကုန်စည်စီးဆင်းမှုများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဝေန်တံတား(လေးမျက်နှာ) တည်ဆောက်မှု ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်၍ ဖေဖော်ဝါရီလအတွင်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

အဆိုပါ ဝေန်တံတား(လေးမျက်နှာ)အား ဧရာဝတီတိုင်းဒေသကြီးရှိ ဟင်္သာတခရိုင် လေးမျက်နှာ-ခတ္တူ-ပန်းတောကြီးလမ်းပေါ်၌ တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ငွေကျပ် ၁၁ ဒသမ ၄၅ ဘီလီယံ အကုန်အကျခံကာ တည်ဆောက်ထားခြင်းဖြစ်သည်။ တံတားသစ်တည်ဆောက်ရေးလုပ်ငန်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန

**စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ❋**



ဖေဖော်ဝါရီလတွင် ဖွင့်လှစ်ရန်စီစဉ်ထားသည့် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်ရှိ ဝေန်တံတား(လေးမျက်နှာ)ကို တွေ့ရစဉ်။

# မြန်မာနှင့် ထိုင်း လက်ရွေးစင်အမျိုးသမီးအသင်း ခြေစမ်းပွဲကစားမည်

ရန်ကုန် ဇန်နဝါရီ ၃

**၂၀၂၀ တိုကျိုအိုလံပစ်ခြေစစ်ပွဲ ဒုတိယအဆင့်အတွက် လေ့ကျင့်နေသည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် ထိုင်းလက်ရွေးစင်အမျိုးသမီးအသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။**

စာမျက်နှာ ၁၃ ကော်လံ ၄ သို့ ❍



အိုလံပစ် ပထမအဆင့်ခြေစစ်ပွဲယှဉ်ပြိုင်ခဲ့သည့် မြန်မာအမျိုးသမီးအသင်း။

# အပူပိုင်းမုန်တိုင်းအရှိန်ကြောင့် မိုးရွာနိုင်

**နေပြည်တော် ဇန်နဝါရီ ၃**

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း "ပါဘက်" သည် ထိုင်းနိုင်ငံ နခွန်စီသမာရက်မြို့၏ အရှေ့တောင်ဘက် ၂၉၅ မိုင်ခန့်၊ မြန်မာနိုင်ငံ ကော့သောင်းမြို့၏ အရှေ့တောင်ဘက် မိုင် ၄၁၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ အပူပိုင်းမုန်တိုင်းသည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး ကုန်းတွင်းသို့ မြန်မာနိုင်ငံ ကော့သောင်းမြို့၏ တောင်ဘက်ရှိ နခွန်စီသမာရက်မြို့(ထိုင်းနိုင်ငံ) အနီးမှ ဖြတ်ကျော်ဝင်ရောက်ပြီး ကပ္ပလီပင်လယ်ပြင်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

**နေရာကွက်၍ မိုးကြီးနိုင်**

အဆိုပါ အပူပိုင်းမုန်တိုင်း၏အရှိန်ကြောင့် ဇန်နဝါရီ ၄ ရက်မှ ၇ ရက်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး အချို့သောနေရာများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

**လှိုင်းကြီးနိုင်**

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၆ ပေမှ ၉ ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

ကြေးမုံ

အချပ်ပို လေးမျက်နှာ ပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် လွှတ်လပ်ရေးနေ့ အထူးထုတ်အချပ်ပို လေးမျက်နှာ ပါရှိပါသည်။

APOLO®

စက္ကူ၊ စာအုပ်နှင့် စာရေးကိရိယာ အမျိုးမျိုး

အမြို့မြို့အနယ်နယ်ဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

Hot Line - 01 3684292

Facebook - www.facebook.com/apolostio

website - www.decolandgroup.com



ကြေးမုံ

၂၀၁၉ ခုနှစ်၊ (၇၁) နှစ်မြောက်

# လွတ်လပ်ရေးနေ့

အထူးထုတ်

ဇန်နဝါရီ ၄ ရက်၊ ၂၀၁၉ ခုနှစ် (သောကြာနေ့)



# မြန်မာ့လွတ်လပ်ရေး ရာဇဝင်မော်ကွန်း

ကောင်းချန်သိမ်း

## လွတ်လပ်ရေးကြိုးပမ်းမှု

မြန်မာတို့၏ ကံဇာတာသည် အတက်ဘက်မှာ ရှိနေသည်။ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်မှုဖြင့် တစ်နိုင်ငံလုံးစည်းရုံးပြီး အလွန်တက်ကြွနေသည်။ ဖက်ဆစ်တော်လှန်ရေး၊ ပြည်သူ့လွတ်လပ်ရေး(ဖ ဆ ပ လ) အဖွဲ့ကြီးသည် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်မှုဖြင့် စည်းလုံးကြံ့ခိုင်လျက်ရှိသည်။ အင်အားတောင့်တင်းလျက်ရှိသည်။ စစ်အတွင်းက မြည်းခဲ့ရသော မြန်မာပြည် လွတ်လပ်ရေးကို အပြည့်အဝခံစားလိုသည်။ ကျွန်ဘဝကို ပြန်မရောက်ချင်။ အားထားရသည့် အမျိုးသားခေါင်းဆောင်ရရှိထားသော မြန်မာပြည်သည် အရှုံးမပေးနိုင်ရမည်ဟူသည့် ဖွဲ့သတ္တိများ ပြည့်ဝလျက်ရှိသည်။

**ညီညာစွာချီတက်ခဲ့ကြ**

မြန်မာဟု ခြုံ၍ခေါ်ဆိုသော မြန်မာတိုင်းရင်းသားလူမျိုးအပေါင်းတို့သည် ရာဇဝင်တွင် မကြုံစဖူးစည်းလုံးလျက်ရှိသည်။ ရှမ်းတို့သည်လည်းကောင်း၊ ကချင်တို့သည်လည်းကောင်း၊ ချင်းတို့သည်လည်းကောင်း၊ ကရင်၊ ကယားတို့သည်လည်းကောင်း၊ မွန်၊ ရခိုင်တို့သည်လည်းကောင်း ကျဉ်းမြောင်းသော လူမျိုးရေးကိုမေ့၍ ကျယ်ပြန့်သော အမျိုးသားရေး၊ လွတ်လပ်ရေးကိုသာလျှင် အဓိကထားခဲ့ကြသည်။ တစ်နိုင်ငံလုံး၏ လွတ်လပ်ရေးကိုသာလျှင် မျှော်မှန်း၍ ညီညာစွာချီတက်ခဲ့ကြသည်။

**အုပ်ချုပ်ရေးကို လွှဲပြောင်းရယူ**

ဗြိတိသျှဗိုလ်ချုပ် ဆာဟူးဘတ်ရန့်(စ)က စစ်ပြီးသည့် ၁၉၄၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် စစ်အုပ်ချုပ်ရေးကို ရုပ်သိမ်းလိုက်သည်။ ထိုနေ့တွင်ပင် ကလီယိုပက်ထရာ သင်္ဘောဖြင့် ဘုရင်ခံ ဆာဒေါ်မန်စမစ် ရန်ကုန်မြို့သို့ရောက်ရှိပြီး အုပ်ချုပ်ရေးကို လွှဲပြောင်းရယူသည်။ စစ်အတွင်း၌ အိန္ဒိယပြည်၌ ခိုအောင်းခဲ့သော စစ်ပြေးဘုရင်ခံ ဆာဒေါ်မန်စမစ်သည် ရန်ကုန်မြို့ကို ပြန်လာပြီး ရှေးခေတ်ဟောင်းအောက်မေ့ဖွယ် ဥဒါန်း ကျူးရင့်လေသည်။ စစ်ပြီး၍ ပြာပုံဖြစ်နေသော မြန်မာပြည်ကို ပြန်လည်ထူထောင်ရမည်။ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို လုပ်ကိုင်နေသောကာလတွင် အုပ်ချုပ်မှု၊

အထူးထုတ် [ ၈ ] သို့ »»



ရန်ကုန်မြို့ ဆူးလေဘုရားအနီး ဖိုက်စကွဲယားခေါ်သော ယခု မဟာဗန္ဓုလပန်းခြံနေရာတွင် ပြည်သူလူထုတစ်ရပ်လုံးစုဝေး၍ လွတ်လပ်ရေးအတွက် ပါဝင်ဆင်နွှဲကြစဉ်။





အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံ၌ လွတ်လပ်ရေးအတွက် လူထုကိုစည်းရုံးဟောပြောခဲ့စဉ်။


ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗြိတိသျှဝန်ကြီးချုပ် မစ္စတာ အက်တလီတို့
၁၉၄၇ ခုနှစ် ဇန်နဝါရီလက လန်ဒန်မြို့၌ တွေ့ဆုံစဉ်။


ဗိုလ်ချုပ်အောင်ဆန်းသည် လွတ်လပ်ရေးအတွက် တောင်တန်းဒေသများသို့
သွားရောက်၍ လှည့်လည်ဟောပြောခဲ့စဉ်။

အထူးထုတ် [ ခ ] မှ »»

ဥပဒေပြုမှုအာဏာတို့ကို ဘုရင်ခံကသာ ထိန်းထားမည်။ အတိုင်ပင်ခံဝန်ကြီးများ၊ အမတ်မင်းများအား ဘုရင်ခံကိုယ်တိုင် ရွေးချယ်ခန့်ထားမည်။ ထိုသို့ဆောင်ရွက်သည်ကိုလည်း စိတ်မပျက်နှင့်။ လေးနှစ်တန်သည်၊ ငါးနှစ်တန်သည်သာဖြစ်သည်။ ၉၁ ဌာန အုပ်ချုပ်ရေး၊ ဒိုမီနီယံလွတ်လပ်ရေး၊ ဓန သဟာယအုပ်ချုပ်ရေး မကြာမီပေါ်ထွက်လာမည်။ ဗြိတိသျှဘုရင်ခံသည် စစ်ဘေးဒဏ်သင့်ခဲ့သော မြန်မာပြည်သူများကို ကရုဏာထားသယောင်ပြသသည်။

**သံပြိုင်ဟစ်ကြွေး**

သို့သော် မြန်မာပြည်သူတို့ကား အယုံအကြည်မရှိ။ နှစ်ပေါင်းတစ်ရာနယ်ချဲ့နှင့် ဆက်ဆံပြီးမှ သဘောထားအမှန်ကို နားလည်ကြသည်။ မိမိကိုယ်သာ ယုံကြည်ကိုးစားကြသည်။ နိုင်ငံကြီးတို့၏ စစ်ပွဲတွင် ပြာပုံဖြစ်ခဲ့ရသော နိုင်ငံကို မိမိတို့ကိုယ်တိုင် ပြန်လည်ထူထောင်မည်။ လွတ်လပ်ရေးကို အရယူမည်။ ထိန်းသိမ်းကာကွယ်မည်။ လေးနှစ်လည်း မစောင့်နိုင်၊ ငါးနှစ်လည်း မစောင့်နိုင်၊ လွတ်လပ်ရေးကို မျှော်တလင့်လင့်ဖြင့် အသနားခံရန်မဟုတ်တော့ပြီ။ လွတ်လပ်ရေးကို တစ်နှစ်အတွင်း အရယူမည်ဟု ဗိုလ်ချုပ်အောင်ဆန်းက ဆိုခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းက ညာသံပေးရာ မြန်မာတို့က ညီညာစွာဖြင့် တစ်နှစ်အတွင်း လွတ်လပ်ရေးသို့ ဟု သံပြိုင်ဟစ်ကြွေးကြသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာအမျိုးသားတို့၏ ဇွဲ၊ သတ္တိ၊ ဆန္ဒတို့ကို ပေါင်းစပ်၍ အသက်သွင်းထားသော ပုဂ္ဂိုလ်ကဲ့သို့ ဖြစ်သည်။ ဖဆပလသည်လည်း ထိုနည်းတူစွာပင်ဖြစ်သည်။ မြန်မာတို့သည် ဘာသာလူမျိုးမခွဲခြားဘဲ ညီညွတ်ခဲ့သည်။ ဘုရင်ခံ၏အာဏာကို အန်တုသည့်သဘောဖြင့် သပိတ်မှောက်ကြသည်။ အမှုထမ်းများ၊ အဖွဲ့အစည်းများအားလုံး သပိတ်မှောက်ကြသည်။ တစ်တိုင်းပြည်လုံးညီညာသောကြောင့် ဘုရင်ခံ၏ အာဏာမှာလည်း မတည်တော့ချေ။

သို့နှင့် တိုင်းပြည်၏ အာဏာမတည်တော့သော ဘုရင်ခံ ဆာဒေါ်မန်စမစ်သည် ဝမ်းနာရောဂါစွဲကပ်ပြီးလျှင် ဘိလပ်သို့ပြန်လေသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖဆပလအဖွဲ့ချုပ်ကြီးနှင့် သဘောချင်းမျှနိုင်သော ဗြိတိသျှဗိုလ်ချုပ်ဖြစ်ခဲ့သည့်ဘုရင်ခံ ဆာဟူးဘတ်ရန့်(စ)သည် ရန်ကုန်မြို့သို့ နောက်ဆုံးနန်းသိမ်းဘုရင်ကဲ့သို့ ရောက်လာသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖဆပလအဖွဲ့ချုပ်ကြီးက တစ်နှစ်အတွင်း လွတ်လပ်ရေးရအောင် ကြိုးပမ်းကြသည်။ ထိုကာလတွင် ကွန်မြူနစ်၊ ဆိုရှယ်လစ်၊ ကြားနေသူများဖြင့် ကွဲနေကြသည်မှာ မှန်သည်။ သို့ရာတွင် အမျိုးသားရေးတွင် မကွဲ၊ ဗိုလ်ချုပ်အောင်ဆန်းအပေါ်ထားသည့် သစ္စာမှာ မကွဲ။


၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့က ပင်လုံမြို့တွင် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်ပြီး တိုင်းရင်းသားခေါင်းဆောင်များပါဝင်သော ပင်လုံစာချုပ်လက်မှတ်ရေးထိုးစဉ်။


မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် အာဏာလွှဲပြောင်းပေးအပ်သော နု-အက်တလီစာချုပ်ကို မြန်မာနိုင်ငံ ယာယီအစိုးရဝန်ကြီးချုပ် သခင်နုနှင့် ဗြိတိသျှဝန်ကြီးချုပ် မစ္စတာ အက်တလီတို့ ၁၉၄၇ ခုနှစ် အောက်တိုဘာလ ၁၇ ရက်တွင် လန်ဒန်မြို့၌ လက်မှတ်ရေးထိုးကြစဉ်။

**ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာအမျိုးသားတို့၏ ဇွဲ၊ သတ္တိ၊ ဆန္ဒတို့ကိုပေါင်းစပ်၍ အသက်သွင်းထားသော ပုဂ္ဂိုလ်ကဲ့သို့ ဖြစ်သည်။ ဖဆပလသည်လည်း ထိုနည်းတူစွာပင်ဖြစ်သည်။ မြန်မာတို့သည် ဘာသာလူမျိုးမခွဲခြားဘဲ ညီညွတ်ခဲ့သည်။**

**လွတ်လပ်ရေးအတွက် အုတ်မြစ်ချနိုင်ခဲ့**

၁၉၄၆ ခုနှစ် ဒီဇင်ဘာလတွင် ဗြိတိသျှအစိုးရက မြန်မာကိုယ်စားလှယ်အဖွဲ့ကို လန်ဒန်သို့လာရောက်ဆွေးနွေးရန် ဖိတ်ခေါ်သည်။ ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် အိန္ဒိယနိုင်ငံသို့ထွက်ခွာသည်။ ဇန်နဝါရီလ ၁၃ ရက်နေ့တွင် လန်ဒန်မြို့ အမှတ် ၁၀ ဒေါင်းနင်းလမ်းတွင် ဆွေးနွေးပွဲများ စသည်။ ထိုအချိန်တွင် လူနည်းစုခေါင်းဆောင်အချို့ကို နယ်ခြားဒေသအုပ်ချုပ်ရေးဆိုင်ရာ အင်္ဂလိပ်အရာရှိအချို့က သိမ်းသွင်းရန် ကြိုးစားသေးသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို အတူဝင်ရောက်သည်ထက် ဗြိတိသျှတို့နှင့် ပေါင်းသည်က စိတ်ချရသည်ဟု ဝါဒဖြန့်သည်။ သို့သော် ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက် တနင်္လာနေ့တွင် ရာဇဝင်တွင်သော အောင်ဆန်း-အက်တလီစာချုပ်ဖြင့် မြန်မာပြည် လွတ်လပ်ရေးအတွက် အုတ်မြစ်ချနိုင်ခဲ့သည်။ အထူးထုတ် [ ဃ ] သို့ »»


ပထမအကြိမ် လွတ်လပ်ရေးနေ့ အခမ်းအနားအပြီးတွင် မြန်မာအစိုးရအဖွဲ့သစ် ကတိသစ္စာခံယူပွဲပြုလုပ်စဉ်။

အထူးထုတ် [ ၁ ] မှ »»

ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့ ရန်ကုန်မြို့သို့ ပြန်ရောက်လျှင် မနေမနား နိုင်ငံတစ်ဝန်းသို့ သွားရောက်၍ စည်းရုံးသည်။ တိုင်းရင်းသားများ စည်းလုံးကြဖို့၊ အတူတကွ ပြည်ထောင်စုကြီးကို ထူထောင်ကြဖို့ဟောပြောသည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလတွင် ရှမ်းပြည်နယ် ပင်လုံမြို့၌ ရှမ်း၊ ချင်း၊ ကချင် ကိုယ်စားလှယ်များ စုဝေးကြသည်။ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် လူမျိုး၊ ဘာသာမရွေး ညီညွတ်စွာ အချင်းချင်း အကျိုးပြုကြရန် ဗိုလ်ချုပ်အောင်ဆန်းက ဆိုသည်။ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ညီလာခံကိုယ်စားလှယ်များက ပြည်ထောင်စုမြန်မာနိုင်ငံကို ထူထောင်ကြမည်ဟု တညီတညွတ်တည်း ဆုံးဖြတ်ကာ ပင်လုံသဘောတူစာချုပ်ကို ချုပ်ဆိုကြသည်။ ပြည်ထောင်စုအုတ်မြစ်ကို ပန္နက်ချနိုင်ခဲ့သည်။

**ရွေးကောက်ပွဲများ ကျင်းပ**

၁၉၄၇ ခုနှစ် ဧပြီလ ၉ ရက်နေ့တွင် ရွေးကောက်ပွဲများ ကျင်းပသည်။ ဗိုလ်ချုပ်အောင်ဆန်းကို အကြွင်းမဲ့ယုံကြည်ကြသော ပြည်သူတို့က ဖဆပလကို အပြတ်အသတ် အနိုင်ပေး၍ ရွေးကောက်တင်မြှောက်လိုက်သည်။ မေလ ၂၃ ရက်နေ့တွင် ဂျူဗလီဟော၌ ပဏာမပြင်ဆင်မှုညီလာခံ ကျင်းပသည်။ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် ၂၀၀ ခန့်ဖြင့် ဥပဒေကြမ်း ရေးဆွဲကြသည်။ ဇွန်လတွင် တိုင်းပြည်ပြုလွှတ်တော်အစည်းအဝေး ကျင်းပသည်။ သခင်နုသည် လွှတ်တော်ဥက္ကဋ္ဌ ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းက ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံမူများကို ဇွန်လတွင် လွှတ်တော်သို့တင်သွင်းသည်။ တညီတညွတ်တည်း သဘောတူထောက်ခံကြသည်။ ဇွန်လ ၁၃ ရက်နေ့တွင် ရန်ကုန်မြို့ မြို့တော်ခန်းမဆောင်ထက်မှ "ဗမာပြည်လွတ်လပ်ရေးရတဲ့အခါ ပြန်လည်ထူထောင်ရေးစီမံကိန်းတွေကို နည်းအမျိုးမျိုးနဲ့လုပ်မှ ခပ်ရိုင်းရိုင်း ဗမာစကားပြောရရင် အတော့်ကိုပြဲအောင် ကြိုးစားလုပ်ကိုင်မှ အနှစ် ၂၀ လောက်ကြာရင် ဗမာပြည် တော်ရုံရောက်မယ်။ မလုပ်လို့ရှိရင် ယိုးဒယားတောင်မီမှာမဟုတ်ဘူး"ဟု ဗိုလ်ချုပ်အောင်ဆန်း နောက်ဆုံးစကားကို သတိပေးပြောကြားခဲ့သည်။ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့၌ မသမာသူလူသတ်သမားတစ်စု၏ လက်ချက်ကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အမျိုးသားခေါင်းဆောင်များ ကျဆုံးခဲ့ရသည်။ ထိုအချိန်မှစ၍ မြန်မာပြည်လည်း ရေတိမ်နစ်ခဲ့ရတော့သည်။

၁၉၄၇ ခုနှစ် အောက်တိုဘာလတွင် ဝန်ကြီးချုပ် သခင်နု လန်ဒန်သို့သွားရောက်၍ နု-အက်တလီစာချုပ် ချုပ်ဆိုခဲ့သည်။ ဘဏ္ဍာရေး၊ အုပ်ချုပ်ရေး သဘောတူညီချက်ရသည်။ ပြည်ထောင်စုအလံတော်ကို သဘောတူခဲ့ကြသည်။ နိုင်ငံတော်သီချင်းကို ရေးစပ်ကြသည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ နံနက် ၄ နာရီ မိနစ် ၂၀ အချိန်တွင် ရန်ကုန်မြို့နှင့် လန်ဒန်မြို့ တစ်ပြိုင်နက် လွတ်လပ်ရေး ကြေညာသည်။ ပြည်ထောင်စုမြန်မာနိုင်ငံ အလံတော်လွှင့်ထူပြီး ဗြိတိသျှအစိုးရ၏ ယူနီယံဂျက်အလံကို ချသည်။ မြန်မာရာဇဝင် သမိုင်းမော်ကွန်းတင်ခဲ့သည်။ နှစ်တစ်ရာကျော် ဗြိတိသျှယူနီယံဂျက်အလံအောက်မှ ပြည်ထောင်စုမြန်မာနိုင်ငံ အလံတော်အောက်သို့ ရောက်သည်။ လုံးဝလွတ်လပ်သော မြန်မာနိုင်ငံတော် ဖြစ်လာခဲ့သည်။

မြန်မာပြည်၏ နောက်ဆုံးဘုရင်ခံ ဆာဟူဘတ်ရန့်(စ)နှင့်ဇနီးတို့သည် အိမ်တော်မှ သင်္ဘောဆိပ်သို့ ဆင်းသည်။ နိုင်ငံတော်သမ္မတ၊ ဝန်ကြီးချုပ်နှင့်ဝန်ကြီးများကို နှုတ်ဆက်ကာ နံနက် ၈ နာရီ မိနစ် ၂၀ အချိန်တွင် ဘာမင်ဟန်သင်္ဘောပေါ်သို့တက်ကာ ထွက်ခွာသွားတော့သည်။


ဝဝဝ

**၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ နံနက် ၄ နာရီ မိနစ် ၂၀ အချိန်တွင် ရန်ကုန်မြို့နှင့် လန်ဒန်မြို့ တစ်ပြိုင်နက် လွတ်လပ်ရေး ကြေညာသည်။ ပြည်ထောင်စု မြန်မာနိုင်ငံအလံတော်လွှင့်ထူပြီး ဗြိတိသျှအစိုးရ၏ ယူနီယံဂျက် အလံကို ချသည်။ မြန်မာရာဇဝင် သမိုင်းမော်ကွန်းတင်ခဲ့သည်။ နှစ်တစ်ရာကျော် ဗြိတိသျှ ယူနီယံဂျက်အလံအောက်မှ ပြည်ထောင်စုမြန်မာနိုင်ငံ အလံတော်အောက်သို့ ရောက်သည်။ လုံးဝလွတ်လပ် သော မြန်မာနိုင်ငံတော် ဖြစ်လာခဲ့သည်။**



**ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကော်မတီ အစည်းအဝေးပြုလုပ်စဉ်။** [ဝဲမှယာ - ခေါင်းပေါင်းနှင့်ပုဂ္ဂိုလ်မှစ၍ (၁) ဒီးဒုတ်ဦးဘချို၊ (၂) ဆာမောင်ကြီး၊ (၃) ဦးချန်ထွန်း၊ (၄) ဗိုလ်ချုပ်အောင်ဆန်း၊ (၅) ဦးစိန် (လွှတ်တော်အတွင်းဝန်)၊ (၆) ဦးဖေခင်(ဆေးတံဖြင့်)]
**ဓာတ်ပုံ - မဟာသရေစည်သူ ဦးဖေခင်(နိုင်ငံ့ဂုဏ်ရည်ပထမဆင့်)၏ ကိုယ်တွေ့ပင်လုံစာအုပ်**






**ရန်ကုန်မြို့ လွတ်လပ်ရေးကျောက်တိုင်ရှိ လွတ်လပ်ရေးသစ္စာအဓိဋ္ဌာန် ကိုးချက်။**

